www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## သိုင်းလောကအငြိုးခံ
## မိုးပျံမြွေဒွေး

၁



www.burmeseclassic.com

BURMESE CLASSIC

## အခန်း(၁)
## သိုင်းပညာအမြုအမည်း

''ရွှစ်.....''

လေထုကို တစ်စုံတစ်ခုက ထိုးဖောက်သွားသည့်အသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အရှေ့ဘက်စောင်းစောင်းမှ ထွက်ပေါ်လာသည့်အသံဖြစ်၏။

ထိုတစ်စုံတစ်ခုသောအရာသည်ကား မြားတစ်ချောင်းဖြစ်၏။

လက်မောင်းအား အလွန်သန်သည့် လူတစ်ယောက်က လေးကိုင်းကောင်းကောင်းတွင် တင်လွှတ်လိုက်မှသာ ဤသို့သော လေတိုးသံမျိုး ဖြစ်ပေါ်နိုင်သည်။

ငှက်မွေးတပ်ထားသော မြားသည် လေထုကို ထိုးခွဲသွားပြီးနောက် ငှက်တစ်ကောင်၏ ဦးခေါင်းကို တည့်မတ်စွာ ထွင်းဖောက်သွားလေ၏။

မြားခသောငှက်သည် ချာလပတ်လည်၍ ကောင်းကင်ယံမှ ထိုးကျလာသည့် ထို့နောက် နှင်းဖုံးမြေပြင်ပေါ်သို့ ဘုတ်ခနဲ ကျလာ

www.burmeseclassic.com

www.burmeseclassic.com



လေတော့၏။

မြေပြင်မြေသားကို မမြင်ရတော့ပေ။

မြေပြင်တစ်ခုလုံးကို နှင်းများ ဖုံးလွှမ်းထားသဖြင့် ဖွေးဖွေးဖြူနေသည်။

ထိုဖွေးဖွေးဖြူနေသော နှင်းပြင်ပေါ်၌ မြင်းလေးစီး ဒုန်းစိုင်းပြေးလွှားနေသည်။

သို့သော်.....

မြားက လေကို ထိုးခွဲသည့်အသံကြားပြီးသည့်နောက်တွင်မူ မြင်းလေးစီးသည် ပြိုင်တူ တိုင်ပင်ထားကြသည့်အလား တန့်ခနဲ ရပ်သွားလေတော့၏။

မြင်းကြီးများသည် အလွန်တရာ ကြံ့ခိုင်တောင့်တင်းလှသဖြင့် မျိုးကောင်းမျိုးသန့် မြင်းကြီးများဖြစ်ကြောင်း သိသာသည်။

ထိုမျှ မကသေး။

မြင်းကြီးများ ရပ်တန့်ပုံမှာ သေသပ်လှသဖြင့် စနစ်တကျ လေ့ကျင့်ထားခဲ့သော မြင်းကြီးများဖြစ်ကြောင်း သိနိုင်သည်။

မြင်းစီးသမားလေးယောက်တို့သည် ကောင်းကင်မှ ပြုတ်ကျလာသည့်ငှက်ကို ပြိုင်တူ မော့ကြည့်နေကြသည်။

''ကောင်းလိုက်တဲ့ လေးသမား''

လေးယောက်စလုံး ပြိုင်တူ ချီးကျူးလိုက်သည်။

BURMESE CLASSIC .com

သူတို့သည် လေးပစ်သူကို လိုက်ရှာကြ၏။

သူတို့သည် ရှေ့ဘက် မလှမ်းမကမ်း တောင်စောင်းသို့ လှမ်းကြည့်သည်။

ထိုတောင်စောင်းအကွယ်မှ လေးပစ်သူ ထွက်ပေါ်လာလိုလားငြား၊ သို့သော် မည်သူမျှ ထွက်မလာချေ။



သူတို့လေးယောက်ထဲမှ ထက်မြက်ဟန်ရှိသော ပိန်ပိန်ရှည်ရှည် အဘိုးကြီးသည် မျက်မှောင်ကြုတ်ရင်း ထိုတောင်စောင်းဆီသို့ မြင်းကို ဒုန်းစီးသွားလေတော့၏။

ကျန်သုံးယောက်မှာ မနေသာတော့။

မြင်းဇက်ကို ပြန်ဖွင့်ပေးပြီး ထိုအဘိုးအိုနောက်သို့ လိုက်ကြရတော့သည်။

ဤသို့ဖြင့် တောင်စောင်းကို ဖြတ်ကျော်လာခဲ့ကြသည်။

ထိုအချိန်ကျမှ သူတို့ရှေ့ဘက် တစ်မိုင်ခန့်တွင် မြင်းငါးစီး ပြေးလွှားနေသည်ကို တွေ့ကြရတော့သည်။

မြင်းငါးစီး ကစုန်ဆိုင်း ပြေးလွှားနေကြသည်။

မြင်းခွာများ၏ ရိုက်ခွဲကန်ထုတ်မှုကြောင့် နှင်းခဲများ ဖွာခနဲဖွာခနဲ လွင့်စင်ထွက်ကုန်သည်။

ထိုမြင်းငါးစီးကို နောက်မှ မြင်းလေးစီးက အမီလိုက်နိုင်တော့မည် မဟုတ်ပါ။

မြင်းလေးစီးထဲမှ ရှေ့ဆုံးမှ စီးနင်းနေသည့် အဘိုးအို၏ ငွေရောင်မုတ်ဆိတ်သည် လေထဲ၌ လွင့်နေသည်။

နောက်ဘက်မှ ပုပုဝဝအဘိုးအိုက ပိန်ပိန်ရှည်ရှည် ငွေရောင်မုတ်ဆိတ်နှင့် အဘိုးအိုကို အမီလိုက်သည်။

ရှေ့၌ကြိုရောက်နေသည့် အဘိုးအိုက အရှိန်ကို လျှော့ရင်း နောက်မှ ပုပုဝဝအဘိုးအိုကို လှမ်းပြောသည်။

''ဒီလောက်မြင့်တဲ့ ကောင်းကင်ယံက ငှက်ကို တည့်တည့်မတ်မတ် ပစ်ချနိုင်တာကတော့ ပယောဂ ဆန်နေသလိုပဲ အောက်မေ့မိတယ် နောင်ကြီးယင်ကြည်.....''

နောင်ကြီးယင်ကြည် ဟု အခေါ်ခံရသည့် ပုပုဝဝအဘိုးအိုသည်

www.burmeseclassic.com

www.burmeseclassic.com



မှတ်ဆိတ်မွေးများ ရှိရုံသာမက ပါးသိုင်းမွေးများပင် ရှိနေသေး၏။

ကျားသစ်အရေခွံအင်္ကျီကို ဝတ်ဆင်ထားသည်။

သူက ဝိန့်ဝိန့်ရှည်ရှည် အဘိုးအိုကို ခေါင်းညိတ်ပြရုံသာပြုသည်။

ထို့နောက် သူမြင်းဖက်ကြီးကို ပြန်လှည့်ကာ ငှက်သေရှိရာသို့ ကစုန်ဆိုင်းပြန်လေတော့၏။

ကျန်လူများသည်လည်း ပုပုဝဝအဘိုးအို ယင်ကြည်၏ နောက်သို့ ပြန်လိုက်ကြရပြန်သည်။

ငှက်သေရှိရာသို့ ရောက်သောအခါ ယင်ကြည်သည် မြင်းကုန်းနှီးပေါ်မှ ကြာပွတ်ကို ဖြုတ်ယူလျက် လေထဲ၌ ရွမ်းခနဲ ရိုက်လိုက်သည်။

ကြာပွတ်အဖျားသည် လေထဲ၌ တန်းခနဲ ထွက်သွားပြီး ငှက်သေအား ရေဘဝဲ၏လက်တံဖြင့် ပတ်ယူလိုက်သလို ပတ်ယူပြီး ပြန်လည်ပြောက်တက်လာ၏။

ယင်ကြည်သည် ငှက်သေကို ဖတ်ခနဲ ဖမ်းယူလိုက်ပြီး ငှက်သေ၏ ဦးခေါင်း၌ စိုက်နေသည့် မြားတံကို ဆွဲထုတ်ယူလိုက်သည်။

အမွေးတပ်ထားသည်များကို သေချာစွာ စေ့ငုနေ၏။

''တောက်.....''

ကျယ်လောင်သော တောက်ခေါက်သံ ပေါ်လာသဖြင့် ကျန်သုံးဦးသည် အဘိုးအိုယင်ကြည်၏ ဘေးသို့ လျှင်မြန်စွာ တိုးကပ်သွား၏။

အဘိုးအိုယင်ကြည်သည် ဝိန့်ရှည်ရှည် အဘိုးအိုထံသို့ မြားတံကို ပစ်ပေးလိုက်၏။

''နောင်ကြီးယွမ်စစ်ကျူး၊ ကြည့်စမ်းပါဦးဗျာ''

ယွမ်စစ်ကျူးအမည်ရှိအဘိုးအိုသည် မြားတံကို စစ်ဆေးပြီး ကြည့်ရှုလိုက်၏။

ငှက်မွေးတပ်မြားတံသည် သွေးစများ ပေကျံနေသည်။

---



ယွမ်စစ်ကျူးက.....

''ကျုပ်တို့ ဆက်လိုက်ကြမယ်၊ မိနိုင်ပါတယ်ဗျာ''

အဘိုးအိုနှစ်ယောက်သည် ချက်ချင်းလိုလိုပင် မြင်းများကို ပြန်လှည့်ပြီး ပထမခရီးကြောင်းအတိုင်း ဒုန်းစိုင်းပြန်တော့၏။

နောက်မှ လူနှစ်ယောက်လည်း ချက်ချင်း လိုက်ကြရပြန်သည်။

သူတို့နောက်မှ လူနှစ်ယောက်မှာ လူလတ်ပိုင်း လူရွယ်နှစ်ယောက်သာ ဖြစ်ပါသည်။

တစ်ယောက်မှာ အရပ်အမောင်း အလုံးအထည် ကောင်းသူဖြစ်၍ ဟိတ်ဟန် ပိုကောင်း၏။

ကျန်တစ်ယောက်မှာမူ သာမန် ကိုယ်လုံးကိုယ်ပေါက်မျိုးသာ ရှိသည်။

မျက်နှာ အတော်လေး ဖြူသည်။

ထိုအချိန်ကာလကား တရုတ်ပြည်ကြီးကို မန်ချူးကေရာဇ် 'ကန်လုန်' စိုးမိုးအုပ်ချုပ်သောအချိန်ဖြစ်သည်။

ထိုအချိန်တွင် ကျန်းနန်းဒေသ၌ ပန်းပေါင်းဝေဆာ ဖူးပွင့်လျက် ရှိနေပြီး တိဘက်ဒေသ၏ 'ချန့်ပိုင်'တောင်ခြေတွင်မူ လုံးဝ အေးစိမ့်လျက် ရှိနေချေပြီ။

အရှေ့ဘက်မှနေဝန်းကို မြင်တွေ့နိုင်ငြားသော်လည်း နေ၏ အပူရှိန်အင်မှာ နှင်းထုကို မဖြိုခွဲနိုင်ဘဲ ဖြစ်နေသည်။

ထို့ကြောင့် တိဘက်ဒေသမှ လူများအဖို့ နေရောင်ခြည်သည် သူတို့အတွက် အနွေးဓာတ်မရဘဲ ဖြစ်နေပါသည်။

မြင်းစီးလာသူလေးယောက်အနက်မှ အရပ်ရှည်လွန်းပြီး ကောင်ကောင်မောင်းမောင်းရှိသည့်လူရွယ်က သူ၏နှင်းကာအင်္ကျီကို ချွတ်လိုက်သည်။

---

www.burmeseclassic.com

www.burmeseclassic.com



ထိုနှင်းကာအင်္ကျီကြီးကို သူ့ရှေ့ရှိ မြင်းကုန်းနှီးပေါ်၌ တင်ထားလိုက်၏။

သူ၏အနွေးထည်အင်္ကျီအောက်၌ အစိမ်းရောင် ပိုးအင်္ကျီကို တစွန်းတစ တွေ့မြင်ရသေးသည်။

ခါး၌ ဓားရှည်တစ်လက် ချိတ်ဆွဲထား၏။

သူ့မျက်နှာ၌ ဒေါသရောင် သန်းနေပြီး မြင်းကို တရကြမ်း ဒုန်းစိုင်း မောင်းနှင်နေ၏။

သူကား မည်သူနည်း။

သူသည် သာမန်လူ မဟုတ်ပါ။

'ထန်းလုံပေကျုံး' သိုင်းအဖွဲ့၏ ခေါင်းဆောင် ချောင်ယွင်ချီ ဖြစ်ပါ၏။

ဓားသိုင်းရော၊ လက်ဝါးသိုင်းပါ ညံ့လှသူ မဟုတ်ပါ။

သူ့လောက် အလုံးအရပ်မရှိသူ မျက်နှာဖြူဖြူနှင့် လူ၏အမည်မှာ ကျိုးယွင်ကန် ဖြစ်ပါ၏။

နဂါးပတ်ဓားပညာရှင် ကျိုးယွင်ကန် ဟုလည်းခေါ်ကြသည်။

သူ၏ ဓားကွက်များမှာ အခြားသူနှင့် မတူ၊ တစ်မူဆန်းသူ ဖြစ်ပါသည်။

ပိန်ပိန်ရှည်ရှည်အဘိုးအို ယွမ်စစ်ကျုံးသည် သူတို့သိုင်းအဖွဲ့၏ အဖွဲ့တူဦးလေးဖြစ်သည်။

သိုင်းလောက၌ 'ခုနစ်စင်ကြယ် ယွမ်စစ်ကျုံး'ဟု ကျော်ကြား ထင်ရှားသူဖြစ်သည်။

ပုပုဝဝအဘိုးအိုယာင်ကြည်ကား သိုင်းသမားတစ်ဦးထက် သူဌေးတစ်ဦးပုံ ပေါက်နေသည်။

ထိုအဘိုးအိုကား 'ထန်းလုံနှန်းကျုံး' သိုင်းအဖွဲ့၏ ခေါင်းဆောင်

---



အဖြစ် သိုင်းလောက၌ ထင်ရှားသည်။

သူသည် 'ထန်းလုံပေကျုံး' သိုင်းအဖွဲ့၏ ဖိတ်ခေါ်ချက်ဖြင့် ဤဒေသသို့ ရောက်ရှိလာခြင်းဖြစ်သည်။

သူသည် ဤဒေသမှ မိုင်ပေါင်းများစွာ ကွာဝေးလှသော တောင်ပိုင်းဒေသမှ လာခဲ့ရသူ ဖြစ်ပေသည်။

သူတို့လေးယောက်သည် တိဘက်ဒေသမှ အထူးလေ့ကျင့်ထားသည့် မြင်းကြီးလေးကောင်ကို စီး၍ ခရီးကြမ်းနှင်လာကြ၏။

လေးမိုင်ခန့်ခရီးကို မနားတမ်း စီးနှင်းလာကြ၏။

တရကြမ်း စီးနှင်းလာခြင်းကြောင့် ရှေ့အဝေးဆီမှ မြင်းငါးစီးကို မှုန်ပျပျ လှမ်းမြင်လာကြရတော့သည်။

ချောင်ယွင်ချီက အတွင်းအားထုတ်၍ အော်လိုက်၏။

"ဟေ့.....ရောင်းရင်းတို့.....ခဏလောက် ရပ်စောင့်ကြပါဦး"

ရှေ့မှ မြင်းငါးစီးသည် သူတို့ လေးဦးကို လုံးဝ ဂရုမစိုက်ဘဲ ပို၍ပင် လျင်မြန်အောင် စီးနှင်းသွားကြသည်။

ထို့ကြောင့် နောက်မှ မြင်းလေးစီးသည် ပို၍ အားသွန်ခွန်စိုက် စီးနှင်းကြရပြန်တော့သည်။

ထို့ကြောင့် မြင်းလေးစီးသည် တဖြည်းဖြည်း နီးလာ၏။ ရှေ့မှ မြင်းငါးစီးကို သဲသဲကွဲကွဲ မြင်လာကြရ၏။

ချောင်ယွင်ချီမှာ ဒေါသ ထွက်လာချေပြီ။

အတွင်းအားကို ပိုမိုထုတ်၍ ထက်မံ အော်လိုက်ပြန်သည်။

"ကျုပ်တို့က ရပ်ဆိုရင် ရပ်နော်၊ မရပ်ရင်တော့ မလွယ်ဘူး။ နောက်တော့မှ ကျုပ်တို့ကို အဆိုး မဆိုနဲ့နော်"

တစ်ကြိမ်အော်ဟစ်လိုက်သည့်အခါ ရှေ့မြင်းငါးစီးဆီမှ ထူးခြားမှုကို တွေ့လိုက်ရသည်။

---

www.burmeseclassic.com

www.burmeseclassic.com



မြင်းတစ်စီးသည် ရုတ်တရက် နောက်ချန်ပြီး သူတို့ဘက်သို့ ဦးလှည့်ထားကြောင်း တွေ့ရသည်။

ကျန်မြင်းလေးစီးကမူ ပြေးမြဲအတိုင်း ဆက်လက်ပြေးလွှားနေသည်။

နောက်မှ မြင်းလေးစီးသည် ထိုအဓိပ္ပာယ်ကို နားမလည်ကြချေ။ တဟုန်ထိုး ရှေ့သို့သာ မောင်းနှင်စီးနင်းကြတော့သည်။

ချောင်ယွင်ချီသည် ရှေ့ဆုံးမှ စီးနင်းသွား၏။

လူလုံး သဲကွဲလောက်သည့် အကွာအဝေးသို့ရောက်သောအခါ ရှေ့မြင်းငါးစီး၏ နောက်ချန်မြင်းတစ်စီးပေါ်မှ လူရွယ်သည် သူတို့ဘက်သို့ လေးကိုင်းဖြင့် ချိန်ရွယ်ထားကြောင်း တွေ့ရှိရလေ၏။

နောက်မှ မြင်းလေးစီးသည် ရှေ့မှ လေးကိုင်းဖြင့် ချိန်ရွယ်ထားသည်ကို ဂရုမစိုက်ကြပါ။

ချောင်ယွင်ချီသည် လေးကိုင်းဖြင့် ချိန်ရွယ်ခံထားရသည့် ပစ်မှတ် ဖြစ်ပါသည်။

သူသည် သိုင်းပညာကောင်းသူဖြစ်၍ လေးကိုင်းဖြင့် ချိန်ရွယ်ထားခြင်းအတွက် မည်သို့မျှ စိုးရိမ်ကြောင့်ကြမှု မရှိဘဲ ဖြစ်နေပါသည်။

ချောင်ယွင်ချီသည် ကြာပွတ်ကို ဝှေ့ယမ်းလျက် အော်၏။

''ရှေ့က နောင်ကြီး''

သူ့စကားမဆုံးမီ ရှေ့မြင်းပေါ်မှလူက ဖြတ်၍ အော်လိုက်၏။

''ကျုပ်မြားကိုပဲ ကြည့်ချို့''

''ရွှစ်.....ရွှစ်.....ရွှစ်''

မြားသုံးစင်းသည် လေထုကို ထိုးခွဲဖြတ်သန်းလျက် ပိတုန်းကောင်များလို အော်မြည်ကာ ချောင်ယွင်ချီဆီသို့ ပြေးလာ၏။

ထိုသို့ မြားပစ်လွှတ်လိုက်သည့်လူငယ်၏ ဥပဓိရုပ်မှာ အတော်



ကလေး ကောင်းသည်။

မျက်လုံးမျက်ဖန် ကောင်း၏။

အသက်မှာ နှစ်ဆယ့်လေးနှစ်ခန့်သာ ရှိမည်။

နှင်းကာ ကိုယ်ကျပ်အင်္ကျီကိုလည်း ဝတ်ဆင်ထားသည်။

ထိုလူရွယ် ပစ်လွှတ်လိုက်သည့် မြားသုံးစင်းသည် တစ်နေရာတည်းသို့၊ ပစ်မှတ်တစ်ခုတည်းသို့လာသည့်မြားတံများ မဟုတ်ချေ။

မြားသုံးစင်းသည် ထက်၊ လယ်၊ အောက် အနေအထားသုံးမျိုးဖြင့် ချောင်ယွင်ချီထံသို့ ပြေးလာခြင်းဖြစ်သည်။

ချောင်ယွင်ချီသည် ထက်၊ လယ် မြားနှစ်စင်းကို မြင်းကြာပွတ်ဖြင့် ရိုက်ထုတ်နိုင်သော်လည်း အောက်ဆုံးမှ မြားကို လုံးဝရိုက်မထုတ်နိုင်ဘဲ ရှိလေ၏။

သို့သော် သူ ကံကောင်းသွားပါသည်။ အောက်ဆုံးမြားတံသည် မြင်း၏ဝမ်းဗိုက် ခြေလေးချောင်းအတွင်းမှ ဖြတ်သန်းသွားသည်။

''ဟားဟားဟားဟား''

မြားပစ်သည့်လူငယ်သည် အားရပါးရ အော်ဟစ်ရယ်မောလျက် သူ့မြင်းဇက်ကို ပြန်လှည့်လိုက်သည်။

ထို့နောက် သူ့လူများ စိုင်းနှင်သွားသည့်ဘက်သို့ တဟုန်ထိုး မောင်းနှင် လိုက်သွားလေတော့၏။

ချောင်ယွင်ချီမှာ မျက်နှာကြီးတစ်ခုလုံး ညိုပုပ်သွားသည်။

သူသည် သူ့မြင်းကို ပြေးနိုင်သည့်စွမ်းအင်ထက် ဆယ်ဆပိုအောင် ပြေးစေချင်တော့သည်။

သို့မှသာ သူ့အား လှောင်ပြောင်သရော်သွားသည့် လူငယ်အား အမီလိုက်နိုင်မည် မဟုတ်ပါလော။

သူသည် မြင်းဇက်ကြိုးကို လွှပ်ခါလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အမီလိုက်တော့မည်။

သို့သော် သူ့နောက်တက်မှ အော်သံသည် သူ့နားထဲသို့ လုံးခနဲ ခဲခနဲ ဝင်လာ၏။

''မလိုက်နဲ့ ချောင်ယွင်ချို၊ သည်းခံလိုက်ဦး။ သူ မိုးပေါ်ကို ငှက်လို ပျံမပြေးနိုင်ပါဘူး''

ချောင်ယွင်ချို၏အနီးသို့ မြင်းသုံးစီး ရောက်ရှိလာကြသည်။ အဘိုးအိုယင်ကြည့်၏လက်ထဲ၌ မြားသုံးစင်း ပါလာ၏။

ချောင်ယွင်ချိုသည် မြားတံများကို မြင်ပြီးနောက် မျက်မှောင်ကြုတ်သွား၏။

''ဟင်း.....ဒီကောင်ပဲ၊ စောစောက မြားတံအတိုင်းပဲ မဟုတ်လား''

ချောင်ယွင်ချိုထံမှ စက်ဆုတ်မုန်းတီးစွာ ပြောလိုက်သံသည် ပတ်ဝန်းကျင်သို့ ပျံ့လွင့်ထွက်သွား၏။

အဘိုးအိုယင်ကြည့်က ခပ်အေးအေး ပြောသည်။

''ဒီကောင့်ကို ခဏလေး ဖယ်ထားပါဦးလေ၊ တူမလေးကို စောင့်ကြပါဦး''

အားလုံး သဘောတူဟန်ဖြင့် မြင်းများပေါ်မှ ဆင်းလိုက်ကြသည်။

သူတို့သည် ထမင်းအိုးတစ်လုံးကျက်ခန့်အထိ စောင့်ဆိုင်းကြသော်လည်း နောက်တက်မှ မြင်းခွာသံကို လုံးဝ မကြားရဘဲ ရှိနေလေ၏။

ချောင်ယွင်ချိုက မြင်းပေါ် ခုန်တက်လိုက်ပြီး–

''ကျွန်တော် သွားကြည့်ဦးမယ်''

ချောင်ယွင်ချိုသည် သူ့မြင်းကြီးကို နောက်ကြောင်းပြန် ခရီးနှင်သွားတော့သည်။

---



အဘိုးအိုယွမ်စစ်ကျုံးသည် တဖြည်းဖြည်း ဝေးသွားသော ချောင်ယွင်ချို၏ကျောပြင်ကို ငေးကြည့်၍ သက်ပြင်းချလိုက်သည်။

''အင်း.....သူ့အပြစ်ပြောဖို့ကျတော့လည်း အခက်သားပဲဗျ''

အဘိုးအိုယင်ကြည့်က ခေါင်းညိတ်၏။

''အင်း.....ဟုတ်တယ်ဗျ''

အဘိုးအိုနှစ်ယောက် သက်ပြင်းချ စကားပြောနေခိုက်တွင် ချောင်ယွင်ချိုသည် ခရီးအတော်ပေါက်အောင် မြင်းကို စိုင်းနှင်လျက် ရှိနေလေပြီ။

သူ တစ်မိုင်ခန့် စိုင်းနှင်ပြီးနောက် နှင်းပွင့် ဖွေးဖွေးဖြူနေသော မြေပြင်ပေါ်၌ တစ်စုံတစ်ခုကို ရှာဖွေနေသည့် မိန်းကလေးတစ်ယောက်ကို တွေ့မြင်လိုက်ရတော့သည့် သူမ၏ဘေး၌ မြင်းဖြူကြီးတစ်စီး ရှိနေ၏။

သူမသည် မည်သည့်အရာကိုရှာဖွေနေမှန်း ချောင်ယွင်ချိုလည်း မသိနိုင်ခဲ့ပါ။

''ညီမလေး၊ ဘာတွေ ရှာနေတာလဲ''

မိန်းကလေးသည် ချောင်ယွင်ချို၏အသံကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် ရုတ်တရက် ထရပ်လိုက်၏။

သူမ၏လက်ထဲ၌ ရွှေ ဟု ထင်ရသော ဝင်းဝင်းဝါဝါ ပစ္စည်း တစ်ခုကို တွေ့မြင်လိုက်ရ၏။

ချောင်ယွင်ချိုက သူ့မြင်းကို မိန်းကလေးအနီး၌ ရပ်လိုက်သည်။ မိန်းကလေးရှေ့၌ သူ့လက်ကို ဖြန့်လိုက်သည်။

မိန်းကလေးက သူ့ လက်ထဲသို့ ရွှေရောင်ကလောင်တံလေး တစ်ချောင်း ထည့်ပေးလိုက်၏။

ကလောင်တံလေးသည် သုံးလက်မခန့် ရှည်လျားပြီး အသွားမှာ ချွန်မြနေသည်။

---

www.burmeseclassic.com

www.burmeseclassic.com



''ဘယ်က ရတာလဲ''

ချောင်ပယ္ပင်ချိုက မျက်မှောင်ကြုတ်၍ မေးလိုက်၏။

သူသည် ကလောင်တံကလေးနှင့် ပတ်သက်သည့်အဖြေကို ငံ့လင့်နေမိသည်။

သို့သော် မိန်းကလေး ပြန်ပြောသည့်စကားကမူ သူ့မေးခွန်းနှင့် တစ်ခြားစီဖြစ်နေ၏။

''သွားနှင့်ကြလေ၊ ကျွန်မ လိုက်လာခဲ့မှာပေါ့''

''မဟုတ်ဘူး။ အစ်ကို မေးနေတာက ဒီကလောင်တံကလေး ဘယ်က ရသလဲ ဆိုတာကိုပါ''

မိန်းကလေးမှာ စိတ်ပျက်သွားသလို ဖြစ်သွား၏။

သို့သော်.....

သူမက ချောင်ပယ္ပင်ချို လိုချင်သောအဖြေကို ပေးလိုက်ပါသည်။

''ကျွန်မ ဒီနားရောက်လာတော့ မြင်းခွာသံတွေ ကြားရတယ်၊ ဒီမြင်းစီးသမားတွေဟာ ကျွန်မနဲ့ ခပ်လှမ်းလှမ်းက ဖြတ်သွားကြတယ်၊ အဲဒီထဲက မြင်းစီးသမားတစ်ယောက်က ကျွန်မကို လက်နက်ပုန်းတစ်ခုနဲ့ လှမ်းပစ်လိုက်တယ်''

သူမသည် နောက်ဆုံးစကားကို ဆက်မပြောနိုင်တော့ချေ။

ရှက်ကိုးရှက်ကန်း ဖြစ်နေသည်။

ဖြူဖွေးသောမျက်နှာ၌ ပန်းသွေးရောင် သမ်းနေခြင်းက သူမ ရှက်နေခြင်းကို ဖော်ပြနေသည်။

ချောင်ပယ္ပင်ချိုက–

''အဲဒီကောင်ကို အစ်ကို လိုက်ရှာနေတယ်၊ အဲဒါ ညီမ မသိဘူးလား''

''အဲဒါ ဘယ်သူလဲ''

---



''ညီမလေး တကယ် မသိဘူးလား''

''ကျွန်မက ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ''

''မညာပါနဲ့ ညီမလေးရယ်၊ ငါ ရှာနေတာ ညီမလေးရဲ့ နှလုံးသားထဲကလူကို လိုက်ရှာနေတယ်ဆိုတာ ညီမလေး သိပါတယ်''

ချောင်ပယ္ပင်ချိုက မသက်မသာသော မျက်နှာကြီးနှင့် ပြောနေ၏။

မိန်းကလေးက ပြုံးပြုံးကလေး ပြောလေ၏။

''ဪ.....ရှင်က 'ထောင်ကြည်အန်း'ကို ပြောတာကိုး''

''အေး.....ဟုတ်တယ်၊ သူပဲ''

''သူ ဘာဖြစ်သလဲရှင်၊ သူက ကျွန်မရဲ့ခင်ပွန်းလောင်းပဲ''

ချောင်ပယ္ပင်ချိုမှာ ဒေါသထွက်သွားသည်။

ဓားအိမ်ထဲမှ ဓားကို ဆွဲထုတ်လိုက်သည်။

မိန်းကလေးသည် ချောင်ပယ္ပင်ချို၏အပြုအမူကို တွေ့သောအခါ ကြောက်ရွံ့သွားခြင်း မရှိသည့်အပြင် ရွှေ့သို့ ရဲဝံ့စွာ တိုးလာလေ၏။

''ရှင်.....ရှင် သတ္တိရှိလား။ သတ္တိရှိရင် ကျွန်မကို သတ်လိုက်စမ်းပါ''

ချောင်ပယ္ပင်ချိုသည် အံကြိတ်လျက် သူမကို စိုက်ကြည့်နေ၏။

အတန်ကြာသော်.....

သူ၏ဒေါသများ တဖြည်းဖြည်း ပျောက်သွား၏။

''တော်ပါပြီ၊ တော်လောက်ပါပြီကွယ်''

သူသည် ကြေကွဲစွာ အော်ဟစ်ရင်း ဓားဦးကို သူ့ဘက်သို့ ပြန်လှည့်ရင်း ရင်ဝသို့ ထိုးချလိုက်၏။

ထိုစဉ်.....

''ချွမ်း''

သံထည်ချင်း ထိသည့်အသံ မြည်ဟည်းထွက်ပေါ်လာ၏။

---

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် အလွန်တရာ မြန်ဆန်သော လှုပ်ရှားမှုကို ပြုလုပ် ခဲ့သည်။

သူ၏ခါးရှည်ကို ထုတ်၍ ချောင်ပယ္ပင်ချို၏ခါးကို ထိုးကော် ပစ်လိုက်ရာ သံထည်ချင်း ထိရာမှ မီးပွင့်ကလေးများပင် လွင့်စင်သွား ခဲ့ရသည်။

ချောင်ပယ္ပင်ချိုက ရင်နာစွာ ပြောသည်။

''ညီမလေး။ မင်း.....မင်းက အစ်ကို့အတွက်မှ လုံးဝ ထည့် မစဉ်းစားဘဲကိုး။ အစ်ကို့ကို မချစ်ဘဲ ဘာဖြစ်လို့ သေခွင့် မပေးရ တာလဲကွယ်၊ ဒီလောကကြီးထဲမှာ အစ်ကို ဝေဒနာ ခံစားနေရတာကိုပဲ ကြည့်နေချင်လို့လား''

မိန်းကလေးသည် ခေါင်းငုံ့ရင်း သူမ၏ခါးကို ဓားအိမ်အတွင်း သို့ ဖြည်းညင်းစွာ ပြန်ထည့်နေသည်။

ထို့နောက် လေသံတိုးတိုးဖြင့် တစ်လုံးချင်း ပြောနေ၏။

''ဒါ.....ဒါ.....ဒါကို ရှင် သိပါတယ်လေ၊ ဖေဖေက ကျွန်မကို သူနဲ့ သဘောတူထားတာပဲ၊ ကျွန်မမှာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကော ရှိလို့လား''

ချောင်ပယ္ပင်ချိုက–

''ဒါတွေ အကြောင်းမဟုတ်ပါဘူး ညီမလေးရယ်၊ ကျုပ်ကတော့ ညီမလေးနဲ့အတူတူ မိုးမြေအနှံ့ လျှောက်သွားနေရမယ်ဆိုရင် သေပျော်ပါ ပြီ၊ ညီမလေးကကော ဒီလို မနေချင်ဘူးလားဟင်''

မိန်းကလေးက သက်ပြင်းရှည်ကြီး ချလိုက်သည်။

''ဟင်း.....ကျွန်မအပေါ်မှာ အစ်ကို တစ်ဖက်သတ်ချစ်နေတာ ကျွန်မ သိပါတယ်ရှင်၊ ရှင့်အတွက် လုံးဝ မစဉ်းစားဘူးဆိုတာ မဟုတ်ပါ ဘူး။ ဒါပေမဲ့ ရှင်ဟာ ကျွန်မတို့ ထန်းလုံပေကျူးအဖွဲ့ရဲ့ ခေါင်းဆောင်



ချုပ်ကြီး ဖြစ်နေတာကိုလဲ ထည့်စဉ်းစားရပါသေးတယ်ရှင်၊ ကျွန်မ အတွက်နဲ့ ရှင် အရှက်ရရင် ထန်းလုံပေကျူးအဖွဲ့ကြီးဟာ သိုင်းလောက ထဲမှာ အရှက်ရတာပါပဲ၊ ဂုဏ်သိက္ခာလဲ ဘယ်ရှိတော့မလဲရှင့်''

ချောင်ပယ္ပင်ချိုမှာ ဦးနှောက်ကို ဦးစားမပေး၊ နှလုံးသားကိုသာ ဦးစားပေးသူဖြစ်၏။

အချစ်သည်သာ ကိုးကွယ်ရာဆိုသည့်လူစားမျိုး ဖြစ်ပါ၏။

သူပြောသည့်စကားများက သူ့ဝမ်းတွင်းပါ နှလုံးသားကို ဖော်ပြနေပါသည်။

''ညီမလေး..... ငါကတော့ ဘာကိုမှ အရေးမစိုက်ဘူး။ မင်း အတွက် ဘာကိုပဲ ဆောင်ရွက်ပေးရ၊ ဆောက်ရွက်ပေးရ ဆောင်ရွက် ပေးမယ်၊ ကောင်းကင်ကြီးကိုပဲ ဦးခေါင်းနဲ့ ပြေးတိုက်ရမလား။ ကောင်း ကင်ကြီး ပြိုကျတာကိုပဲ ကျုပ် ခေါင်းတစ်လုံးထဲနဲ့ ခံထားရမလား၊ ခေါင်းဆောင်ချုပ်ကြီး ဖြစ်တာ၊ မဖြစ်တာတွေကို ကျုပ် လုံးဝ ဂရုမစိုက် ဘူးကွာ''

ချောင်ပယ္ပင်ချို၏ ရူးရူးမိုက်မိုက်စကားကို ကြားလိုက်ရသောအခါ မိန်းကလေးသည် ပြုံးချိုလာ၏။

သူ၏လက်တစ်ဘက်ကို အသာအယာ ဆုပ်ကိုင်ပြီး ပျောင်းဖျ စကားဆိုသည်။

''ကျွန်မ အစ်ကိုဒေါသကြီးတာကို မကြိုက်ပါဘူးရှင်၊ ကျွန်မ အတွက် ဘာမဆို စွန့်လွှတ်တယ်ဆိုတာမျိုးကို ပိုလို့တောင် မကြိုက် သေးပါဘူးရှင်''

သူမ၏စကားများက အလွန်တရာ ချိုသာလှသည်။

ထိုစကားသံကို ကြားပြီးသည်နှင့် ချောင်ပယ္ပင်ချို၏ဒေါသများမှာ အစအန ရှာမရအောင် ပျောက်ကွယ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး သက်ပြင်းချ၍ ဖြည်းညင်းစွာ စကားပြောသည်။

''ညီမလေးရယ်၊ ဘာဖြစ်လို့ သူ တိတ်တိတ်လေး ပေးခဲ့တဲ့ လက်ဆောင်ကို သိမ်းဆည်းထားရတာလဲကွယ်''

မိန်းကလေးက ခပ်ပြတ်ပြတ် ပြန်မေး၏။

''ရှင် ဘယ်သူ့ကို ပြောနေတာလဲ၊ သူ လာတာကို ကျွန်မ မတွေ့ပါဘူး။ ရှင်ပြောနေတာကို ကျွန်မ အဓိပ္ပာယ် မပေါက်ဘူး''

ချောင်ပယ္ပင်ချိုက ကလောင်တံလေးကိုင်၍ သက်သေပြလေ၏။

''ညီမလေး။ ဘာဖြစ်လို့ ညာနေရတာလဲ၊ ဟောဒီကလောင်တံလေးမှာ သူ့နာမည် ထိုးမထားဘူးလား''

မိန်းကလေးက–

''ရှင် ကျွန်မကို သိပ်ချစ်တယ်ဆိုရင်လဲ အသေးအဖွဲကလေးတွေကို အပြစ် မြင်မနေပါနဲ့တော့ရှင်၊ မဟုတ်ဘူးလား''

သူမသည် သူမ၏ မြင်းဖြူကြီးပေါ်သို့ ဖျတ်ခနဲ ခုန်တက်လိုက်သည်။

ကြာပွတ်ဖြင့် ရွှမ်းခနဲ ရိုက်လိုက်သောအခါ မြင်းဖြူကြီးသည် တဟုန်ထိုး ထွက်ခွာသွားတော့သည်။

ချောင်ပယ္ပင်ချိုမှာ သူတစ်ကိုယ်တည်း ရပ်မနေနိုင်ပါ။

မိန်းကလေး နောက်သို့ လျင်မြန်စွာ လိုက်ရတော့သည်။

မကြာမီအချိန်အတွင်းမှာပင် သူ့မြင်းကြီးသည် မြင်းဖြူကြီးနှင့် ရင်ပေါင်တန်း ယှဉ်မိသွားလေတော့၏။

သူသည် မိန်းကလေး၏မြင်းဇက်ကြိုးကို ဖျတ်ခနဲ လှမ်းဆွဲယူလိုက်သည်။

''အစ်ကိုပြောတာ နားထောင်ပါဦး ညီမလေး''

ချောင်ပယ္ပင်ချို၏လက်များသည် အလွန်တရာ မြဲမြံလှသည်။

---



မိန်းကလေး၏ မြင်းဇက်ကြိုးကို လုံးဝ လွှတ်မပေးဘဲ ကိုင်ထားသည်။

''ရွှမ်း''

မိန်းကလေး၏လက်ထဲမှ မြင်းရိုက်ကြာပွတ်သည် ချောင်ပယ္ပင်ချို၏ လက်ပေါ်သို့ ကျရောက်သွား၏။

''ရှင် လက်ကို လွှတ်လိုက်ပါ၊ လူမြင်လို့ မသင့်တော်ဘူးရှင့်'' ဒီနားမှာ ဘယ်သူမှ မရှိပါဘူး''

''မလိုချင်ဘူး၊ ဘယ်သူရှိရှိ မရှိရှိ''

ချောင်ပယ္ပင်ချို၏လက်ခုံပေါ်၌ သွေးစို့သော ကြာပွတ်ရာကြီး ပေါ်လာသည်။

မိန်းကလေးသည် ထိုဒဏ်ရာကို မြင်သောအခါ ချောင်ပယ္ပင်ချို အပေါ်၌ သနားစိတ် ဝင်လာသည်။

''ရှင် ဘာကြောင့် ကိုယ့်ကိုယ်ကို စိတ်ဒုက္ခခံနေရတာလဲရှင်''

ချောင်ပယ္ပင်ချိုက စိတ်ပျက်လက်ပျက် ပြောလေ၏။

''ဟုတ်တယ်၊ အစ်ကိုကိုက မကောင်းတာပါကွာ၊ ညီမလေး ထပ်ရိုက်ချင်သေးတယ်ဆိုရင်လဲ ထပ်ရိုက်ပါဦး''

မိန်းကလေးက ချစ်စဖွယ်ပြုံးလိုက်ပြီး–

''ကျွန်မရဲ့လက်တွေ သိပ်ညောင်းနေပါပြီရှင်၊ မရိုက်နိုင်တော့ပါဘူးတဲ့ရှင်''

ချောင်ပယ္ပင်ချိုသည် မိန်းကလေး၏ ပျော့ပျောင်းကြည်သာသော စကားကို ကြားသောအခါ အားတက်လာသည်။

''ဒီလိုဆိုရင် ညီမလေးရဲ့ လက်မောင်းကလေးတွေကို နှိပ်ပေးရမလား''

''ရွှမ်း.....''

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး၏ကြာပွတ်သံ မြည်ဟည်းသွားပြန်၏။

သည့်တစ်ကြိမ်ရိုက်သောပစ်မှတ်မှာ လက်မဟုတ်ပေ။

ဦးခေါင်းဆီသို့ ဖြစ်၏။

ချောင်ယွင်ချီသည် ရိုက်ချက်ကို ရှောင်တိမ်းလိုက်၏။

"ညီမလေး။ ဘာဖြစ်လို့ ရိုက်တာလဲ၊ လက်တွေလဲ ညောင်းညာနေပြီဆို"

မိန်းကလေး၏မျက်နှာမှာ စောစောကလို ကြည်ကြည်သာသာ မဟုတ်တော့ပေ။

"ကျွန်မကို လာမထိနဲ့"

ချောင်ယွင်ချီကရယ်ရင်း.....

"ကောင်းပါပြီတဲ့ဗျာ၊ ဟောဒီက ရွှေရောင်ကလောင်တံကလေး ဘယ်က ရတယ်ဆိုတာကိုသာ ပြောပါ၊ အစ်ကို မြင်းဇက်ကို လွှတ်လိုက်ပါမယ်"

မိန်းကလေး၏မျက်နှာမှာ ဒေါသအရိပ်အရောင်များ ပျောက်ကွယ် သွားခဲ့ပြန်လေပြီတကား။

မိန်းကလေးသည် တခစ်ခစ် ရယ်မောလေတော့၏။

"ဒါလား.....ရှင်က ဒါကို သိချင်နေတော့လဲ ပြောပြရတော့မှာပေါ့လေ၊ ဒီရွှေကလောင်တံလေးက တခြားလူပေးတာ မဟုတ်ဘူးရှင့်၊ ကျွန်မရဲ့ အသည်းနှလုံးထဲကလူ ပေးတာ၊ ကဲ.....မယုံရင် ဟောဒီမှာ ကြည့်၊ ဒီရွှေကလောင်တံပေါ်မှာ ကမ္ပည်းထိုးထားတယ်၊ အဲဒါ သူ့နာမည်ပေါ့"

ချောင်ယွင်ချီ ရင်ထဲ အောင့်သွားသည်။

မိန်းကလေးကမူ ကလောင်တံပေါ်မှ နာမည်ကို လက်ညှိုးထိုးပြရင်း ရယ်နေလေ၏။

---



ချောင်ယွင်ချီ၏ဒေါသများသည် ရင်ထဲမှ အလိပ်လိုက် အလိပ်လိုက် တက်လာ၏။

မိန်းကလေးကို မှုန်မှုန်ညက်ညက် အမှုန့်ချေပစ်လိုစိတ်များ ပေါ်လာသည်။

မိန်းကလေးကမူ ရယ်မြဲ ရယ်နေလေ၏။

ချောင်ယွင်ချီကို ရှိလေသည်ဟု မှတ်ဟန်မတူပေ။

သူမ၏သွားကလေးများက ပုလဲသွယ်ကလေးများ စီထားသလို သိုသွာနေသည်။

နောက်ဆုံး၌ ချောင်ယွင်ချီသည် မိန်းကလေး၏ ယစ်မူးဖွယ် ကောင်းသော အလှညွှတ်ကွင်းအတွင်း ဝပ်ဆင်းသွားရကာ ဒေါသများ ပြေပျောက်သွားရလေတော့၏။

သူမက ချိုလွင်သောအသံကလေးနှင့် ပြောလေ၏။

"အစ်ကိုဟာ ကျွန်မကို ငယ်ငယ်ကတည်းက ကြည့်ရှုစောင့် ရှောက်ခဲ့တာပါ၊ ကျွန်မအစ်ကိုအရင်း ရှိမယ်ဆိုရင်တောင် အဲဒီ အစ်ကို အရင်းဟာ အစ်ကိုလောက် ကျွန်မအပေါ် ကောင်းနိုင်မယ်မထင်ပါဘူး"

ချောင်ယွင်ချီမှာ ငိုင်သွားသည်။

မိန်းကလေးက ဆက်၍ ပြောပြန်၏။

"ကျွန်မဟာ အသည်းနှလုံးမရှိတဲ့ မိန်းကလေး မဟုတ်ပါဘူး။ ဒီလို ကြီးမားတဲ့ကျေးဇူးတွေကို ဘယ်လို ပေးဆပ်ရမလဲဆိုတာ အမြဲတန်း တွေးနေခဲ့ပါတယ်"

ချောင်ယွင်ချီ သက်ပြင်းချသည်။

မိန်းကလေးက.....

"ရှင့်ကို ကျွန်မ အမြဲတန်း အားနာနေခဲ့ပါတယ်။ ကျွန်မ မေမေကြီးဟာ ကံမကောင်းခဲ့ရှာဘူး၊ အသေဆိုးနဲ့ သေခဲ့ရတဲ့ သူ့အဖို့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာ ကံကောင်းတယ်လို့ ပြောနိုင်မှာလဲရှင်။ အခုအချိန်မှာ ထန်းလုံ
သိုင်းအဖွဲ့ကြီးဟာ သေရေးရှင်ရေးဆိုတဲ့ အင်မတန် အရေးကြီးတဲ့
အချိန်အခါကြီးနဲ့ ကြုံကြိုက်နေရပါတယ်ရှင်၊ ရှင့်အဖို့ ဒါတွေကို အများ
ကြီး ခံစားနိုင်ခွင့် ရှိပါတယ်''

သူမ၏စကား ဆုံးသွားသည်။

ချောင်ယွင်ချီမှာ သူမအား မည်သည့်စကားမျှ ပြန်မပြောနိုင်
တော့ပေ။

သူ၏လက်ဝဲလက်ကို ဝှေ့ယမ်းပြီး နောင်တရသည့်လေသံမျို
ဖြင့် ပြောလေ၏။

''ညီမလေးပြောတာ အားလုံး မှန်တယ်။ အစ်ကိုကသာ
မှားတာပါ။ ကဲ.....သွားကြစို့''

မိန်းကလေးက ချစ်စဖွယ် ပြုံးလိုက်၏။

''ခဏနေပါဦးရှင်''

သူမသည် စကားပြောနေစဉ် သူမ၏ လက်ကိုင်ပဝါကို ထုတ်
လိုက်ပြီး ချောင်ယွင်ချီ၏နဖူး၌ စို့နေသည့်ချွေးများကို သုတ်ပေးလိုက်
သည်။

''နှင်းတွေကျနေတဲ့အခါမျိုးမှာ ချွေးထွက်ရင် အဲဒီချွေး
သုတ်ပစ်ရတယ်ရှင့်၊ တကယ်လို့ ချွေးထွက်လျက်သားနဲ့ မသုတ်
ထားရင် ကိုယ့်ချွေးနဲ့ကိုယ် ပြန်ပြီး အအေးပတ်တတ်တယ်၊ ချွေး
ပြန်ငုတ်သွားတတ်တယ်''

ချောင်ယွင်ချီ ကြည်နူးသွားသည်။ ဝိတိ ဖြစ်သွားသည်။

သူ၌ ဒေါသဟူသည် မြူတစ်မှုန်မျှ မကျန်တော့။

သူ၏လက်ထဲ၌ ဆုပ်ကိုင်ထားသည့် မိန်းကလေး၏ မြင်း
ကြိုးကို လွှတ်ပေးလိုက်ရုံမျှမက သူ့ကြပွတ်ဖြင့် မြင်းဖြူကြီး၏တင်ပါး

---



အသာအယာ ရိုက်ပေးလိုက်သည်။

သူတို့နှစ်ယောက် ပခုံးချင်းယှဉ် ရင်ပေါင်တန်း ယှဉ်လျက်
မြင်းများကို အသော့စီးသွားကြလေတော့၏။

ထိုမိန်းကလေး၏အမည်ရင်းမှာ 'ထန်ချင်ဝင်း' ဖြစ်၏။

သူမသည် အသက်ငယ်ပင်ငယ်သော်လည်း တိဗက်ပြည်နယ်၌
သိုင်းပညာ ထူးချွန်သည့် မိန်းကလေးဖြစ်သည်။

သူမ၏အလှအပနှင့် သူမ၏ ပါးနပ်မှုတို့က သူမကို နာမည်သစ်
တစ်ခုဖြင့် ကျော်ကြားစေခဲ့သည်။

'ကျောက်မျက်နှာ မြေခွေး' ဟူသောအမည်မှာ သိုင်းလောက၌
ကျော်ကြားသည့် ထန်ချင်ဝင်း၏ အမည်ပင်ဖြစ်ပေသည်။

သူမ၏ဖခင် ကွယ်လွန်ခဲ့သည်မှာ မကြာသေးပေ။

သူမ၏ အဝတ်အစားများမှာ အနက်ရောင်ဖြစ်သည်။

ဖခင်ကြီးအား အလွန်တရာ ရိုသေလေးစား အမှတ်တရ
ရှိကြောင်း ထိုဝတ်စုံက ဖော်ပြနေ၏။

သူတို့နှစ်ယောက်သည် မြင်းများကို အသော့စီးလာကြသဖြင့်
မကြာမီအချိန်အတွင်းမှာပင် သူတို့အဖော်သုံးယောက်ရှိရာသို့ ရောက်ရှိ
လာကြလေ၏။

ယွမ်စစ်ကျူးသည် ချောင်ယွင်ချီကို လှမ်း၍ မျက်စောင်းထိုး
လိုက်ပြီး.....

''ခင်ဗျား ထွက်သွားတာ သယ်နှစ်လောက် ကြာနေပြီလားလို့
ကျုပ်တောင် ထင်လိုက်မိတယ်၊ ဘယ်ရန်သူများ တွေ့ခဲ့သေးသလဲ''

ထိုသို့ အမေးခံလိုက်ရသည့်အတွက် သူ့မျက်နှာတစ်ပြင်လုံး
နီရဲသွားတော့သည်။

ထိုသို့ အမေးခံလိုက်ရသည့်အတွက် မကျေမနပ်သည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။

သို့သော်.....

''ဘာမှ မတွေ့ခဲ့ရပါဘူးဗျာ''

သူက ပြေလည်စွာ ဖြေကြားခဲ့၏။

သူသည် ထိုစကားကို ပြောပြီးသည်နှင့် သူ့မြင်းကြီးကို တဟုန်ထိုး ရှေ့သို့ စိုင်းနှင်သွားတော့၏။

ကျန်လူလေးယောက်သည် သူ့နောက်မှ ထက်ကြပ်မကွာ လိုက်သွားကြတော့သည်။

သူတို့ရှေ့ မလှမ်းမကမ်း၌ မတ်စောက်သော တောင်တန်းကြီးတစ်ခုကို တွေ့မြင်နေရချေပြီ။

ထိုတောင်တန်းပေါ်သို့ မြင်းများဖြင့် တက်သွားလျှင် မုချ အသက်အန္တရာယ် ရှိပေသည်။

နင်းမွှင့်များပေါ်၌ မြင်းခွာတစ်ချက် ချော်ကျသွားလျှင် ဇီဝိန် ပြုတ်သွားမည်မှာ သေချာလှပေ၏။

အဘယ်ကြောင့်ဆိုသော် မတ်စောက်နက်ရှိုင်းသော ချောက်ကမ်းပါးများ၏ ကျောက်ဆောင်ကျောက်သားများသည် ဓားများ၊ လှံများကဲ့သို့ ချွန်မြထက်မြက်နေသောကြောင့်တည်း။

သူတို့အားလုံး စီးနိုင်သလောက် ဖြည်းဖြည်းချင်း စီးလာကြ၏။

ဤသို့ဖြင့် အတော်အတန်နိမ့်သည့် တောင်ထွတ်နှစ်ခုကို ကျော်ဖြတ်လာ နိုင်ကြသည်။

ထိုစဉ် မြင်းဟီသံကို ရုတ်တရက် ကြားလိုက်ကြရသဖြင့် မြင်း၊ငါး၊စီး၊စလုံး တုံ့ခနဲ ရပ်သွားကြ၏။

မြင်းဟီသံသည် သူတို့၏ လက်ဝဲဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

---



ချောင်ယွင်ချီသည် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလျက် မြေသံလုံ့လုံ့နှင်းကော မြင်းဟီသံကြားရာဆီသို့ ချဉ်းကပ်သွား၏။

ကျောက်ဆွန်းတစ်ခု အကာအကွယ်ယူ၍ ဟိုဘက်သို့ ကြည့်လိုက်မသောအခါ ခပ်လှမ်းလှမ်းရှိ မြင့်မားသော ထင်းရှူးပင်ကြီး၏အောက်၌ မြင်းငါးစီးကို ချည်နှောင်ထားကြောင်း တွေ့ရှိလိုက်ရသည်။

ထို့ပြင် ထိုမြင်းများ စုဝေးရှိနေသည့်နေရာမှစ၍ တောင်ပေါ်သို့ တက်သွားသည့် ခြေရာတန်းကြီးကို တန်းနေအောင် တွေ့လိုက်ရသည်။

ချောင်ယွင်ချီမှာ အလွန်တရာ အံ့ဩသွားသည်။

သူ့နောက်ဘက်မှ လိုက်လာသည့်လူများကို လှည့်မကြည့်ဘဲ လှမ်း၍ သတင်းပေးမိလေ၏။

''ဦးလေးတို့ခင်ဗျား၊ ကျွန်တော်တို့ လိုက်လို့ မမိခဲ့တဲ့ လူဆိုးငါးယောက်ကို အခု တွေ့နေရပါပြီ၊ ဒါပေမဲ့ သူတို့ တောင်ပေါ်တက်သွားကြပါပြီ၊ မိချင်ရင်တော့ အမြန်ဆုံးလိုက်မှ ဖြစ်ပါလိမ့်မယ်''

အဘိုးအိုယင်ကြည်သည် စေ့စပ်သေချာသူဖြစ်၏။

ချောင်ယွင်ချီ၏အနီးသို့ရောက်သည်နှင့် မြင်းများနှင့် ခြေရာများကို အကဲခတ်သည်။

ထို့နောက် သူ့ထင်မြင်ချက်ကို ထုတ်ဖော်ပြောပြလေ၏။

''ဒါဟာ ဖြားယောင်းမှု ဖြစ်ချင်လဲ ဖြစ်မှာကွ၊ အဲဒီလို ဆိုရင်.....''

ချောင်ယွင်ချီက.....

''ဦးလေးက ဒီနေရာတွေက နဂါးလိုက်ခေါင်းတွေ ကျားရဲတွင်းတွေ ဖြစ်တယ်လို့ သံသယ ရှိနေသလား''

ယင်ကြည်မှာ ချောင်ယွင်ချီ၏လေသံကို နားကလော သွားလေသည်။

---

www.burmeseclassic.com

www.burmeseclassic.com



"နောင်ကြီး ယွမ်စစ်ကျူး၊ နောင်ကြီးကော ဘယ်လိုသဘော ရသလဲဗျာ"

ယွမ်စစ်ကျူးသည် ယင်ကြည်၏ သဘောထား တောင်းခံချက်ကို အဖြေ မပေးသေးပေ။

တောင်တက်လမ်းကိုသာ ငေးမောကြည့်နေ၏။

ကြားဖြတ် ဝင်ပြောသူမှာ ထန်ချင်ဝင်းသာ ဖြစ်ပါလေ၏။

"ကျွန်းနန်းဒေသတစ်ခုလုံး ဖိန့်ဖိန့်တုန်အောင် ကျော်ကြားခဲ့တဲ့ ဦးဦးယင်ကြည်က ဘာသားရဲတွင်းတွေကို ကြောက်နေရမှာလဲ"

ထန်ချင်ဝင်း၏စကားကို ကြားလိုက်ရသောအခါ ယင်ကြည် ပြုံးလိုက်မိသည်။

ထန်ချင်ဝင်းက ထိုအပြုံးကို မြင်လိုက်ရသဖြင့် လှမ်းမေး၏။

"ဦးဦးယင်ကြည်၊ စိုးရိမ်စရာ အထောက်အထား တွေ့နေရလို့လား"

ယင်ကြည်က ခြေရာများကို လက်ညှိုးထိုးပြပြီး.....

"သူတို့ခြေရာတွေက ကတိုက်ကရိုက် တက်သွားကြောင်း ဖော်ပြနေတယ်"

"သူတို့မှာ သည့်ပြင်အကြောင်းကိစ္စတွေ ရှိမှာပေါ့ ဦးဦးရယ်၊ ကတိုက်ကရိုက်သွားခြင်းဟာ ကျွန်မတို့အတွက် အန္တရာယ်လား"

"အဲဒီ ကတိုက်ကရိုက် တက်သွားခြင်းဟာ ငါတို့ကို လုပ်ကြံဖို့ အသွင်မျိုး မပေါ်ဘူး၊ အဲဒါကိုက ကြောက်စရာကောင်းနေတယ်"

ယင်ကြည်သည် အခြားတစ်ဘက်မှ တောင်တက်လမ်းတစ်ခုကို မျှော်ကြည့်ပြီးနောက်.....

"ကိစ္စမရှိဘူး၊ ငါတို့ တက်ချင်ရင်လဲ ဖြစ်ပါတယ်၊ သူတို့ လမ်းကြောင်းအတိုင်း လိုက်လို့တော့ မဖြစ်ဘူး၊ ဟိုဘက်က ပတ်ကွေ့ပြီး

---



တက်ကြမယ်၊ သူတို့ မထင်မှတ်တဲ့နေရာကတက်ပြီး သူတို့ မမျှော်လင့်တဲ့ အချိန်မှာ ဝင်တိုက်ရမယ်"

ထန်ချင်ဝင်းက လက်ခုပ်လက်ဝါးတီး၍ ရယ်လိုက်၏။

"ကျွန်မ မပြောဘူးလား၊ ဦးဦးယင်ကြည်ရဲ့ဦးနှောက်ကို ဘာ အခက်အခဲကမှ မတားဆီးနိုင်ပါဘူးလို့"

"သိပ်ပိုင်တဲ့ အကြံဉာဏ်ပါပဲဗျာ"

ချောင်ယွင်ချီကလည်း အော်ကြီးဟစ်ကျယ် ထောက်ခံလေ၏။

ယင်ကြည်တို့လူသိုက်သည် အားလုံး မြင်းပေါ်မှ ဆင်းသက်လိုက်ကြ၏။

မြင်းများကို အနီးရှိ ထင်းရှူးပင်ကြီးတစ်ပင်တွင် ချည်နှောင်လိုက်ကြပြီး တောင်ပေါ်သို့ ကွေ့ပတ်၍ တက်ကြတော့သည်။

မူလ စတင်ပြေးတက်နေရာမှ ကျဉ်းမြောင်းသဖြင့် တစ်ယောက်နောက်မှတစ်ယောက် လိုက်၍ ပြေးတက်ကြရသည်။

မကြာမီ အားလုံး ရင်ပေါင်တန်း၍ တက်နိုင်သည့်နေရာသို့ ရောက်ရှိလာကြသဖြင့် အားလုံး ပခုံးချင်းယှဉ် တက်ကြရသည်။

သို့သော် ပင်ကိုယ်အရည်အချင်း၊ သိုင်းပညာ ကွာခြားမှုက သူတို့၏ အဆင့်အတန်းကို အဖြူအမည်း ခွဲခြားပြသလာ၏။

တစ်ယောက်နှင့်တစ်ယောက် အလှမ်းကွာလာပြီး ရှေ့ဆင့်နောက်ဆင့် ဖြစ်လာကြတော့သည်။

အတန်ကြာသော်.....

တစ်ယောက်နှင့်တစ်ယောက် အတော်ကလေး ကွာလှမ်းသွားတော့သည်။

ယင်ကြည်နှင့် ယွမ်စစ်ကျူးတို့မှာမူ ရှေ့ဆုံး၌ ပခုံးချင်းယှဉ်၍ ပြေးတက်လျက် ရှိနေဆဲသာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချောင်ယွင်ချီမှာ ကိုက်ငါးဆယ်ခန့် ပြတ်ကျန်နေပြီး ထန်ချင်ဝင်းနှင့် ကျိုးယွင်ကန်တို့မှာ ကိုက်တစ်ရာခန့် ကျန်ရစ်ခဲ့၏။

ချောင်ယွင်ချီ တွေးနေသည်။

''ဦးလေးယင်ကြည်ရဲ့ နန်းကျူးသိုင်းပညာနဲ့ ငါတို့ရဲ့ ပေကျူးသိုင်းပညာနှစ်ခုမှာ ဘယ်သိုင်းပညာက ပိုကောင်းသလဲ၊ ဒီကနေ့ ကွဲကွဲပြားပြား သိရမှာပေါ့လေ''

သူသည် အတွေးဆုံးသည်နှင့် ယင်ကြည်နှင့် ယွမ်စစ်ကျူးတို့၏နောက်သို့ အပြေးတက်လိုက်တော့သည်။

ထိုသို့ အားစိုက် ပြေးတက်သဖြင့် ယင်ကြည်နှင့် ယွမ်စစ်ကျူးတို့၏ရှေ့သို့ ရောက်ရှိသွားလေတော့၏။

ချောင်ယွင်ချီသည် သူ့နောက်မှ ဝေဖန်ပြောကြားနေသည့် ယင်ကြည်နှင့် ယွမ်စစ်ကျူးတို့၏ စကားသံများကို ကြားနရသည်။

ယင်ကြည်က.....

''နောင်ကြီးယွမ်စစ်ကျူး၊ သူ့ရဲကောင်းဆိုတာ လူငယ်လူရွယ်ထဲက ပေါ်ထွက်စမြဲဆိုတာ ဟုတ်မှာပဲဗျနော်''

ယွမ်စစ်ကျူးက ပြေးနေရင်း ခေါင်းညိတ်၏။

''ဒါ အမှန်ပဲဗျ''

ချောင်ယွင်ချီသည်ရှေ့မှ ပြေးမြဲ ပြေးနေသည်။

သူ့ကို သူ့ ဦးလေးများက မီလာမည်ကိုလည်း စိုးရိမ်သေးသည်။

သူသည် ဦးခေါင်းကို ပြန်မလှည့်ဘဲ ပြေးရင်းမှ လှမ်းပြောသည်။

''ကျေးဇူးတင်ပါတယ်၊ ဦးလေးယင်ကြည်ရဲ့ သိုင်းပညာစွမ်းကလဲ ဘယ်သေးလိမ့်မလဲဗျာ''

သူသည် စကားဆုံးသည်နှင့် အားကုန် သုတ်ပြန်၏။

သူ အားကုန် သုတ်သောကြောင့် ယင်ကြည်နှင့် ယွမ်စစ်ကျူးတို့



နောက်ကျ ကျန်ရစ်မည်ဟု သူ ယူဆသည်။

ထို့ကြောင့် သူ အတော်အတန် ပြေးပြီးသည်နှင့် ယင်ကြည်နှင့် ယွမ်စစ်ကျူးတို့ မည်မျှ ပြတ်ကျန်ခဲ့သနည်းဟု လှည့်ကြည့်သည်။

ထန်းလုံပေကျူးသိုင်းအဖွဲ့ကြီး၏ ခေါင်းဆောင်ချုပ်ကြီးရာထူးကို ယယ်ယယ်ရွယ်ရွယ်နှင့် ရရှိနေသည့် ချောင်ယွင်ချီမှာ အကြီးအကျယ် ကျုံပြိုတ်လန့်သွားတော့၏။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂)

ရတနာလု

---

အဘယ်ကြောင့်ပါနည်း။

ယင်ကြည်နှင့်ယွမ်စစ်ကျူးတို့သည် သူ့ကို လက်နှင့် လှမ်းပု လှမ်းလျှင်ပင် မီနိုင်သည့်အကွာအဝေးမှ သူနှင့်အတူ ကပ်လိုက်လျက် ရှိ ချေသည်တကား။

ချောင်ယွင်ချီသည် ဟန်မဆောင်နိုင်တော့ဘဲ ရှိရှိသမျှအား သွန်ထုတ်လျက် တဟုန်ထိုး ပြေးထွက်သွားပြန်လေတော့သည်။

အကယ်၍ ချောင်ယွင်ချီသာ နောက်သို့ တစ်ချက် လှည့်ကြ မိပါကလည်း သေချင်စိတ် ပေါက်သွားပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ယင်ကြည်နှင့် ယွမ်စစ်ကျူးတို့သ တပြုံးပြုံးနှင့် နောက်မှ ခပ်မှန်မှန် ပြေးလိုက်နေသောကြောင့်တည်

စင်စစ် မတ်စောက်သောတောင်ကုန်းပေါ်သို့ ပြေးတက်ရသ အလုပ်မှာ လွယ်ကူသည့်အလုပ် မဟုတ်ပါချေ။



သိုင်းပညာ မည်မျှတော်သူဖြစ်စေ တောင်ပေါ်တက်ရာ၌ မြေပြန့်ထက် အားပို၍ စိုက်ရသည်သာဖြစ်ပါ၏။

သို့ရာတွင် ယင်ကြည်နှင့် ယွမ်စစ်ကျူးတို့သည် ပြုံးနေနိုင်ဆဲသာ ဖြစ်ပါလေ၏။

အမွေးတိုင်ထက်ဝက်ခန့် လောင်ကျွမ်းပြီးရောက်သည့်အချိန်တွင် ချောင်ယွင်ချီမှာ သူ့လည်ကုတ်၌ နွေးခနဲ ဖြစ်သွားသလို ခံစားလိုက်ရသည်။

တစ်စုံတစ်ယောက်က လေဖြင့် မှုတ်ထုတ်လိုက်ဟန် တူသည်။

သူ ဦးခေါင်းလှည့်ကြည့်ရန် ဟန်ပြင်လိုက်စဉ်မှာပင် သူ့ညာဘက်ပခုံးကို တစ်စုံတစ်ယောက်က ဖျတ်ခနဲ လာပုတ်သည်ကို ခံစားသိရှိလိုက်ရသည်။

ယင်ကြည်၏ ရယ်သံနှော၍ ပြောသံကိုလည်း ကြားလိုက်ရသည်။

"ကြိုးစားပေး ကောင်လေး။ ကြိုးစားပေး"

ချောင်ယွင်ချီ၏ ထိတ်လန့်မှုမှာ ယေ်ထိပ်သို့ ရောက်သွား၏။ သူသည် ရှိရှိသမျှအား သုံး၍ အားကုန် ပြေးခဲ့၏။

သူတို့ကို နောက်ချန် ပစ်ခဲ့၏။

သူသည်လည်း တစ်ကိုယ်လုံး ချွေးများရွှဲ၍ မောပန်းခဲ့ပြီ။

သို့တိုင် အဘိုးအိုနှစ်ဦးသည် သူ့နောက်၌ ကပ်လိုက်လျက် ရှိနေဆဲသာတကား။

ချောင်ယွင်ချီမှာ သူ့နဖူးမှချွေးများကို အင်္ကျီလက်ဖြင့် သုတ်ပစ်နေရသည်။

စောစောက ထန်ချင်ဝင်းက မိမိအား ယုယုယယ ချွေးသုတ်ပေးခဲ့သည်များကို ပြန်လည်သတိရ မြင်ယောင်လာသည်။

ထိုအခါ သူ့မျက်နှာ၌ အပြုံးများ ဝေလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ချောင်ပယွင်ချို၏ အနိုင်မခံ အရှုံးမပေးလိုသည့် စိတ်ဓာတ်မျိုး အဘိုးအိုယင်ကြည်၏ ရင်ထဲ၌ ခိုအောင်းနေပြီ ဖြစ်ပါသည်။

ယင်ကြည်နှင့် အပြိုင်အဆိုင် အနိုင်မခံ ဖြစ်နေသူမှာ ချောင်ပယွင်ချို မဟုတ်ပါ။

ချောင်ပယွင်ချိုလို သိုင်းဝါစဉ် နုနယ်သူအား သူ့အနေဖြင့် အပြတ်အသတ် အနိုင်ရနိုင်သည်ကို သိရှိပြီး ဖြစ်ပါသည်။

သူ့စိတ်ထဲ၌ မခံမရပ်နိုင် ဖြစ်နေသူမှာ 'ခုနစ်စင်ကြယ် ယွမ်စစ် ကျူးပင်' ဖြစ်ပါ၏။

ယွမ်စစ်ကျူးသည် သူပြေးသလောက် သူနှင့်အတူ ပခုံးချင်း ယှဉ်၍ လိုက်ပြေးနေသည် မဟုတ်ပါလား။

"အင်း.....ဒီယွမ်စစ်ကျူး ဆိုတဲ့ကောင်လဲ တကယ့် သိုင်းပညာ ထူးချွန်တာပဲကိုး။ ဟင်း.....မင်းတို့ တူဝရီးနှစ်ယောက်က ငါ့ကို ပြိုင်ချင် သေးသတဲ့လား။ တွေ့ကြသေးတာပေါ့ကွာ၊ တွေ့ဆို ခုပဲ တွေ့ကြမယ်"

အဘိုးအိုယင်ကြည်သည် ပါးစပ်ထဲသို့ လေများ စုပ်သွင်း လိုက်၏။

ထို့နောက် 'ရေရှုပ် ကိုယ်ဖော့သိုင်းပညာ' ကို အသုံးပြု၍ ရိပ်ခနဲ ရိပ်ခနဲ ပြေးထွက်သွားလေတော့၏။

သူပြေးထွက်သွားပုံမှာ နှင်းဖုံးမြေပေါ်သို့ သူ၏ခြေဖျားများ လုံးဝ မတင်သကဲ့သို့ ထင်မှတ်ရသည်။

'ဖိုနဂါး' ဟု အမည်တွင်ရသည့် ထန်းလုံသိုင်းအဖွဲ့ကြီးကို မန်ချူး ခေတ် မတိုင်မီကပင် တည်ထောင်ခဲ့သည်။

မူလက ထိုသိုင်းအဖွဲ့ကြီးသည် တစ်သွေးတည်း၊ တစ်သံတည်း၊ တစ်အာဃာတတည်း ရှိသော သိုင်းအဖွဲ့ကြီး ဖြစ်ခဲ့သည်။

ညီညွတ်ခဲ့သည်။

---



သို့သော်.....

နောင်းကာလပိုင်း၌ ညီညွတ်မှု ပြိုကွဲခဲ့သည်။

သိုင်းအဖွဲ့ခေါင်းဆောင်ချုပ်ကြီး ကွယ်လွန်သွားခဲ့သည့် 'ခန်းဝီ' ဘုရင်လက်ထက်၌ပင် ထန်းလုံသိုင်းအဖွဲ့ကြီး နှစ်ခြမ်းကွဲတော့သည်။

တောင်ပိုင်းမိုးနဂါးအဖွဲ့ကြီးဟု အမည်တွင်ရှိသော ထန်းလုံ နန်းကျူးအဖွဲ့သည် ကိုယ်ဖော့ပညာ၌ အမှန်တကယ် ထူးချွန်ထက်မြက် ပေသည်။

မြောက်ပိုင်းမိုးနဂါးအဖွဲ့ဟု အမည်ရရှိသည့် ထန်းလုံပေကျူး အဖွဲ့မှာမူ ထန်းလုံနန်ကျူးအဖွဲ့လောက် ကိုယ်ဖော့ပညာရပ်၌ မကောင်းချေ။

သို့သော် နှစ်ဖွဲ့စလုံးသည် ထန်းလုံအဖွဲ့ကြီး၏ နှစ်ခြမ်းကွဲ အဖွဲ့များဖြစ်၍ အခြေခံ သိုင်းပညာရပ်များတွင်မူ အတူတူပင် ဖြစ်ပေ သည်။

အဘိုးအိုယင်ကြည်သည် ပုပုဝဝ လူတစ်ယောက်ဖြစ်၏။

သို့သော် ကိုယ်ဖော့ပညာ အသုံးပြု၍ ပြေးလွှားသောအခါ မြားကိုပစ်တစ်ကောင်ထက် ပေါ့ပါးစွာ ပြေးလွှားနိုင်သည်။

ချောင်ပယွင်ချိုကား ကျန်ရစ်ခဲ့ပြီ။

သူတကယ်တမ်း ကျန်ရစ်စေချင်သည့် ယွမ်စစ်ကျူးကား များကမကျန်ခဲ့ရုံမျှမက သူနှင့် ပခုံးချင်းယှဉ်၍ ပြေးလိုက်နေခဲ့သည်။

ယင်ကြည်သည် ယွမ်စစ်ကျူးကို ကျော်ဖြတ်နိုင်ရန် လေးငါး ချွန်းကြိမ် ကြိုးစားခဲ့သည်။

ထိုလေးငါးဆယ်ကြိမ်စလုံး ယွမ်စစ်ကျူးက အမီလိုက်နိုင်သည် သည်ချည်းပင်တည်း။

ဤသို့ ပြေးလွှားလာခဲ့ကြရာ တောင်ထိပ်အနီးသို့ ရောက်ရှိ ကြတော့သည်။ ယင်ကြည်က ရယ်ရင်း.....

www.burmeseclassic.com

www.burmeseclassic.com



"ကဲ.....နောင်ကြီးယွမ်စစ်ကျိုး၊ ကျုပ်တို့နှစ်ယောက် ဘယ်သူက တောင်ထိပ်ကို အရင်ရောက်မလဲဆိုတာ စမ်းကြည့်ကြရအောင်"

ယွမ်စစ်ကျိုးသည် အပြုံးမပျက် ပြေးလွှားနေရာမှ ခပ်သောသောကလေး ပြောလိုက်သည်။

"ကျုပ်က နောင်ကြီးယင်ကြည်ကို ဘယ်လိုလုပ်ပြီး ပြေးနိုင်မှာလဲဗျာ"

"ဟားဟားဟားဟား။ နောင်ကြီးယွမ်စစ်ကျိုး၊ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို ဒီလောက် နှိမ်ချနေရတာလဲ၊ ကျုပ်ကသာ ခင်ဗျားကို မီချင်မှ မီမှာပါဗျ"

"ဒီလိုဆိုရင်လဲ ပြေးကြတာပေါ့ဗျာ"

ယင်ကြည်နှင့် ယွမ်စစ်ကျိုးတို့သည် လေးညှိုးမှ ပစ်လွှတ်လိုက်သည့် မြားနှစ်စင်းပမာ တောင်ထိပ်ဆီသို့ ဖြောင့်တန်းစွာ ပြေးလွှားနေကြလေ၏။

ယင်ကြည်သည် သူ့ဘေးသို့ စောင်းငဲ့ကြည့်၏။

ယွမ်စစ်ကျိုးသည် သူ့ထက် ခြေတစ်လှမ်းမျှ နောက်ကျပြီး ကပ်လိုက်နေသည်။

ယင်ကြည်သည် စိတ်ဓာတ်ကျသွားလေ၏။

"ဟင်း..... မလွယ်ပါလား။ ဒီကောင့်ကို ငါ အပြတ်မဖြတ်နိုင်ဘူး"

သူ တွေးနေခိုက် ယွမ်စစ်ကျိုးက ခပ်တိုးတိုး ပြောသည် လက်ဝဲဘက်သို့လည်း လက်ညှိုးညွှန်ပြသည်။

"ရှူး.....ဟိုဘက်နားမှာ လူရှိနေတယ်ဗျို့"

ယွမ်စစ်ကျိုး၏ သတိပေးစကားကြောင့် ယင်ကြည် အပြေးရပ်လိုက်သည်။

---



ယွမ်စစ်ကျိုးသည် ချုံပုတ်များကို အကာအကွယ်ယူလျက် လူရှိသည်ဟု ထင်ရသောနေရာသို့ ဝပ်လျှိုး၍ သွားနေလေ၏။

ယင်ကြည်သည် ယွမ်စစ်ကျိုးကို ငေးကြည့်ရင်း တွေးနေပါသည်။

"ငါတို့ ထန်းလုံ့နန့်ကျိုးအဖွဲ့ဟာ သိုင်းလောကထဲမှာ ကိုယ်ဖော့ပညာအကောင်းဆုံးလို့ ဆိုစမှတ် ပြုကြတယ်။ အခုတော့ ထန်းလုံ့ပေကျိုးအဖွဲ့ကလဲ ငါတို့အဖွဲ့ကို မီနေပြီပဲ"

ယွမ်စစ်ကျိုးသည် တွားသွားနေရာမှ ရပ်တန့်ပြီးနောက်သို့ ကြည့်သည်။

တွေဝေငေးမောနေသော ယင်ကြည်ကို အံ့ဩသလိုကြည့်ပြီး လက်ယပ်၍ လှမ်းခေါ်၏။

ယင်ကြည်သည် ယွမ်စစ်ကျိုးရှိရာသို့ မိကျောင်းတက် တက်ကာ ချဉ်းကပ်သွားရလေတော့၏။

ထင်းရှူးပင်ကြီးတစ်ပင်၏ခြေရင်းသို့ ရောက်သောအခါ ထိုသစ်ပင် ပင်စည်ကြီး၏ အကာအကွယ်ကို ယူကာ ခေါင်းထောင် ကြည့်နိုင်တော့သည်။

ခပ်လှမ်းလှမ်းရှိ နိမ့်ဆင်းသော တောင်ခါးပန်း၏ ချိုင့်ဝှမ်းမြေပြင်ထဲ၌ လူငါးယောက်ကို တွေ့ရှိလိုက်ရသည်။

သူတို့ရှေ့မှ မြင်းငါးစီးဖြင့် ထွက်ပြေးသွားသူများသာ ဖြစ်ရပေမည်။

ယွမ်စစ်ကျိုးက လေသံဖြင့် ပြော၏။

"ဒီကောင်တွေကို တောင်ထိပ်အထိ မရှာရတော့ဘူးပေါ့ဗျာ၊ အခုပုံစံအတိုင်းတွေ့ရတာ ကျုပ်တို့အတွက် တစ်ပန်းသာတယ်"

ယင်ကြည်က ခေါင်းညိတ်ပြ၏။

ရန်သူငါးယောက်အနက် သုံးယောက်သည် ဓားရောင် တဖွေး

www.burmeseclassic.com

www.burmeseclassic.com



ဖွေးဖြင့် ဝင်းလင်း၏ ထွက်လမ်းများကို စောင့်ကြပ်နေပြီး ကျန်နှစ်ယောက်က ပေါက်တူးကိုယ်စီဖြင့် ကျောက်သားမြေပြင်ကို သဲသဲမဲမဲ တူးနေကြ၏

ရန်သူများသာ ဤပုံစံအတိုင်း သဲသဲမဲမဲ တူးဆွမနေဘဲ သူတို့အား ချောင်းမြောင်းလုပ်ကြံပါက သူတို့အဖို့ လွယ်မည်မဟုတ်ပါ။

ယခုမူ ရန်သူတို့သည် သူတို့အလုပ်နှင့်သူတို့ ရှုပ်နေကြသဖြင့်သာ မိမိတို့အား လုံးဝ စောင့်ကြည့်ခြင်း မပြုနိုင်ခြင်းဖြစ်ကြောင်း ယင်းကြည် သိနားလည်လိုက်သည်။

ရန်သူတို့သည် တစ်ချက်မျှ အနားမယူဘဲ အချိန်နှင့် ဆက်၍ အလုပ်လုပ်နေကြ၏။

ဤမျှ ဝေးလံသီခေါင်သောနေရာ၌ပင်လျှင် ရန်သူသည် အချိန်မရွေး ပေါ်ထွက်လာနိုင်ကြောင်း ကြိုတင်သိထား ဟန်တူသည်။

ယင်းကြည်က ယွမ်စစ်ကျုံးအား လေသံကလေးဖြင့် ပြောသည်။

"ယင့်မာချွန်းအဖွဲ့က ထောင်သားအဖြစ်နေတာ သေချာနေပြီ။ သူတို့ သတိတော့ မပေါ့လျော့ဘူးဗျ။ အစောင့်သုံးယောက်ကို ဝိုင်းနောက်ဆိုင်း ချထားတာ ကြည့်ပါလား"

ယွမ်စစ်ကျုံးက ပြုံး၍ပြော၏။

"တိုက်တိုက်ဆိုင်ဆိုင်ပဲဗျာ၊ ကျုပ်တို့ငါးယောက်ချင်း ဆုံကြပြီဗျ။ ပွဲကြီးပွဲကောင်း တွေ့ကြရတော့မှာပေါ့ဗျာ"

ယင်းကြည်က.....

"ဟာ.....ဘယ့်နှယ် ပွဲကြီးပွဲကောင်း ဖြစ်ရမှာလဲဗျ"

ယွမ်စစ်ကျုံးက.....

"ပွဲကြီးပွဲကောင်းပေါ့ဗျ။ ဒီလောက် အရေအတွက်တူချင်း တိုက်ရတာ ကျုပ်တို့က ရှောင်ပြေးလို့ ဖြစ်မလားဗျ"

---



"ကျုပ်က ရှောင်ပြေးဖို့ပြောတာ မဟုတ်ပါဘူး။ အခြေအနေကို ပြောပြတာပါ၊ ချောင်ပွင်ချိုရယ်၊ ခင်ဖျားရယ်၊ ဒွာချုပ်ရယ်တော့ ဟုတ်တာပေါ့၊ ကျိုးယွင်ကန်နဲ့ ထန်ချင်ဝင်းတို့နှစ်ယောက်က ပညာရည် လိုသေးတယ်ဗျ။ ဘယ်လိုလုပ် တိုက်နိုင်မှာလဲ"

"ဒါဖြင့် ကျုပ်တို့ ဘယ်လို လုပ်မလဲ"

"အလစ် ဝင်တိုက်ရမှာပေါ့ဗျာ"

"ဗျာ"

"အလစ်ဝင်တိုက်ကြရမယ်လေ၊ သူတို့ထဲက တစ်ယောက်နှစ်ယောက်လောက်ကို အရင်ဆုံး သေသွားအောင် လုပ်ရမယ်၊ ကျန်တဲ့လူတွေကိုတော့ နောင်ကြီး ယွမ်စစ်ကျုံး ပြောသလို ရင်ဆိုင်တိုက်နိုင်ပြီပေါ့ဗျာ"

ယွမ်စစ်ကျုံးက.....

"ဒီသတင်းဟာ သိုင်းလောကမှာ ပျံ့နှံ့သွားရင်တော့ ကျုပ်တို့ ထန်လုံသိုင်းအဖွဲ့ကြီးရဲ့သိက္ခာဟာ ရေစုန်မျောပါပြီဗျာ၊ ထောင်လူမျိုးသားအဖဟာ ဘယ်လောက်များ စွမ်းနေလို့လဲဗျ။ ဒီလို ချောင်းမြောင်းလုပ်ကြံဖို့ လိုအပ်လို့လား"

ယင်းကြည်က အေးစက်စွာ ပြောသည်။

"ဒါကတော့ နောင်ကြီးထန်ကွေ့နအတွက် တုံ့ပြန်မှု ပေးတာပဲဗျာ၊ ရန်သူကို ကျုပ်ငခုတ် ကျုပ်ငုတ်မကျန် ရှင်းလင်းရမယ်ဗျ။ အဲ..... တစ်ခုတော့ ရှိတာပေါ့ဗျာ၊ အခု ကျုပ်တို့ငါးယောက်ထဲက ဒီအကြောင်းကို ထုတ်ဖော်ပြောဆိုခဲ့ရင်တော့ ကျုပ်တို့ သိက္ခာကျမှာပေါ့၊ နို့မို့တော့ သိက္ခာကျဖို့ မလိုပါဘူး။ ရန်သူငါးယောက်လုံးကို အပြတ်ရှင်းပစ်လိုက်မှာပဲဥစ္စာ"

"အင်း.....လက်ရည်တူချင်း တိုက်ခိုက်သတ်ပုတ်ရရင် ကျုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ မပိုင်စရာ မလိုပါဘူးဗျာ ရပါတယ်၊ ဒီကောင်တွေကို ကောင်းကောင်း နှုတ်ပိတ်ပစ်နိုင်ပါတယ်''

ယင်ကြည် မှာလက်ခံသည်။

ဟုတ်သည်ရှေ့သ။

သူ့ကိုတော့ ထန်းလုံပေကျူးအဖွဲ့၏ နံပါတ်တစ် သိုင်းသမားအဖြစ် လက်ခံခဲ့ပြီးပြီ မဟုတ်ပါလော။

ချောင်ယွင်ချိုမှာ ထန်းလုံပေကျူးအဖွဲ့၏ ခေါင်းဆောင် ဖြစ်သော်လည်း အသက်ငယ်ရွယ်သလို သိုင်းပညာလည်း နုနယ်လှ၏။

ခေါင်းဆောင်ချုပ်ကြီး ထန်ကွေနှုံးကိုယ်တိုင် ယွမ်စစ်ကျူး၏ စွမ်းရည်ကို အသိအမှတ် ပြုထားခဲ့သည်။

သူကိုယ်တိုင်လည်း ယွမ်စစ်ကျူး၏ ကိုယ်ဖော့သိုင်းပညာရပ်ကို စောစောကပင် တွေ့ရှိခဲ့ပြီ မဟုတ်ပါလော။

ယင်ကြည်က ခေါင်းညိတ်ပြရင်း တစ်စုံတစ်ခုကို သွားစဉ်းစားမိသည်။

ထို့ကြောင့်.....

''ဒီပြဿနာကို နောင်ကြီးထန်ကွေနှုံးနဲ့ နောင်ကြီးယွမ်စစ်ကျူးတို့ကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းမှ သဘာဝကျမှာဗျ၊ နောင်ကြီး ဘယ်လိုစိတ်ကူးထားသလဲ''

ယွမ်စစ်ကျူးသည် စိတ်ထဲမှ ကျိတ်၍ ကျိန်ဆဲလိုက်လေသည်။

''ဟင်း.....စောစောကတော့ ဘယ်လိုလုပ်ကြမယ် ဘာညာနဲ့ မုတော့ ဒီကိစ္စကို ငါကပဲ ကိုင်တွယ်ဖြေရှင်းရမယ်တဲ့၊ အရှက်ကွဲစရာရှိရင် ငါ အရှက်ကွဲအောင် ဓားခုတ်ရာ လက်ဝင်လျှိုနိုင်းတဲ့ကိစ္စပဲ''

ယွမ်စစ်ကျူးမှာ ရုတ်တရက် စကားမပြောနိုင်ဘဲ ရှိနေ၏။ အတွေး လွန်နေသည်ကို။

---



ထိုစဉ် ချောင်ယွင်ချို ရောက်ရှိလာ၏။

ထို့နောက် ကျိုးယွင်ကန်နှင့် ထန်ချင်ဝင်းတို့ အစဉ်လိုက် ရောက်လာ၏။

ယွမ်စစ်ကျူးက.....

''ကောင်းပြီ။ နောင်ကြီးယင်ကြည်ရယ်၊ ချောင်ယွင်ချိုရယ်၊ ကျုပ်ရယ် အဆိပ်ဆေးလက်နက်တွေကို အသုံးပြုပြီး ဟိုဓားကိုင်ထားတဲ့ ရန်သူသုံးယောက်ကို ရှင်းပစ်လိုက်မယ်၊ ကျန်ရစ်ခဲ့တဲ့ ထောင်လူမျိုးသားအဖကိုတော့ ဘာမှစရာရှိတော့မလဲဗျာ၊ ငါးယောက်နှစ်ယောက်မှ မနိုင်ဘူးဆိုရင်တော့ ကျုပ်တို့မျက်နှာ ကျုပ်တို့ လိုးပစ်ရုံ ရှိတော့တာပဲ၊ ကဲ.....ဘယ်လို သဘောကြသလဲ''

အားလုံး ခေါင်းညိတ် သဘောတူကြသည်။

ယွမ်စစ်ကျူးက.....

''ကဲ.....ကျုပ်တို့ရဲ့ အဆိပ်ဆေးတွေ ပစ်သာအောင် သည့်ထက် ရှေ့တိုးကြမယ်၊ ရှေ့တိုးတဲ့အခါမှာ အခုအတိုင်း အသံလုံကြပါစေ''

သူတို့ငါးယောက်သည် ကျောက်ချွန်းများ၊ ကျောက်တုံးများကို အကာအကွယ်ယူကာ ရှေ့သို့ တဖြည်းဖြည်း တွားတက်သွားကြ၏။

ထန်ချင်ဝင်းသည် ယွမ်စစ်ကျူး၏နောက်မှ ကပ်၍ ပါလာသည်။ သူမက လေသံတိုးတိုးဖြင့် လှမ်းမေး၏။

''ဦးဦးယွမ်''

''ဘာလဲကွ''

''ထောင်လူမျိုးသားအဖကို သတ်မလို့လားဟင်''

''နင်က ဘာလုပ်ချင်လို့လဲ''

''သူတို့ကို မသတ်ပါနဲ့၊ ဖမ်းလာခဲ့ပါ''

ယွမ်စစ်ကျူးသည် ရှေ့သို့သွားနေရာမှ ရပ်တန့်လိုက်ပြီး

---

www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်သို့ မျက်မှောင်ကြုတ်ကာ လှည့်ကြည့်သည်။

"ထောင်ကြည့်အန်းက လူဆိုးပဲ၊ ဘာလဲ နင်က သူ့ကို ထင်ပြီး အကာအကွယ် ပေးချင်ပြန်ပြီလား"

ထန်ချင်ဝင်းက မျက်နှာငယ်ကလေးဖြင့် ပြန်ပြောသည်။

"ကျွန်မစိတ်ထဲမှာ သူ တရားခံ မဟုတ်ဘူးလို့ချည်း ထင်မိလို့ပါ ဦးဦးယွမ်ရယ်"

ယွမ်စစ်ကျူး၏ မျက်နှာတစ်ပြင်လုံး ညှိုပုပ်သွား၏။

သူ့ခါးကြားထဲ၌ ထိုးထားသော ငှက်မွေးတပ် မြားကို ထုတ်ယူပြီး ထန်ချင်ဝင်း၏လက်ထဲသို့ ထိုးထည့်ပေးလိုက်၏။

"ဒီမြားက ငှက်တစ်ကောင်ရဲ့ခေါင်းထဲမှာ စိုက်နေတဲ့ မြားကို ဖြုတ်ယူလာတာ။ နင် မပါဘဲ ငါတို့လေးယောက်တည်း သူတို့နောက် လိုက်တုန်းကလဲ ချောင်ယွင်ချီကို မြားသုံးစင်းနဲ့ ပစ်သေးတယ်၊ အဲဒီမြား တွေကို စစ်ဆေးကြည့်ဦး။ ဘယ်သူ့မြားတွေလဲဆိုတာ"

ထန်ချင်ဝင်းသည် သူပေးသည့် မြားကို လက်ခံယူပြီး အသေ အချာ စစ်ဆေးကြည့်သည်။

ငှက်မွေးတပ်ထားသည့် မြားတစ်စင်းသာ ဖြစ်ပေသည်။

မြားကိုင်ထားသည့် သူမ၏လက်များသည် တဆတ်ဆတ် တုန်လာသည်။

မျက်ရည်များ ဝိုင်းလာသည်။

ချောင်ယွင်ချီသည် သူမဘေးတွင် ရှိနေသည်။

သူ၏အချိန် အများဆုံးသည် ထန်ချင်ဝင်း၏ ဘေး၌သာ အမြဲတန်း ကုန်ဆုံးခဲ့ရသည် မဟုတ်ပါလော။

ယခုလည်း သူသည် ရန်သူကိုမကြည့်ဘဲ မြားတံကို လှေ့လာနေ သည့် ထန်ချင်ဝင်းကိုသာ စိုက်ကြည့်နေသည်။

---



မြားတံက ထန်ချင်ဝင်းအား အကြီးအကျယ် ဝမ်းနည်းတုန်လှုပ် သွားစေသည်ကို မြင်လိုက်ရသောအခါ သူသည်အကြီးအကျယ် ဝမ်း မြောက်ဝမ်းသာ ဖြစ်သွားလေ၏။

ထို့ထက်ပို၍ ဝမ်းသာနေသည့်အချက်မှာ မကြာမီအချိန်အတွင်း ထောင်ကြည့်အန်း သေဆုံးတော့မည့်အချက်တည်း။

သို့သော်.....

ချောင်ယွင်ချီ၌ ထူးခြားအံ့ဩဖွယ်ရာ ဆန့်ကျင်ဘက်ဝေဒနာ တစ်ခုလည်း ပေါ်ထွက်နေပါ၏။

ထိုဝေဒနာကား ဒေါသထွက်နေခြင်းပေတည်း။

သူ့စိတ်၌ တနုံ့နုံ့တွေးရင်း တစိမ့်စိမ့် ဒေါသထွက်နေ၏။

ထန်ချင်ဝင်းသည် အဘယ်ကြောင့် ထောင်ကြည့်အန်းအပေါ် ဤမျှ စိတ်ဝင်စားရသနည်း။

အဘယ့်ကြောင့် ဤမျှလောက် ချစ်ခင်စုံမက်ရသနည်း။

ထိုစဉ် သူ့ပခုံးအား တစ်စုံတစ်ယောက်က ဖျတ်ခနဲ လာပုတ် သည် ယွမ်စစ်ကျူးက 'လှမ်းပုတ်လိုက်ခြင်းသာတည်း။

ချောင်ယွင်ချီက ယွမ်စစ်ကျူးကို လှမ်းကြည့်သည်။

ယွမ်စစ်ကျူးက ရန်သူများဘက်ဆီ မေးငေါ့ပြသည်။

'တွေးမနေနဲ့ ရန်သူကို ဂရုစိုက်'ဟူသော သဘောတည်း။

ထို့နောက် လေသံတိုးတိုးဖြင့်.....

"ကင်းသမားသုံးယောက်နောက်ကို မင်းရယ်၊ ငါရယ်၊ နောင်ကြီးယင်ရယ် လိုက်သွားကြမယ်"

ချောင်ယွင်ချီ ခေါင်းညိတ်လိုက်၏။

ထိုမှ နောက်ပိုင်းတွင် သူတို့သုံးယောက် မြေပြင်၌ တွားသွား လျက် ကင်းသမားသုံးယောက်ဆီသို့ ခွဲတက်ကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထန်းချင်ဝင်းနှင့် ကျိုးယွင်ကန်တို့သည်လည်း ထိုလူများနောက်မှ ဝင်တွား၍ လိုက်သွားကြ၏။

ရှေ့မှ ခေါင်းဆောင်သုံးဦးသည် မိမိတို့ တိုက်ခိုက်ရမည့်လူများကို အသီးသီး ရွေးချယ်ကြသည်။

သူတို့သည် အဆိပ်ဆူးချွန်သုံးခုစီ အသင့် ဆုပ်ကိုင်လိုက်ကြသည်။

ထိုအဆိပ်ဆူးချွန်လက်နက်များမှာ ထန်းလုံသိုင်းအဖွဲ့ကြီး စတင်တည်ထောင်သည့်အချိန်မှစ၍ အသုံးပြုခဲ့သည့် အဆိပ်ဆူးချွန်များဖြစ်၏။

ပစ်ခတ်ရာတွင် ဝေ့ဝိုက်ခြင်းမရှိ။

ပစ်မှတ်ရှိရာသို့ တန်းတန်းမတ်မတ်သွားသည်။

လေတိုးသံ နည်းပါးသည်။

ထိုစွမ်းရည်များထက် ကြောက်မက်ဖွယ်ကောင်းသည်မှာ အဆိပ်ဆူးချွန်၌ ပါရှိသည့်အဆိပ်ဖြစ်၏။

အလွန်တရာ ပြင်းထန်သော အဆိပ်ဖြစ်သည်။

သွေးထွက်လျှင် ထိုလူသည် တစ်နာရီအတွင်း အသက် ထွက်ရမည်မှာ မြေကြီးလက်ခတ်မလွဲ သေချာသည်။

သူ့ကို ဖြေပေးရန် အဆိပ်ဖြေဆေးလည်း မရှိပေ။

ထိုအဆိပ်ဆူးချွန်များကို သိုင်းလောကသားတို့က 'ဇိဝိန်ချွေ အဆိပ်နဂါးဆူး'ဟု ခေါ်ဆိုကြ၏။

အားလုံးလိုလို ဤအဆိပ်လက်နက်ကို ကြောက်ရွံ့ကြသည်။

ချောင်ယွင်ချီ တွေးနေသည်။

''ဟင်း.....ဒီတစ်ခါတော့ တကာယ့်ကို အကွက်ဝင်တာပဲ၊ ငါကတော့ ထောင်ကြည်အန်းကိုပဲ ပစ်မယ်၊ ဒီတစ်ခါမှ ဒီကောင် မသေရင် နောင် ဘယ်တော့မှ သေမှာ မဟုတ်တော့ဘူး''

---



မှန်သည်။

ချောင်ယွင်ချီအဖို့ သိပ်အကွက်ဝင်နေသည်။

သည်တစ်ကြိမ် ပစ်သတ်ရာတွင် မိမိ၏ ပုဂ္ဂလိကအမုန်းအတွက် တုန့်ပြန်မှု ဖြစ်သော်လည်း မိမိ၏အဖွဲ့အတွက် တုန့်ပြန်ခြင်းသာဖြစ်သည်ဟု အားလုံးက သတ်မှတ်ကြပေလိမ့်မည်။

အကယ်၍ ထောင်ကြည်အန်းသာ ဆက်လက်၍ အသက်ရှည်နေပါက မိမိအတွက် အိပ်မပျော်သည့်ညများ တာရှည်နေဦးမည်။

သူ သေလျှင် မိမိ ကောင်းကောင်းအိပ်ပျော်မည်။

''ဟင်း.....ဒီကောင်သေရင် ညီမလေးက ငါ့ကို ဘာများ ပြဿနာလုပ်ဦးမလဲ မသိဘူး''

ချောင်ယွင်ချီ အတွေးပေါင်းစုံဖြင့် ယောက်ယက်ခတ်နေ၏။

သူတို့အားလုံး ရန်သူနှင့် ခြေလှမ်းတစ်ရာခန့်မျှသာ ကွာဝေးသည့်နေရာသို့ ရောက်နေပေပြီ။

ယွမ်စစ်ကျိုးကသာ လက်တစ်ချက် မြှောက်ပြလိုက်လျှင် အဆိပ်ဆူးချွန်များသည် ရန်သူများထံသို့ အဆိပ်များများနှယ် တစီစီ ပြေးထွက်သွားကြပေတော့မည်။

ထိုစဉ်.....။

ပေါက်တူး တူးနေသည့်နေရာမှ 'ချွင်'ခနဲမြည်သံ ကြားလိုက်ရသဖြင့် အားလုံး ခေါင်းထောင်သွားကြ၏။

သံမဏိပေါက်တူးသည် သံထည်ပစ္စည်းတစ်ခုခုကို သွားရောက်ထိခတ်မိလေပြီ။

ထိုတဒင်္ဂအတွင်း လက်နက်ပုန်းများ ပစ်ပေါက်သံ တရှိုးရှိုး ထွက်ပေါ်လာ၏။

ယွမ်စစ်ကျိုးတို့သည် ပထမပိုင်း၌ ကင်းသမားသုံးယောက်

---

www.burmeseclassic.com

www.burmeseclassic.com



ကိုသာ သုတ်သင်ရန် စီစဉ်ထားကြ၏။

သို့ရာတွင် တကယ်တန်း လက်နက်ပုန်းများ ထွက်ပေါ်လာသောအခါ ရှစ်ခုခန့်ရှိပြီး ကင်းသမားသုံးယောက်ထံသို့သာမက ပေါက်တူးတူးနေသည့် လူနှစ်ယောက်ထံသို့ပါ လက်နက်ပုန်းများ ပြေးဝင်သွားလေ၏။

သို့သော်.....

ပေါက်တူးပေါက်နေသည့်လူနှစ်ယောက်သည် မျက်စိရှင်နားပါးကြ၏။

လက်နက်ပုန်းများ၏ လေတိုးသံကို ကြားလိုက်ရသည်နှင့် သူတို့လက်ထဲ၌ရှိသော ပေါက်တူးများကို ကိုင်မြှောက်ဝှေ့ယမ်းလိုက်ကြသည်။

''ထန်း.....ထန်း.....ထန်း''

ပေါက်တူး၏ ဝှေ့ယမ်းမှုကြောင့် အချို့သော လက်နက်ပုန်းများဘေးဘက်သို့ လွင့်စင်သွား၏။

သို့သော် ကင်းသမားသုံးယောက်အနက် နှစ်ယောက်မှာ လက်နက်ပုန်းများ၏ဒဏ်ကို ထိထိမိမိ ခံလိုက်ရ၏။

ကင်းသမားတစ်ယောက်ကမူ သတိ၊ ဝီရိယ ကောင်းသဖြင့် နောက်သို့ လှန်ချလိုက်သည်။

သူ အသက်ဘေးမှ လွတ်မြောက်သွား၏။

ပေါက်တူးကိုင် လူနှစ်ယောက်သည် သူတို့အလစ် ချောင်းမြောင်း အတိုက်ခံရပြီကို သိလိုက်ကြသဖြင့် ပေါက်တူးကို ဝှေ့ယမ်းလျက် ရင်ဆိုင်ရန် အသင့်ပြင်လိုက်ကြသည်။

ယွမ်စစ်ကျူးကိုယ်တိုင် ထိတ်လန့်သွားသည်။

အဘယ်ကြောင့်ဆိုသော် အဆိပ်ခွေးချွန်များဖြင့် ပစ်ခတ် တိုက်ခိုက်ရန် သတ်မှတ်ပေးထားသူများတွင် ထောင်ကြည်အန်းတို့ မပါ



ဝင်သောကြောင့်တည်း။

ကင်းသမားသုံးယောက်ကိုသာ ပစ်ခတ် သတ်ဖြတ်ရန် အမိန့်ပေးထားသည်။

ထိုစဉ် 'ထောင်ကြည်အန်း'၏ ဖခင် 'ထောင်ပိုင်ရွေ့'က ကျယ်လောင်စွာ အော်ဟစ် ဆဲဆိုလေတော့၏။

''ဘယ်က ခွေးသူခိုးတွေလဲကွ၊ သတ္တိမရှိဘဲနဲ့ ဘာဖြစ်လို့ တိုက်ချင်ခိုက်ချင်ရတာလဲ၊ ခွေးကျင့်ခွေးကြံ ကြံပြီး လူတွေကို ချောင်းမြောင်း ပစ်ခတ်ရုံပဲ ပစ်ခတ်တတ်တယ်ဆိုရင်တော့ မင်းတို့ သိုင်းသမားအမည်မခံနဲ့တော့''

ထောင်ပိုင်ရွေ့၏အသံက မိုးခြိမ်းသံလို ကျယ်လောင်လှသည်။

ထိုအခိုက် ထောင်ပိုင်ရွေ့၊ ထောင်ကြည်အန်းတို့နှင့် မျက်နှာချင်းဆိုင်အရပ် မြေကြီးထဲမှ ခေါ်ရောက်သဝင်းဝင်းဖြင့် လူလေးယောက် ရုန်းထွက်လာကြလေသည်။

အလို ငရဲမှ တက်လာသူများလော၊ မြေတွင်းအောင်းသတ္တဝါများလော။

သူတို့ ခုန်ထွက်လာမှုကြောင့် နှင်းပွင့်များ ဖွာခနဲ လွင့်စင်ထွက်သွား၏။

သူတို့ကား ထောင်ကြည်အန်းတို့သားအဖအတွက် ရန်သူသစ်များသာတည်း။

ထိုသူတို့သည် မြေကြီးကျင်းတူး၍ သစ်ကိုင်းသစ်ခက်များခံထားသည်။ အသက်ရှူပေါက်များလည်း ပြုလုပ်ထား၏။

ထိုအပေါ်မှ မြေကြီးပါးပါး ဖုံးအုပ်ထားသည်။

လွန်ခဲ့သောသုံးရက်ကတည်းက ကြိုတင် စောင့်စားနေခဲ့ခြင်းဖြစ်၍ ထိုမြေပါးပါးပေါ်သို့ နှင်းပွင့်များကျကာ ပကတိ နှင်းဖုံးမြေပြင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



တွေနေတော့သည်။

ဤမျှ အသင့်ပြင် စောင့်ဆိုင်းနေခြင်းမှာ ထောင်ကြည်အန်းတို့ သားအဖ ဤရက်များ အတောအတွင်း တစ်နေ့မဟုတ်တစ်နေ့ ဤနေရာသို့ လာရောက်တွေ့ဖော်မည်ကို ကြိုတင် သတင်း ရထား၍သာ ဖြစ်ရပေလိမ့်မည်။

သတင်းမရဘဲ ခန့်မှန်းနိုင်သည်ဆိုလျှင် ခန့်မှန်းသူ၏ တွေးခေါ် စဉ်းစားမှုကို ချီးကျူးရပေလိမ့်မည်။

ထောင်ကြည်အန်းတို့ သားအဖသည် မြေကြီးထဲမှ ဘွားခနဲ ထွက်လာသော ရန်သူများကို တွေ့လိုက်ရသည်နှင့် ပေါက်တူးများကို ပစ်ချကာ သူတို့၏လက်နက်များကို ဆွဲထုတ်လိုက်ကြတော့သည်။

ထောင်ကြည်အန်းက ဓားရှည်ကြီးတစ်လက်ကို ဆွဲထုတ်လိုက်ပြီး သူ၏ဖခင်ဖြစ်သူ ထောင်ပိုင်ဧွေ့က သံမဏိကြာပွတ်ကြီးတစ်ခုကို ခါးမှဖြုတ်ယူ ဆွဲကိုင်လိုက်သည်။

သူ၏ သံမဏိကြာပွတ်ကြီးသည် တရုတ်ပိသာချိန် တစ်ရာ ငါးဆယ်တိတိ လေး၏။

ကင်းသမားသုံးယောက်အနက် အသက်ရှင်လျက် ကျန်ရစ်သူမှာ သံကြိုးတပ် သံလုံး ကိုင်ဆောင်သူဖြစ်၍ ထောင်ပိုင်ဧွေ့၏ အားကိုးခြင်း ခံရသူဖြစ်သည်။

သူသည် ယခုအခါ၌ ထောင်ပိုင်ဧွေ့၊ ထောင်ကြည်အန်းတို့နှင့်အတူ ရင်ပေါင်တန်းလျက် ရပ်နေပေပြီ။

မြေတွင်းထဲမှ ခုန်တက်လာသူ လေးယောက်နှင့် သူတို့ မျက်နှာချင်း ဆိုင်မိကြပေပြီ။

ရှေ့ဆုံးမှ ထိပ်တိုက် ရင်ဆိုင်တွေ့ရသူမှာ အသားအရည် အဝေါ်ကလေး နက်မှောင်သည်။

---



ထိုသူမည်သူဖြစ်သည်ကို ထောင်ပိုင်ဧွေ့ ကောင်းစွာ သိ၏။

ထိုလူသည် ပီကင်းမြို့တော်၏ ဖိန့်တုန်း အာမခံပို့ဆောင်ရေး အဖွဲ့၏ တာဝန်ခံချုပ်ကြီးဖြစ်သော သိုင်းဆရာကြီး ရှုံးယွမ်ရှန့်ပေတည်း။

ထောင်ပိုင်ဧွေ့က သည်တစ်ကြိမ်တွင်တော့ တကယ့်ကို အသေအကြေ တိုက်ခိုက်ရတော့မည်ဟု စိတ်ဒုံးဒုံးချလိုက်သည်။

အဘယ်ကြောင့်ဆိုသော် ယင့်မာချွန်းအဖွဲ့သည် ရှုံးယွမ်ရှန့် တာဝန်ယူပို့ဆောင်ပေးသည့် ခရီးစဉ်တစ်ခုကို လမ်းမှ ကြားဖြတ်လုယက် တိုက်ခိုက်ဖူးသောကြောင့်တည်း။

ရှုံးယွမ်ရှန့်သည် သူ့တာဝန် အပျက်အဆီး အစော်ကားခံ လိုက်ရခြင်းအတွက် တုံ့ပြန်ရန်လည်းကောင်း၊ အလုယက်ခံလိုက်ရသော ပစ္စည်းများ ပြန်လည်ရရှိရန်လည်းကောင်း နှစ်ကြိမ်တိုင်တိုင် ကြိုးပမ်းခဲ့၏။

သို့ သော် နှစ်ကြိမ်စလုံး ရှုံးယွမ်ရှန့် ဆုံးရှုံးသွားခဲ့ရသည်။

ယင့်မာချွန်းအဖွဲ့အတွက် ထိုအရေးအခင်းသည် ပေါ်ပေါ်တန် တန် နေနိုင်ခဲ့သော်လည်း ဖိန့်တုန်းအာမခံပို့ဆောင်ရေးအဖွဲ့၏ တာဝန်ခံ ချုပ်ကြီး ရှုံးယွမ်ရှန့်အဖို့မူ မည်သို့မျှ ပေါ့ပေါ့တန်တန် သဘောမထား နိုင်သောကိစ္စကြီး ဖြစ်ပေသည်။

အဓိက ရန်သူကြီးက ရှုံးယွမ်ရှန့်။

ထားတော့။

ဒုတိယရန်သူကား အသက်သုံးဆယ့်နှစ်နှစ်ခန့်ရှိ အမျိုးသမီး တစ်ယောက်ဖြစ်နေသည်။

သူမကို ယင့်မာချွန်းအဖွဲ့က ကျင့်စန်နန် ဟု သိထားကြ၏။ ဓားနှစ်လက် ကျင့်စန်နန်ဆိုလျှင် သိုင်းလောကက ပို၍သိသည်။

သူမ၏ လင်ယောကျ်ားသည် ဖိန့်တုန်းအာမခံအဖွဲ့မှ သိုင်းဆရာ တစ်ယောက်ဖြစ်၏။

---

www.burmeseclassic.com

www.burmeseclassic.com



ထိုလူမှာ ယင့်မာချွန်းအဖွဲ့ လုယက်တိုက်ခိုက်မှုကြောင့် သေဆုံး ခဲ့ရသည်။

သူမ၏ယောက်ျားအတွက် လက်တုံ့ပြန်ရန် ကိစ္စမှတစ်ပါး အခြားကိစ္စဟူ၍ ကျင့်စန်နန်၌ မရှိပေ။

အခြား 'တတိယ ရန်သူတစ်ယောက်ကား ထောင်ထောင် မောင်းမောင်း ရှိလှသော တရုတ်ဘုန်းကြီးတစ်ပါးဖြစ်၏။

ထိုဘုန်းကြီးကို ထောင်ပိုင်ရွှေ့တို့ မသိကြပေ။

စတုတ္ထရန်သူတစ်ယောက်ကား တောင်ဇေး ကိုင်ထား၏။

မျက်နှာက နီညိုညို ရှိသည်။

သူ့ကိုလည်း ယင့်မာချွန်း အဖွဲ့က လုံးဝ မသိရှိကြပါ။

ယင့်မာချွန်းအဖွဲ့သားများ မသိသည်မှာ သဘာဝကျလှသည် အဘယ့်ကြောင့်ဆိုသော် ထိုလူ၏ ပုံပန်းသဏ္ဌာန်မှာ ဖိန့်တု အာမခံ သယ်ယူပို့ဆောင်ရေးအဖွဲ့၏ တာဝန်ခံချုပ်ကြီးက ငှားရမ်းခေါ် ယူထားသည့် ကြေးစားသိုင်းသမားဟု ထင်ရသောကြောင့်ပေတည်။

သည့်ပုံအတိုင်းဆိုပါက ရှုံးယွမ်ရှန့်သည် သူ၏ရန်ကြွေးကို တစ်ချို့၌ အပြတ်အသတ် လက်စသတ်တော့မည်မှာ သေချာနေပေပြီ

ထောင်ပိုင်ရွှေ့သည် ရှုံးယွမ်ရှန့်ကိုကြည့်လျက် အော်ကြီး ဟစ်ကျယ် ဆဲဆိုလေတော့၏။

သူ့စိတ်ထဲ၌ သူတို့အား နိုးကြောင်ခိုးဝှက် လက်နက်ပုန်းဖြင့် ပစ်ခတ်သူမှာ ရှုံးယွမ်ရှန့်တို့လူစု ဖြစ်သည်ဟု ယူဆသွားသောကြောင့် တည်။

"ကျုပ်က ဘယ်သူများလဲ မှတ်တယ်၊ ကျုပ်ရဲ့ ငယ်နိုင်ကိုး ဟောဒီ သိုင်းလောကတစ်ခွင်လုံးမှာ ခင်ဗျားလောက် အောက်တန်းကျတဲ့ လူမျိုးတော့ တစ်ယောက်မှ ရှိမှာမဟုတ်ဘူး။ ခင်ဗျားက ခွေးလော့ကြမ်းပို



ဘာဖြစ်လို့ အဆိပ်လက်နက်ပုန်းနဲ့ ပစ်ရတာလဲ"

ထောင်ပိုင်ရွှေ့သည် ရှုံးယွမ်ရှန့်ကို အော်ဟစ်ဆဲဆိုပြီး ဖြစ်သော် ယင်ကြည့်မှာ မျက်နှာတစ်ပြင်လုံး ရဲတက်ပြီး အရှက်ရသွားသည်။

သူသည် ယွမ်စစ်ကျုံးအား မျက်စောင်းထိုး၍ အကဲခတ်လိုက်၏။

ယွမ်စစ်ကျုံးမှာ ထိုသို့ နစ်နစ်နာနာ ဆဲဆိုခြင်းသည် သူနှင့် သို့မသက်ဆိုင်သကဲ့သို့ ရန်သူများကိုသာ စူးစူးစိုက်စိုက် ဂရုစိုက် နေတော့သည်။

ရှုံးယွမ်ရှန့်ဆိုသူမှာ အလွန်တရာ ဒေါသထွက်လွယ်သူဖြစ်၏။ မြှပေါက်လိုလူမျိုး ဖြစ်၏။

သူ့အား ထောင်ပိုင်ရွှေ့က မဟုတ်မတရား စွပ်စွဲ ဆဲဆိုနေသော ရှူးရှူးရှားရှားဖြစ်လာပြီး ချက်ချင်း အော်ဟစ်တော့သည်။

"ထောင်ပိုင်ရွှေ့၊ ခင်ဗျား ဘာဖြစ်လို့ မဟုတ်တာတွေ စွပ်စွဲပြီး ကျုပ်ကို အော်ဆဲနေရတာလဲ"

ထောင်ပိုင်ရွှေ့က.....

"ဘာလဲ ခင်ဗျားက ယုန်သူငယ်လို ဟန်ဆောင်ချင်လို့လား"

"တော်စမ်းဗျာ၊ ကျုပ် ဘယ်တော့မှ အောက်တန်းကျတဲ့အလုပ် လုပ်ဘူး"

"ဩော်.....ကျေးဇူးကြီးပါပေ့ဗျာ၊ ကျုပ်လူနှစ်ယောက်တော့ မှာ ကိစ္စချောနေပြီ အဆိပ်လက်နက်တွေက အလိုလို မိုးပေါ်က ကျလာတယ်နဲ့ တူပါရဲ့"

"ဒီမှာ ခင်ဗျားကို ကျုပ် ထပ်ပြောလိုက်မယ်၊ ခင်ဗျားတို့ကို အဆိပ်လက်နက်နဲ့မှ ကျုပ်မပစ်ဘူး။ ဒါပဲ၊ ကျုပ်က ရင်ဆိုင်ပြီး ကျူးဆပ်မယ်၊ ယောက်ျားတွေလို အကြွေးဆပ်မယ်၊ ဟောဒီမှာကြည့် များကို ရင်ဆိုင်ဖို့ ကျုပ် တမင် အားဖြည့်ပြီး ခေါ်လာခဲ့တဲ့လူတွေ

www.burmeseclassic.com

www.burmeseclassic.com



တောင်ပိုင်ဇွေ့သည် ချက်ချင်း အဆဲရပ်သွားလေ၏။

သူ၏မိတ်ဆွေသစ်များ မည်သူမည်ဝါဖြစ်သည်ကို သူ သိချင်ခ သည် မဟုတ်ပါလား။

''ဆိုစမ်းပါဦး၊ ဘယ်ကလူတွေ ခေါ်လာတာလဲ၊ ခင်ဗျာ တစ်ယောက်ထဲရှိတော့ အားမရလို့ သူတစ်ပါး အရှက်ရအောင် သူတို့ ထပ်ခေါ်လာတာလား''

ရွှံ့ယွမ်ရှန့်က ဂရုမစိုက်ဘဲ သူပြောချင်ရာကို ဆက်ပြောသည်

''ဟောဒီပုဂ္ဂိုလ်ကတော့ စမ်းတုံးပြည်နယ် ပိုင်ဝေ့စီး တရု ဘုန်းကြီးကျောင်းက တရုတ်ဘုန်းကြီး ကျင့်ကြည် ဖြစ်တယ်''

ရွှံ့ယွမ်ရှန့်သည် နောက်တစ်ယောက်ကို လက်ညှိုးထိုးပြပြန်၏

''သူက နေပြည်တော်က ကိုယ်ရံတော်ကြီး လိုယွမ်ဟို့ ဖြစ်တယ် သူဟာ နေပြည်တော်မှာ ပထမဆင့် ဓားလက်နက် ကိုင်ဆောင်ခွ ရရှိသူလဲ ဖြစ်တယ်၊ ခင်ဗျား သေသေချာချာ လေ့လာထားပါ''

တောင်ပိုင်ဇွေ့သည် လူစိမ်းနှစ်ယောက်ကို ပထမအကြိ ကတည်းက အကဲခတ်ပြီးဖြစ်သည်။

ခန္ဓာကိုယ် သေးကွေးသည့် ရွှံ့ယွမ်ရှန့်မှ တစ်ပါး အား ထွားထွားကျိုင်းကျိုင်း ရှိကြ၏။

သူသည် သံမဏိကြာပွတ်ကြီးကို ဝှေ့ယမ်းပြီးနောက် အား ကို စိန်ခေါ်လေတော့၏။

''သိပ်အကြံဉာဏ်ကောင်းတဲ့ ရွှံ့ယွမ်ရှန့်ပဲ၊ လာခဲ့၊ တက်ခဲ့ကြ မင်းတို့အားလုံးကို ပြိုင်မယ်၊ တစ်ယောက်မှ ကျန်မနေခဲ့စေနဲ့''

တောင်ပိုင်ဇွေ့၏ သံမဏိကြာပွတ်ကြီးသည် လက်ထဲ၌ တဝိ မြည်နေ၏။

သူ၏လက်မောင်းအား မည်မျှကောင်းသည်ကို ရန်သူအား

---



သတိပြုမိကြ၏။

ရွှံ့ယွမ်ရှန့်က လှမ်းပြောသည်။

''ကျုပ်ကတော့ ခင်ဗျားကို ရှုံးပြီးသား လူပဲဗျာ၊ ဒါကြောင့် မို့လို့ သိပ်တော့မတိုက်ချင်ဘူးဗျ။ တစ်ခုတော့ ရှိတာပေါ့ဗျာ၊ ခင်ဗျား ကသာ အလဲအလှယ် လုပ်မယ်ဆိုရင်တော့ ကျုပ်မိတ်ဆွေတွေကို ကျုပ်ပဲ တောင်းပန်ပြီး ပြန်ခေါ်သွားပါ့မယ်''

တောင်ပိုင်ဇွေ့ အံ့သြသွားသည်။

''ခင်ဗျားက ဘာ အလဲအလှယ်များ လုပ်ချင်လို့လဲ''

ရွှံ့ယွမ်ရှန့်က တူးလက်စ မြေကျင်းကြီးကို လက်ညှိုးထိုးပြ လိုက်သည်။

''အဲဒီမြေကျင်းထဲကပစ္စည်းကို ကျုပ်တို့ ရမယ်ဆိုရင် ကျုပ်တို့ ခင်ဗျားကို မတိုက်တော့ဘူး။ အေးအေးဆေးဆေး ပြန်သွားကြပါမယ်''

တောင်ပိုင်ဇွေ့က ကြာပွတ်ကြီးဖြင့် ရွှမ်းခနဲ လှမ်းရိုက်သည်။

ရွှံ့ယွမ်ရှန့်က ရှောင်တိမ်းပေးလိုက်၏။

''မရိုက်နဲ့ဦး''

''ခင်ဗျား ဘာပြောချင်သေးလို့လဲ''

''ပြောချင်တာ ရှိတယ်၊ ကျုပ်တို့ဟာ ဒီနေရာမှာ သုံးနေ့နဲ့ လုံးညတိတိ ကြိုးပြီး စောင့်နေခဲ့ကြတာဗျ''

''အဲဒါ ဘာဖြစ်သလဲ''

''ဘာဖြစ်ရမလဲ၊ ဒီပစ္စည်းဟာ ခင်ဗျားတို့ပိုင်တဲ့ပစ္စည်း မဟုတ် ပါဘူး။ ဒီပစ္စည်းကို ထန်းလုံအဖွဲ့ကပဲ ဦးဆောင် ထိန်းသိမ်းလာခဲ့တာဗျ ခင်ဗျားတို့ ပိုင်တာ မဟုတ်တော့ နှမြောစရာလဲ မရှိဘူးပေါ့ဗျာ''

ထိုအခါ တစ်ချိန်လုံး ငြိမ်သက်တိတ်ဆိတ်စွာ နေခဲ့သော တောင်ကြည်အနီးက တဟားဟား ရယ်ရင်း ဝင်ပြောလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



''ဒိန့်တုန်းအာမခံ ပို့ဆောင်ရေးအဖွဲ့ကြီးရဲ့ တာဝန်ခံချုပ်ကြီ
ကတော့ တကယ့်ကို အပြောကောင်းသူပါပဲဗျာ။ ကျုပ် တစ်ခုလောက်
မေးစမ်းပါရစေ။ ခင်ဗျားတို့က ကျုပ်တို့ ဒီပစ္စည်းကို လာတူးမဲ့ကိစ္စကို
သိတယ်၊ ဒီနေရာမှာ ဘာမြှုပ်ထားတယ်ဆိုတာ သိနေတယ်ဆိုရင်
ဘာဖြစ်လို့ ကျုပ်တို့ကို စောင့်နေရသေးတာလဲ။ ကျုပ်တို့ မလာခင်
တူးယူလိုက်ပေါ့ဗျ''

သူ၏ယောက်ျားအသတ်ခံရသော ကျင့်စန်နန်သည် တိုက်ခိုက်
ရန် လာပြီးမှ မတိုက်ခိုက်ဘဲ စကားစစ်ထိုးပွဲ ကျင်းပနေသည်ကို
တွေ့ရသောအခါ စိတ်မရှည်ဘဲ ဖြစ်လာတော့၏။

ထို့ကြောင့် ကျယ်လောင်စွာ အော်ဟစ်တော့သည်။

''စကားပြောနေလို့ ဘာအဓိပ္ပာယ်မှ မရှိဘူး။ တိုက်ခိုက်ဖို့
လာတာ တိုက်ခိုက်ရုံပဲ ရှိတယ်''

သူမ၏စကား မဆုံးမီ ဓားမြှောင်သုံးစင်းသည် ယင့်မာချွန်း
အဖွဲ့သားထံသို့ လေထုကို ထိုးခွဲ၍ ပြေးဝင်သွား၏။

ယင့်မာချွန်း အဖွဲ့သားသည် ကြိုးတပ်သံလုံးကို ဝှေ့ယမ်းလျက်
ဓားမြှောင်ကို ရိုက်ထုတ်ပစ်လိုက်သည်။

ယင့်မာချွန်းအဖွဲ့သားသည် ရှေ့သို့ ခုန်တက်သွားပြီး ကျင့်စန်
နန်ကို တရကြမ်း တိုက်ခိုက်တော့သည်။

ကျင့်စန်နန်က ကြိုးတပ်သံလုံးကို ငုံ့ရှောင်လိုက်ပြီး သူမ၏
ဓားနှစ်လက်တိုက်ကွက်ဖြစ်သော 'လေမွှေတိုက်ကွက်'ဖြင့် ခုခံလိုက်ရ၏။

ယင့်မာချွန်းအဖွဲ့သားက ဓားနှစ်လက်ကို ခုန်ဆုတ်ပြီး
ရှောင်တိမ်းရပြန်သည်။

တိုက်ပွဲကြီး စတင်လေပြီ။

တရုတ်ဘုန်းကြီးကျင့်ကြည်သည် ထောင်ပိုင်ချွေ့ကို စတ

---



တိုက်ခိုက်၏။

ထောင်ပိုင်ချွေ့က တဟားဟားရယ်ရင်း ရင်ဆိုင်ခုခံသည်။

သံကြာပွတ်နှင့် တရုတ်ဘုန်းကြီး၏ဓား ထိခတ်မိသောအခါ
မီးပွင့်ကလေးများ ပွင့်လာသည်။

ထိုရောအခါ ထောင်ကြည်အန်းသည်လည်း သူ့ဓားကို
ဝှေ့ယမ်းလျက် ရှုံးယွမ်ရှန့်ထံ ခုန်တက်ဝင်သွားတော့သည်။

ထို့ကြောင့် ယင့်မာချွန်းအဖွဲ့သားနှင့် ကျင့်စန်နန်က တစ်တွဲ၊
ထောင်ပိုင်ချွေ့နှင့် တရုတ်ဘုန်းကြီး ကျင့်ကြည်ကတစ်တွဲ၊ ထောင်ကြည်
အန်းနှင့် ရှုံးယွမ်ရှန့်တို့ကတစ်တွဲ စသည်ဖြင့် အတွဲသုံးတွဲ တိုက်ခိုက်နေကြ
လေတော့၏။

ကိုယ်ရံတော်ကြီး လိုယွမ်ဟို့ကမူ တောင်ငှေးအတိုနှစ်ချောင်းကို
ကိုင်လျက် ရပ်စောင့်နေသည်။

တရုတ်ဘုန်းကြီး ကျင့်ကြည်သည် ထောင်ပိုင်ချွေ့နှင့် လက်ရည်
မတူကြောင်း လိုယွမ်ဟို့ တွေ့ရှိလာသည်။

''ကိုယ်တော်ကြီး ပြန်ဆုတ်ပါ။ အဲဒီ ထောင်ပိုင်ချွေ့ဆိုတဲ့ လူ့ကို
ကျုပ် တိုက်ပါရစေ''

ကျင့်ကြည်သည် ထောင်ပိုင်ချွေ့ကို အရှုံးမပေးချင်သေးပေ။
သေသေကြေကြေ ဆက်တိုက်ချင်သေးသည်။

ထို့ကြောင့် လိုယွမ်ဟို့သည် တိုက်ပွဲစည်းအတွင်း ခုန်ဝင်သွားပြီး
ကျင့်ကြည်ကို တွန်းထုတ်လိုက်၏။

ကျင့်ကြည်မှာ မတတ်သာတော့ဘဲ ခုန်ထွက်သွားရတော့သည်။
ထိုအခိုက်မှာပင် ဝိုးခနဲ အသံကြားလိုက်ရသဖြင့် ကျင့်ကြည်
သည် သေလုမျှောပါး ခေါင်းငုံ့ ရှောင်တိမ်းလိုက်ရ၏။

ထောင်ကြည်အန်းသည် အလစ်တွင် ကျင့်ကြည်အား သူ့

www.burmeseclassic.com

www.burmeseclassic.com



ဓားရှည်ဖြင့် လှမ်းခုတ်လိုက်ခြင်း ဖြစ်ပေသည်။

ဓားသည် ကျင့်ကြည်၏ဦးခေါင်းအနီးမှ စပါးလုံးတစ်ထောက်စာ လွဲချော်ဖြတ်သန်းသွားသည်။

ကျင့်ကြည်မှာ သေဘေးမှ စပါးလုံး တစ်ထောက်စာကလေ လွတ်ခဲ့ရသဖြင့် ချွေးသီးချွေးပေါက်ကြီးများ စီးကျလာတော့၏။

သို့သော် ချက်ချင်း ကုခြေဆည်လိုက်ပြီး ထောင်ကြည်အနီး ပြန်လည်တိုက်ခိုက်တော့သည်။

ထိုအခါ ထောင်ကြည်အနီးသည် ရှုံးယွမ်ရှန့်နှင့် ကျင့်ကြ တို့အား နှစ်ယောက်တစ်ယောက်နှုန်းဖြင့် တိုက်ခိုက်နေရတော့၏။

ထောင်ပိုင်စွေ့သည် လိုယွမ်ဟို့ကို သံကြာပွတ်ကြီးဖြင့် ရိုက်ချ

လိုယွမ်ဟို့က သံတောင်ဝှေးအတိုတစ်ချောင်းဖြင့် ခုခံလို သည်။

'ချွမ်း'ခနဲ မြည်ပြီး မီးပွားများ လွင့်ထွက်သွား၏။

လိုယွမ်ဟို့က နောက်ထပ် သံတောင်ဝှေးအတိုတစ်ချောင်းဖြ ထောင်ပိုင်စွေ့ကို ရိုက်ချသည်။

ထောင်ပိုင်စွေ့သည် ခုန်ရှောင်ရတော့သည်။

တိုက်ကွက်ခြောက်ကွက် တိုက်ခိုက်ပြီးသောအခါ ထောင်ပိုင် မပေါ့ဆဝံ့ဘဲ ဖြစ်လာတော့၏။

အဘယ်ကြောင့်ဆိုသော် တကယ်ရင်ဆိုင်တွေ့နေရသည့် ပုဂ္ဂိ သည် သူ့ထက် သိုင်းပညာအဆင့်နိမ့်သူ မဟုတ်ကြောင်း သိလာသေ ကြောင့်တည်း။

ထိုတိုက်ပွဲ၌ အသာစီးဖြင့် တိုက်ခိုက်နိုင်သူမှာ ယင့်မာချွ အဖွဲ့သားဖြစ်၏။

အမျိုးသမီး ကျင့်စန်နန်သည် တဖြည်းဖြည်း နောက်ဆု

---



ပေးနေရလေ၏။

နောက်ထပ် အခြေအနေဆိုးသူတစ်ယောက်မှာ ထောင်ကြည် အနီး ဖြစ်၏။

သူသည် နှစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်နေရသဖြင့် သူလည်း တစ်ဆုတ်တည်း ဆုတ်နေရသည်။

သူ့မျှော်လင့်ချက်မှာ ထောင်ပိုင်စွေ့ကဖြစ်ဖြစ်၊ ယင့်မာချွန်း အဖွဲ့ကဖြစ်ဖြစ် သူတို့ရန်ဘက်များကို အသေသတ် အပြတ်ရှင်းပြီး သူ့ရန်သူနှစ်ယောက်အနက်မှ တစ်ယောက်ကို ဖဲ့ထုတ်တိုက်ခိုက်နိုင်ရန်သာ ဖြစ်သည်။

ထိုအခြေအနေကို ကျင့်စန်နန်က ကောင်းစွာသဘောပေါက် သည်။

သူမသာ ယင့်မာချွန်းအဖွဲ့သား၏လက်ချက်ဖြင့် သေဆုံးသွား လျှင် သူမတို့လူစုနှင့် ထောင်ပိုင်စွေ့တို့လူစု ချိန်ခွင်လျှာ ညီမျှသလို ညီမျှသွားပေလိမ့်မည်။

ထို့ကြောင့် သူမ အနေဖြင့် အသေမခံနိုင်ချေ။

သူမက ပါးနပ်လိမ္မာစွာ ခံစစ်ကို အသုံးပြုတော့၏။

သူမ၏ဓားနှစ်လက်ခံစစ်မှာ ရေပက် မဝင်လောက်အောင် ပြည့်စုံကောင်းမွန်လှသဖြင့် ယင့်မာချွန်းအဖွဲ့သား၏ ကြိုးတပ်သံလုံး တိုက်ကွက်များသည် မုန်တိုင်းတိုက်သလို တဝုန်းဝုန်း တိုက်ခိုက်နေသော် လည်း အရာမဝင်ဘဲ ဖြစ်နေရလေ၏။

သို့သော် အချိန်ကြာမြင့်လာသည်နှင့်အမျှ မိန်းမသားဖြစ်သော ကျင့်စန်နန်မှာ တဖြည်းဖြည်း ခွန်အားဆုတ်ယုတ်လာသည်။

ထိုအခါ ယင်းမာချွန်းအဖွဲ့သားသည် တိုး၍တိုး၍ တိုက်ခိုက်လာ ပလာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းမာချွန်းအဖွဲ့သားသည် တိုက်ပွဲနိဂုံးချုပ်နိုင်ရန် နီးကပ်လာပြီကို ရိပ်မိလာသဖြင့် သူ့အင်အားကို နောက်ထပ် တစ်ဆတိုး၍ တိုက်ခိုက်လာသည်။

ထိုစဉ်.....

ကျင့်စန်နန်၏ လက်ဝဲဘက်ခါးစောင်း၌ ဟာကွက်တစ်ခု ပေါ်လာ၏။

ယင်းမာချွန်းအဖွဲ့သားသည် အတိုင်းမသိ ဝမ်းသာသွားပြီး ရှေ့တစ်လှမ်းတိုးကာ ထိုဟာကွက်ကို ကြိုးတပ်သံလုံးဖြင့် စိုက်ချလိုက်လေတော့၏။

"ဟာ"

ယင်းမာချွန်းအဖွဲ့သား၏ နှုတ်ခမ်းမှ အာမေဋိတ်သံ ယောင်ယမ်းထွက်သွားသည်။

သူမမျှော်လင့်ပါ။

သူ့ခြေထောက်သည် လေဟာပြင်ကို တက်နင်းမိလိမ့်မည်ဟု တိုက်ပွဲကာလတစ်လျှောက်လုံး သူ မမျှော်လင့်ခဲ့ပါ။

ယခု.....

သူ့ခြေဖဝါးအောက်၌ နင်းစရာ ဘာမျှမရှိတော့ကြောင်း အချိန်နှောက်ကျစွာ သိလိုက်ရသည်။

သူသည် ရွှံ့ယွမ်ရှန့်တို့ ပုန်းခိုနေခဲ့သည့် ကတုတ်ကျင်းထဲသို့ လျှောခနဲ ကျဆင်းသွားလေတော့၏။

"ဒီကောင်မ ငါ့ကို မှားခေါ်တာပဲ၊ တကယ့်နတ်ဆိုးမပဲ"

သူသည် အသိနှောက်ကျစွာနှင့် အဖြေမှန်ကို တွေးလိုက်မိလေ၏။

သို့သော် သူ့၌ ပြင်ဆင်ချိန် မရှိတော့ပါ။

---



သူ့အပေါ်ကျရောက်လာမည့်ဓားချက်ကို ခုခံရန်ကြိုးစားလိုက်၏။

အခြေပျက်သွားပြီဖြစ်၍ သူ့ကြိုးစားချက်များ အရာမထင်တော့ပါ။

သဲထဲ ရေသွန်သလို အချည်းနှီး ဖြစ်သွားခဲ့ရပါပြီ။

ကျင့်စန်နန်၏ဓားချက်သည် သူ့ဝဲဘက်ပခုံးပေါ်သို့ ရွှမ်းခနဲ ကျလာပြီး သွေးများ ရဲခနဲ ဖြစ်သွားသည်။

"အား"

ယင်းမာချွန်းအဖွဲ့သား၏ ငယ်သံပါအောင် အော်ဟစ်သံသည် တိုက်ပွဲပတ်ဝန်းကျင်တစ်ခုလုံးသို့ လွင့်ပျံသွား၏။

"ရွှမ်း"

ကျင့်စန်နန်၏ နောက်ထပ်ဓားတစ်ချက်သည် ယင်းမာချွန်းအဖွဲ့သား၏ လက်ယာပခုံးပေါ်သို့ ကျသွားပြန်၏။

နောက်တစ်ချက်။

နောက်တစ်ချက်။

ယင်းမာချွန်းအဖွဲ့သားသည် မြေကျင်းထဲ၌ ငြိမ်သက်သွားလေတော့၏။

တောင်ပိုင်ခွေ့နှင့် တောင်ကြည်အန်းတို့၏ နားထဲ၌ သူတို့အဖွဲ့သား၏ ငယ်သံပါအောင် အော်ဟစ်သံကို ထိတ်လန့်စွာ ကြားလိုက်ရသည်။

အခြေအနေဆိုးကိုလည်း ကောင်းစွာအကဲခတ် မိသွားကြ၏။

သူတို့တိုက်ပွဲသည် အရှုံးဆီကိုသာ ဦးတည်သွားပြီဖြစ်ကြောင်း နားလည်လိုက်သဖြင့် ခံစစ်ကို ပိုမိုလုံခြုံအောင် ဂရုစိုက်ကြရတော့သည်။

သားအဖချင်း တစ်ယောက်ကိုတစ်ယောက် အကူအညီ ပေးရန်လည်း အခွင့်မသာတော့ပါ။

---

www.burmeseclassic.com

www.burmeseclassic.com



ကျွင့်စန်နန်သည် သူ့တာဝန် ပြီးဆုံးသွားသဖြင့် လေပူတစ်ချက် မှုတ်ထုတ်ကာ သူမ၏ဆံပင်ကို ပြင်စည်းလိုက်သည်။

ဓားနှစ်လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ပြီး တိုက်ပွဲစည်းအတွင်းသို့ ပြန်လည် ခုန်ဝင်လာပြန်တော့သည်။

သူမ၏ယောက်ျားအား အသေသတ်ခဲ့သူ ယင်းမာချွန်း အဖွဲ့ခေါင်းဆောင် ထောင်ပိုင်စွေ့နှင့် ထောင်ကြည်အန်းတို့အား ရန်ကြေးအပြေပေးဆပ်တော့မည်။

သူမသည် လိုယွမ်ဟို့နှင့် တိုက်ခိုက်နေသည့် ထောင်ပိုင်စွေ့အနီးသို့ ရှေးဦးစွာ ခုန်ဝင်သွား၏။

လိုယွမ်ဟို့တစ်ယောက်တည်းကို အကြိတ်အနယ် ခုခံနေရသောထောင်ပိုင်စွေ့မှာ ကျွင့်စန်နန် ဝင်လာပြန်သဖြင့် အသက်မရှူနိုင်အောင် ဖြစ်သွားရတော့သည်။

အကယ်၍ ထောင်ပိုင်စွေ့သာ ယခုထက် အသက်နှစ်ဆယ်ခန့် ငယ်သွားခဲ့ပါလျှင် လိုယွမ်ဟို့သည် ထောင်ပိုင်စွေ့ကို ယှဉ်နိုင်မည် မဟုတ်ပါ။

ယခုတိုက်ပွဲ၌ ထောင်ပိုင်စွေ့၏ တိုက်ကွက်များ ကောင်းမွန်သော်လည်း အင်အားဆုတ်ယုတ်နေသဖြင့် ရေရှည် မခုခံနိုင်ခြင်းသာဖြစ်ပါသည်။

ကျွင့်စန်နန်ကြောင့် ထောင်ပိုင်စွေ့မှာ သေလုသေခင် အကြိမ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရသည်။

သူ့အဖို့ သေမင်းနှင့် ကစားနေရသည့်ဘဝမျိုးသို့ ရောက်ရှိနေခဲ့ရပါသည်။

လိုယွမ်ဟို့သည် သူ၏ သံတောင်ဝှေးနှစ်စုံစလုံးကို အသုံးပြု၍ တိုက်ခိုက်တော့သည်။

---



ဤ'ဂဠုန်တောင်ပံရိုက်' တိုက်ကွက်သည် ထောင်ပိုင်စွေ့အတွက် အသက်ရှုမှားစေသောတိုက်ကွက် ဖြစ်လာ၏။

ကျွင့်စန်နန်၏ဓားနှစ်လက်ကလည်း ထိုတစ်ချိန်တည်းမှာပင် ရပ်ပြိုတိုးဝင်လာသည်။

လက်နက်လေးခု တိုးဝင်လာသောအခါ ထောင်ပိုင်စွေ့၏ သံကြာပွတ်ကြီးမှာ မည်သို့မျှ မခုခံနိုင်တော့ပါ။

ထောင်ပိုင်စွေ့သည် မာန်သွင်း အော်ဟစ်လျက် တစ်ပတ်ကျွမ်းပစ်ကာ ကျွင့်စန်နန်အား ခြေထောက်ဖြင့် ပြင်းထန်စွာ ကန်ပစ်လိုက်သည်။

''ရွှမ်း''

ကျွင့်စန်နန်သည် လွင့်စင်သွားသည်။

သူမ၏ဓားဦးသည်လည်း ထောင်ပိုင်စွေ့၏ ဝဲဘက်နံပါးကို ခြစ်သွားသည်။

သွေးများ ရဲခနဲထွက်လာ၏။

ဖြူဖွေးသော နှင်းပွင့်များ နီရဲသွားတော့သည်။

သို့သော် ထောင်ပိုင်စွေ့ အရှုံးမပေးပါ။

လက်ရည်လည်း ကျမသွားပါ။

အံကြိတ်၍ ရှိသမျှအင်အားကို ဖျစ်ညှစ်ထုတ်လျက် ပြန်လှန်တိုက်ခိုက်နေသည်။

သူ၏ ကြာပွတ်ကြီးကလည်း တရွှမ်းရွှမ်း မြည်နေသည်။

လိုယွမ်ဟို့အနေဖြင့် ဤသံကြာပွတ်ကြီးလွတ်ကျသွားအောင် မည်သို့ပြုရမည်မှန်း စဉ်းစား၍မရဘဲ ရှိနေ၏။

ထောင်ကြည်အန်းသည် အသေအလဲ ခုခံနေရင်းမှ သူ့ခေါင်ကြီး၏ အုံ့မခန်းတိုက်ကွက်ကို မြင်နေခဲ့သည်။

မကြာမီ သူတို့ ရှုံးတော့မည်ကို သိရှိနေသည်။

---

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကြည်အန်းသည် သူသေကိုယ်သေ တိုက်ကွက်ကို သုံး၍ ကျင့်ကြည်အား ဓားဖြင့် လှမ်းထိုးသည်။

ကျင့်ကြည် နောက်သို့ ခြေသုံးလှမ်း ဆုတ်သွားရ၏။

ထောင်ကြည်အန်းသည် ရွှံ့ယွမ်ရှန့်၏တိုက်ကွက်ကို ရှောင်ကာ နောက်သို့ ခုန်ဆုတ်လိုက်သည်။ သူက ချက်ချင်း အော်ပြောသည်။

"တော်ကြပါတော့ဗျာ။ ဒီနေ့တိုက်ပွဲမှာ ကျုပ်တို့ အရှုံးပေးပါတယ်။ ခင်ဗျားတို့ ဘာလိုချင်တာလဲ၊ ရတနာကို လိုချင်ကြတာလား။ ကျုပ်တို့သားအဖရဲ့အသက်ကို လိုချင်ကြတာလား။ ကြိုက်တာပြော ကြဗျာ"

"ရတနာလဲ ယူမယ်၊ ရှင်တို့သားအဖရဲ့ အသက်ကိုလဲ ယူမယ်"

ထိုသို့ အော်လိုက်သူကား ကျင့်စန်နန်တည်း။

ကျင့်စန်နန်သည် ရှေ့သို့ခုန်ထွက်ရန် ကြိုးစားလိုက်သည်။

"နေဦး"

ရွှံ့ယွမ်ရှန့်က လှမ်းအော်တားလိုက်၏။

သူသည် ထောင်ပိုင်ဇွေ့တို့ သားအဖကို နှစ်ကြိမ်တိုင်တိုင် ရှုံးနိမ့်ခဲ့ဖူးပြီ။

ယခုအကြိမ် အနိုင်ရပြီ။

အနိုင်ရသည့်အချိန်တွင် မိမိအတွက် အကျိုးများနိုင်သမျှ များများယူရမည့် နည်းလမ်းကို စဉ်းစားရန် လိုအပ်ကြောင်း ရွှံ့ယွမ်ရှန့် သိသည်။

"နေကြဦးဗျာ၊ ကျုပ် ပြောမယ်"

ကျင့်စန်နန်မှာ မကျေနပ်သော်လည်း ရွှံ့ယွမ်ရှန့်၏ အမိန့် အာဏာကို မလွန်ဆန်ရဲပေ။

ထို့ကြောင့် ကျင့်စန်နန်နှင့် လိုယွမ်ဟို့တို့သည် ရွှံ့ယွမ်ရှန့်၏



တေး၌ အံသာရပ်လိုက်ကြ၏။

သူတို့ထဲ၌ တားမရဆီးမနိုင် ဖြစ်နေသူမှာ တရုတ်ဘုန်းကြီး ကျင့်ကြည်ဖြစ်၏။

ကျင့်ကြည်သည် လက်တွေ့နေသဖြင့် ထောင်ပိုင်ဇွေ့ကို ပဲသဲမဲမဲ တိုက်ခိုက်နေသည်။

ရွှံ့ယွမ်ရှန့်၏ တားမြစ်သံကိုလည်း ကြားဟန်မတူပေ။

"ကိုယ်တော်ကြီး ကျင့်ကြည်"

"ကိုယ်တော်ကြီး ကျင့်ကြည်"

ရွှံ့ယွမ်ရှန့်က အသံကုန်ဟစ်၍ခေါ်၏။

ကျင့်ကြည်သည် ရွှံ့ယွမ်ရှန့် ဤမျှအော်နေသည်ကိုပင် မကြား သာဓယ.င်ဖြင့် ဆက်လက် ငိုက်ခိုက်ထိုးခုတ်နေသည်။

ထိုစဉ် ထောင်ကြည်အန်းက မိုးခြိမ်းသံလို အော်ဟစ်လိုက်၏။

"ခင်ဗျားက ကျုပ်အဖေကို သတ်ဝံ့လို့လားဗျ"

ကျင့်ကြည်သည် ထောင်ကြည်အန်း၏အော်သံကြောင့် ရုတ်ချည်း ရပ်ဆိုင်းသွားသည်။

"ဒိုး"

ထောင်ကြည်အန်းသည် တရုတ်ဘုန်းကြီး၏မျက်နှာကို လက်သီးဖြင့် ထိုးချလိုက်၏။

ကျင့်ကြည်မှာ မမျှော်လင့်ဘဲ အထိုးခံလိုက်ရသဖြင့် ဖင်ထိုင် ကျသွားသည်။

နှာခေါင်းမှ သွေးများယိုစီး ကျလာတော့သည်။

သူ့နှာခေါင်းမှ သွေးများကို လက်ဖဝါးဖြင့် သုတ်ကြည့်ပြီး ဒေါသူနတရာ စိတ်ဆိုးသွားသည်။

"မင်းကလားကွ ငါ့ကို လုပ်ရဲတာ"

www.burmeseclassic.com

www.burmeseclassic.com



ကျင့်ကြည် ခုန်ထလိုက်၏။

တပြိုင်တည်းလိုလိုမှာပင် ထောင်ကြည်အန်းဆီသို့ ခုန်ဝင်သွားလေ၏။

ရှုံးယွမ်ရှန့်က အသံကုန် အော်ဟစ်လိုက်၏။

''ကိုယ်တော်ကြီး နေပါဦး''

လိုယွမ်ဟို့သည် လျှပ်တစ်ပြက် လှုပ်ရှားသွားပြီးနောက် ကျင့်ကြည်အား ဘေးဘက်သို့ ခုန်ဆွဲသွားသည်။

ထောင်ကြည်အန်းက အော်ဟစ်ရယ်မောရင်း ကြည့်နေ၏။

''ကိုယ်တော်ကြီး စိတ်ထိန်းပါ၊ ရှုံးယွမ်ရှန့် စီစဉ်ပါလိမ့်မယ်''

ကျင့်ကြည်မှာ မကျေမနပ်ဖြင့် လိုယွမ်ဟို့ ဆွဲခေါ်ရာသို့ပါသွားတော့သည်။

ရှုံးယွမ်ရှန့်က ထောင်ပိုင်စွေ့ကို လှမ်းပြောလိုက်၏။

''ထောင်ပိုင်စွေ့ ခင်ဗျားတို့ တူးလက်စတွင်းထဲက ဓါးသတ္တုကိုသာ ဖော်ထုတ်တော့ဗျာ''

ထောင်ပိုင်စွေ့က.....

''ခင်ဗျားတို့လိုချင်တာ ရတနာပဲဆိုပါတော့''

ထောင်ကြည်အန်းက သူ့ဖခင်အား ဝင်ပြောသည်။

''အဖေ ဘာမှပြောမနေပါနဲ့တော့ဗျာ၊ သူတို့ ရတနာ လိုချင်ရင် ယူပါစေ၊ ဒီလိုရတနာမျိုး ကျုပ်တို့အသက်ရှင်သရွေ့ ရှာနိုင်ပါတယ်''

ထောင်ပိုင်စွေ့က သူ့အား တစ်ချက်ကြည့်ကာ ခေါင်းညိတ်ပြလိုက်၏။

''ကဲ.....ဒါဖြင့်လဲ ဖော်ပြီးပေးလိုက်ပေတော့''

ထောင်ကြည်အန်းသည် တူးလက်စ မြေကျင်းထဲသို့ ခုန်ဆင်းသွား၏။

---



ထို့နောက် သံပေါက်တူးဖြင့် တဖုံးဖုံးတူးရင်း သံသေတ္တာကြီးတစ်လုံးကို ကော်တင်လိုက်သည်။

ဗျက်က သိပ်မကြီးလှချေ။

သူသည် သံသေတ္တာကြီးကို ပိုက်၍ မြေကျင်းထဲမှ အပေါ်သို့ လှမ်းခုန်တက်လိုက်သည်။

ရှုံးယွမ်ရှန့်နှင့် လိုယွမ်ဟို့တို့၏မျက်နှာတွင် အလွန်တရာ မကျေနပ်အားရသည့် အရိပ်အရောင်များ ပေါ်လာ၏။

ထိုစဉ် ယွမ်စစ်ကျုံး၏ အမိန့်ပေးသံ ထွက်ပေါ်လာသည်။

သူ့အသံက လေသံမျှသာ။

သို့သော် ယင်ကြည်နှင့် ချောင်ယွင်ချီတို့က ပီသစွာကြားလိုက်ကြရသည်။

''နောင်ကြီး ယင်ကြည်၊ ချောင်ယွင်ချီ အားလုံးကို အဆိပ်မှုန့်နဲ့ ပစ်ပါ၊ ကျုပ်က ရတနာသေတ္တာကို ရအောင် သွားလုမယ်''

ယင်ကြည်က ခပ်တိုးတိုး ပြန်မေး၏။

''ကျုပ်က ဘယ်သူ့ကို ပစ်ရမှာလဲ၊ ချောင်ယွင်ချီကရော ဘယ်သူ့ကို ပစ်ရမှာလဲ''

ယွမ်စစ်ကျုံးက နံပါတ်ခြောက်အကွရာကို လက်ဖြင့် ပုံစံဖော်ပြလိုက်၏။

ယင်ကြည်မှာ ထိတ်လန့်သွားသည်။

''အလို.....ဘုရားရေ ခြောက်ယောက်စလုံး ပစ်သတ်ရမယ် ဆိုပါကလား''

ယွမ်စစ်ကျုံးကတော့ ရက်ရက်စက်စက်ပင် လုပ်တော့မည်။

ဒီဒီအနေဖြင့်လည်း နောက်မဆုတ်သာတော့ပြီ။

ထို့ကြောင့် ယင်ကြည်သည် မသက်မသာ ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ချောင်ယွင်ချိုကမူ ထောင်ကြည်အန်းကိုသာ မမိုတ်မသုန် စိုက်ကြည့်နေသည်။

သူ့စိတ်ထဲ၌ ထောင်ကြည်အန်းကိုသာ အပြတ်ရှင်းချင်စိတ် ပေါ်နေသည်။

ဒီကောင် သေမှ အေးမည်ဟု သူ တွေးနေ၏။

သူ့ကို ယင်ကြည်က စူးစူးစိုက်စိုက် ကြည့်နေသည်ကိုပင် သူ သတိမပြုမိတော့ပေ။

"ဟေး.....ချောင်ယွင်ချို ငါ ပြောတာကို ကြားရဲ့လား"

ယွမ်စစ်ကျုံး၏ ရုတ်တရက် မေးမြန်းသံကြောင့် ချောင်ယွင်ချိုမှာ အလန့်တကြား ဖြစ်သွားသည်။

"ဟုတ်.....ဟုတ်ကဲ့ ကြားပါတယ်"

"သူ ဘာတွေများ ကြားသလဲမသိဘူး"ဟု အဘိုးအိုယင်ကြည် တွေးနေလေ၏။

♛ ♛ ♛



## အခန်း (၃)
## မျက်စုံးမြူတာရှုတ်ဘုန်းကြီးအို

ထောင်ကြည်အန်းသည် သံသေတ္တာကို ပိုက်လျက် အော်ပြောလေ၏။

"ဒီနေ့တော့ဗျာ၊ ကျုပ်တို့သားအဖ ကောင်းကောင်းကြီး အလိမ်ညာခံရတာပဲ၊ သိုင်းလောကဦးသျှောင် ရတနာပစ္စည်းတွေ ထည့်ထားတယ်ဆိုတဲ့ သံသေတ္တာကိုလဲ ကျုပ်က ခင်ဗျားတို့လက်ထဲ လက်နှစ်ဘက်နဲ့ ပေးဆက်ပါမယ်ဗျာ၊ ဒါပေမယ့် ဒီလို မပေးဆက်ခင် ပြီလို့ ကျုပ် တစ်ခုတော့ မေးစမ်းပါရစေ"

ရှုံးယွမ်ရှုန့်က သံသေတ္တာကို မျက်တောင်မခတ်ကြည့်ရင်း မလေလာလော ပြန်မေးသည်။

"ဆိုစမ်းပါဦး၊ မောင်ရင်က ဘာသိချင်လို့လဲ"

ထောင်ကြည်အန်းက.....

"ဟောဒီသေတ္တာ ဒီနားမှာ မြှုပ်ထားတယ်ဆိုတာကို ခင်ဗျားတို့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုသိကြသလဲ၊ ဒီလေးငါးရက်အတွင်းမှာ ဒီသံသေတ္တာကို ကျုပ်တို့ လာတူးမယ်ဆိုတာကော ဘယ်လို သိကြသလဲ''

ရှုံးယွမ်ရှုန်က.....

''ဒါတော့ အသိပေးလို့ မဖြစ်ဘူးကွာ၊ ဒို့ပြင် သိချင်တာဆိုရင်တော့ ပြောချင်ပြောနိုင်သေးတယ်၊ လူတစ်ယောက်ဆီက သတင်းရတယ်ဆိုရင် မင်းအဖို့ လုံလောက်ပြီလို့ထင်တယ်''

ထောင်ကြည်အန်းက.....

''ဒီလိုဆိုရင်တော့ ကျုပ်တို့လက်ထဲက သံသေတ္တာကို ရဖို့ မမျှော်လင့်နဲ့ဗျာ၊ အခု ကျုပ် သိချင်တဲ့သတင်းကို မသိရမချင်း သံသေတ္တာကို လုံးဝ မပေးနိုင်ဘူး''

ရှုံးယွမ်ရှုန်မှာ အခက်တွေ့သွားသည်။

နောက်ဆုံး သက်ပြင်းတစ်ချက်ချရင်း.....

''ကဲ.....မောင်ရင်က ဒီလိုအကွက်ကိုင်မှတော့ ကျုပ်လဲ ဖွင့်ပြောရမှာပေါ့ကွာ''

ရှုံးယွမ်ရှုန်က ဆက်ပြောသည်။

''ဒီလိုကွာ မင်းငယ်ငယ်တုန်းက ထန်းလုံ သိုင်းအဖွဲ့ကြီးရဲ့ ခေါင်းဆောင်ချုပ်ကြီး ထန်ကွေနုံဟာ ညည်ခံပွဲတစ်ခု လုပ်ခဲ့တယ်၊ အဲဒီ ညည်ခံပွဲကတော့ မင်းနဲ့ ခေါင်းဆောင်ချုပ်ကြီးရဲ့သမီး စေ့စပ်ကြောင်းလမ်းပွဲပဲပေါ့၊ သိုင်းလောကသား တော်တော်များများက အဲဒီညည်ခံပွဲကို တက်ခဲ့ကြတယ်''

ရှုံးယွမ်ရှုန်သည် လိုယွမ်ဟို့ကို လက်ညှိုးပြရင်း.....

''အဲဒီညည်ခံပွဲကို ငါ့ရဲ့အဖွဲ့တူ အစ်ကိုကြီး လိုယွမ်ဟို့လဲ တက်ရောက်ခဲ့တယ်ကွ၊ မင်းကတော့ ဘယ်မှတ်မိမလဲကွာ၊ သူက ဒီသံသေတ္တာအကြောင်း အဲဒီကတည်းက သိခဲ့တယ်၊ နောက်ပိုင်းမှာလဲ

---



ဒီသတင်းကို အမြဲမပြတ် ထောက်လှမ်းခဲ့တယ်၊ ငါပြောနိုင်သမျှကတော့ ဒါပါပဲကွာ''

ထောင်ကြည်အန်းက တဟားဟားအော်ရယ်ရင်း.....

''ကျုပ်ယောက္ခမလောင်းကြီး ဖိတ်ခေါ်တဲ့ ညည်သည်တွေထဲမှာ လူလျှိုတွေ ပါဝင်ခဲ့တာကိုးဗျ၊ ဟားဟားဟား..... ကောင်းကွာ''

ရှုံးယွမ်ရှုန် စိတ်မဆိုးပါ။

စိတ်မဆိုးသည့်အပြင်သူက ထပ်မံအတည်ပြု ပြောနေပါသေးသည်။

''နောင်ကြီး လိုယွမ်ဟို့ဟာ မောင်ရင့် လှုပ်ရှားမှုမှန်သမျှကို မျက်စိဒေါက်ထောက် ကြည့်နေမှတော့ မောင်ရင်တို့ ဒီကို ဘယ်နေ့လောက် လာတူးမယ်ဆိုတာ ကြိုတင်သိနေတာကို အံ့သြစရာ မရှိတော့ပါဘူးနော်''

ထောင်ကြည်အန်းက.....

''ကောင်းဗျာ၊ သိပ်ကောင်းတာပဲ၊ အဲဒီတစ်ချက်ထဲနဲ့ ဒီသံသေတ္တာကို လူကြီးမင်းတို့လက်ထဲ ပေးအပ်သင့်နေပါပြီဗျာ''

ထောင်ကြည်အန်းသည် ဝေ့ါတော့တော့ပြောရင်း သံသေတ္တာကို လက်နှစ်ဘက်ဖြင့် ရိုရိုသေသေ လာပေးလေ၏။

လိုယွမ်ဟို့သည် လက်နှစ်ဘက်ဖြင့် လှမ်းယူ၏။

ထောင်ကြည်အန်း၏ လက်မများသည် သံသေတ္တာ၏ တစ်နေရာကို နှိပ်လိုက်ရာ တရွှတ်ရွှတ်မြည်သံဖြင့် မြားငယ်သုံးချောင်း သံသေတ္တာထဲမှ ထွက်လာသည်။

ဤမြားငယ်များကို လိုယွမ်ဟို့အနေဖြင့် မည်သို့မျှ မရှောင်တိမ်းနိုင်ဟု ထင်စရာရှိသည်။

သို့သော် လိုယွမ်ဟို့က အံ့သြဖွယ်ကောင်းလောက်အောင်ပင် ထောင်ကြည်ကို ဆွဲယူလျက် သူ့ရှေ့၌ ခံပေးလိုက်၏။

---

www.burmeseclassic.com

www.burmeseclassic.com



ပုံစံကြည့်ရသည်မှာ လိုယွမ်ဟို့သည် ထောင်ကြည်အန်း၏ လက်များကို ဂရုစိုက်နေပုံရသည်။

ထို့ကြောင့်သာ ဤမျှလျင်မြန်စွာ လှုပ်ရှားနိုင်ခြင်း ဖြစ်ပေလိမ့်မည်။

''အား''

တရုတ်ဘုန်းကြီးကျောင်းကြည်၏ အသံနက်ကြီးသည် ဘဝက်လျှို့သွားသည့်ပမာ ထွက်ပေါ်လာသည်။

မြားငယ်တစ်စင်းသည် ကျောင်းကြည်၏ လည်ပင်းထဲ၌ ပြင်းထန်စွာ နစ်ဝင်သွား၏။

ကျောင်းကြည်မှာ ထိုတဒင်္ဂအတွင်း ပျံလွန်သွားရှာတော့သည်။

တတိယမြောက်မြားငယ်ကမူ ရှုံးယွမ်ရှန့်၏ ပခုံးထဲ စိုက်ဝင်သွား၏။

ဒဏ်ရာ အတော်ပြင်းထန်ပေသည်။

အခြေအနေကား ရုတ်တရက် ပြောင်းလဲသွား၏။

ထောင်ကြည်အန်း၏ တိုက်ခိုက်မှုသည် အလစ်တိုက်ခိုက်မှုဖြစ်၏။

ထိုအဖြစ်ကို အံ့အားသင့်လွန်းသဖြင့် ချောင်းမြောင်းကြည့်ရှုနေသည့် ထန်ချင်ဝင်း၏ နှုတ်များမှ ဟယ်ခနဲ အာမေဋိတ်သံ ထွက်ပေါ်လာ၏။

ထိုအသံကြောင့် သူတို့၏ နောက်ကျောဆီ၌ ရန်သူများ ရောက်ရှိနေပြီဖြစ်ကြောင်း လိုယွမ်ဟို့ သိလိုက်မိသည်။

ရှေ့မှ ရန်သူထက် ကျောမှရန်သူသည် ပိုမို၍ ကြောက်စရာကောင်းကြောင်း လိုယွမ်ဟို့ သိသည်။

သူသည် ထောင်ပိုင်ရွှေနှင့် ထောင်ကြည်အန်းတို့အား

---



တိုက်ခိုက်ရန် စိတ်မဝင်စားတော့ပါ။

ကျောက်တုံးကြီးတစ်တုံးဘေးသို့ရှိန်၍ ကျောနှင့်ကပ်လိုက်သည်။ နောက်ကျော လုံသွားချေပြီ။

သူသည် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။

ထိုစဉ်.....

''တိုက်တော့''

ယွမ်စစ်ကျုံး၏ အော်ဟစ်သံသည် ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

အော်သံနှင့်အတူ တိုက်ပွဲစည်းအတွင်းသို့ ယွမ်စစ်ကျုံး ခုန်ဝင်လာ၏။

ချောင်ယွင်ချို၏ လက်များမြောက်တက်သွားသည်။

အဆိပ်ဆူးချွန်များ လွင့်ပျံထွက်လာသည်။

''ဟာ''

ချောင်ယွင်ချို အလန့်တကြားဖြစ်သွားသည်နှင့်အတူ အဆိပ်ဆူးလက်နက်များသည်လည်း ပစ်မှတ်လွဲချော်သွားလေတော့သည်။

အဆိပ်လက်နက်ပုန်းပစ်ရာ၌ အလွန်တရာ လက်မှန်လှသော ချောင်ယွင်ချိုတစ်ယောက် အဘယ်သို့ ဖြစ်သွားသနည်း။

ဤအချိန်၌ ချောင်ယွင်ချို မည်သို့မျှ မဖြစ်ပါ။

သူ့စိတ်ကြိုက် ပစ်ရပါက အဆိပ်လက်နက်များ လုံးဝလွဲချော်မည် မဟုတ်ပါ။

ယခု ထန်ချင်ဝင်းက သူမ၏ပခုံးဖြင့် ချောင်ယွင်ချို၏ပခုံးကို ပြေးတိုက်လိုက်သောကြောင့် ပစ်မှတ်မှ လွဲချော်သွားခြင်းဖြစ်ပါသည်။

အဘိုးအိုယင်ကြည်သည် မူလက လိုယွမ်ဟို့အား အဆိပ်ဆူးချွန်များဖြင့် ပစ်ခတ်ရန် ရည်ရွယ်ထားသည်။

---

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထန်ချင်ဝင်း၏ အာမေဋိတ်သံကြောင့် သူ့အစီအစဉ်ကို သူ့တာသာပယ်ဖျက်လိုက်သည်။

လိုယွမ်ဟို့ကို ဤနည်းဖြင့် သတ်ဖြတ်ရန်မရနိုင်တော့ကြောင်း ပါးနပ်လိမ္မာသော ယင်ကြည်နားလည်လိုက်ပါ၏။

ယွမ်စစ်ကျုံးက ကြုံး၍ အော်နေသည်။

''ပစ္စည်းကို မူလပိုင်ရှင်လက်ထဲ ပြန်ပေးအပ်မယ်''

''ပစ္စည်းကို မူလပိုင်ရှင်လက်ထဲ ပြန်ပေးအပ်မယ်''

သူသည် အော်ဟစ်ရင်း သူ၏ ဘယ်ဘက်လက်ငါးချောင်းကို သံချွန်များသဖွယ် အသုံးပြု၍ ထောင်ကြည်အန်း၏ မျက်လုံးများကို ကော်ထုတ်၏။

ညာဘက်လက်က ထောင်ကြည်အန်း ကိုင်ထားသည့် သံသေတ္တာကို ဆွဲယူသည်။

လိုယွမ်ဟို့သည် သူ၏တောင်ဝှေးတိုနှစ်ချောင်းဖြင့် တိုက်ပွဲစည်းတွင်းသို့ ဝင်လာသည့် ယင်ကြည်အား ခုခံသည်။

ယင်ကြည်သည် ဓားရှည်ကိုင်ထားပြီး တိုက်ခိုက်နေသည်။

သူတို့နှစ်ယောက်သည် ထန်းလုံအဖွဲ့၏ ခေါင်းဆောင်ချုပ်ကြီး ထန်ကျွေနံ၏ ညွှန်ခံပွဲတစ်ခု၌ လူချင်း ဆုံဖူးကြသည်။

ယခု ဒုတိယအကြိမ် ဆုံခြင်းဖြစ်သည်။

သည်တစ်ကြိမ်၌မူ သူသေကိုယ်သေ တိုက်ခိုက်လျက် ရှိနေကြလေပြီ။

သူတို့သည် သိုင်းကွက်သုံးလေးကွက် တိုက်ပြီးသည်နှင့် အဆင့်မြင့်သိုင်းပညာရှင်တွေမှန်း တစ်ဦးကိုတစ်ဦး အသိအမှတ် ပြုလိုက်ကြလေပြီ။

တစ်ဦး၏ပညာကို တစ်ဦးက လေးစားသွားကြ၏။

---



ထန်ချင်ဝင်းနှင့်ကျင့်စန်နန်တို့သည်လည်း အကြိတ်အနယ် တိုက်ခိုက်နေကြ၏။

ကျင့်စန်နန်း၏ ဓားနှစ်လက်က အပေါ်စီးမှ တိုက်ခိုက် လျက် ရှိနေသည်။

ချောင်ပွင့်ချီသည်လည်း ငြိမ်၍ ရပ်မနေပါ။

တိုက်ပွဲအတွင်း ဓားရှည်ဆွဲ၍ ပြေးဝင်လာသည်။

သူ၏ ပစ်မှတ်ကား ထောင်ကြည်အန်း။

'ဗိုင်ကန်းကွမ်ရစ်' ဟူသော ဓားသိုင်းကွက်သည် အလွန်တရာ ရက်စက်ကြမ်းကြုတ်သောသိုင်းကွက်ဖြစ်သည်။

သူသည် ထိုသိုင်းကွက်ဖြင့် ထောင်ကြည်ဆန်းကို တရကြမ်း ဝင်ရောက်တိုက်ခိုက်သည်။

ထောင်ကြည်အန်းမှာ ယွမ်စစ်ကျုံးကို ခုခံရသည်ကတစ်ဖက်၊ ချောင်ပွင့်ချီကို ခုခံရသည်က တစ်ဖက်တို့ကြောင့် သူ့လက်ထဲမှ သံသေတ္တာကို လက်လွှတ်လိုက်ရတော့သည်။

ယွမ်စစ်ကျုံးသည် သံသေတ္တာ ရသွားသောအခါ နောက်သို့ ပြန်ဆုတ်သွား၏။

''တယ်တော်တဲ့ကောင်ပဲ၊ ယောက္ခမလောင်းကို မြှားနဲ့ ပစ်သတ်ပြီး ဘာဖြစ်လို့ ငါတို့ ထန်းလုံအဖွဲ့ရဲ့ သမိုင်းဝင်ပစ္စည်းကို လိုချင်ရတာလဲ''

ထောင်ကြည်အန်းက ချောင်ပွင့်ချီ၏ တိုက်ကွက်ကို ရှောင်ရှား ကာ-

''ခင်ဗျားကို ဘယ်သူပြောသလဲဗျ၊ ယောက္ခမလောင်းကို ကျွန်တော်က သတ်ဖြတ်တယ်လို့''

သူသည်စကားဆုံးသည်နှင့် ယွမ်စစ်ကျုံးကို ဓားဖြင့် ဝင်ခုတ်

---

www.burmeseclassic.com

www.burmeseclassic.com



ကာ သူ့ သံသေတ္တာကို ပြန်လှ၏။

မလွယ်ပါ။

တကယ့်ကို မလွယ်ပါ။

သံသေတ္တာသည် သိုင်းသမားတစ်ယောက်၏ လက်ထဲသို့ ရောက်နေသည် မဟုတ်ပါ။

ခုနစ်စင်ကြယ် ယွမ်စစ်ကျုံး ဟူသော သိုင်းသမား၏လက်ထဲ ရောက်နေခဲ့ပါပြီ။

ချောင်ယွင်ချီ မကျေညီလည်း ယွမ်စစ်ကျုံးကတော့ ထောင်ကြည့်အန်းထံမှ သံသေတ္တာကို လွယ်လွယ်ကူကူ လုယူနိုင်သည်သာဖြစ်ပါ၏။

ယွမ်စစ်ကျုံးသည် ဓားကိုင်ထားသော ထောင်ကြည့်အန်းအား လက်နက်မဲ့ လက်ချည်းသက်သက်ဝင်တိုက်အနိုင်ယူခဲ့ခြင်း ဖြစ်ပါသည်။

ထောင်ကြည့်အန်းအနေဖြင့် စိတ်လျှော့ရုံမှတစ်ပါး အခြားမရှိတော့ပါပြီ။

ထိုစဉ် ထောင်ပိုင်စွေ့၏ မိုးခြိမ်းသံကဲ့သို့သော အော်ဟစ်သံကြီး ထွက်ပေါ်လာ၏။

"ဟာ.....ဒီသံသေတ္တာဟာ ကျုပ်ရဲ့ ခမည်းခမက်က ကျုပ်လက်ထဲ ပေးခဲ့တာဗျ၊ အဲဒီအချက်ကို ခင်ဗျား သိထားစမ်းပါ၊ ယွမ်စစ်ကျုံး ခင်ဗျား ဘာပြောချင်သေးသလဲ"

ထောင်ပိုင်စွေ့သည် ယွမ်စစ်ကျုံး၏ ပမာမခန့် အမူအရာကို မြင်သောအခါ စကားအထွေအထူး ပြောမနေတော့ဘဲ သံကြာပွတ်ဖြင့် ဦးခေါင်းကို ရိုက်ချသည်။

"ရွမ်း....."

ယွမ်စစ်ကျုံးက ငြိမ်မနေပါ။

ငြိမ်နေလျှင် ဦးခေါင်းပင် ပြတ်ပါသွားနိုင်သည်။

---



သူသည် နောက်သို့ နှစ်ကြိမ် ခုန်ဆုတ်၏။

ဆယ်ကိုက်မျှသော အကွာအဝေးသို့ ရောက်ရှိသွားသည်။

သူသည် ကျင့်စန်နန်နှင့် တိုက်ခိုက်နေသည့် ထန်ချင်ဝင်းဘေးသို့ ရောက်ရှိသွား၏။

ရောက်လျှင်ရောက်ချင်း ကျင့်စန်နန်၏ မျက်နှာနားသို့ သံသေတ္တာ မြှောက်လိုက်သည်။

စောစောကပင် ဤသံသေတ္တာအတွင်းမှ မြားသုံးစင်း ထွက်ခဲ့သည် မဟုတ်ပါလော။

ကျင့်စန်နန်သည် ထန်ချင်ဝင်းကို ဂရုမစိုက်နိုင်တော့ဘဲ အသေအလဲ ရှောင်တိမ်းရလေတော့၏။

စင်စစ် ဤသံသေတ္တာအတွင်း၌ နောက်ထပ် မြား မည်မျှရှိသည်ကို ယွမ်စစ်ကျုံး မသိပါ။

မြားထွက်လာစေရန်မည်သည့်နေရာကို ဖိနှိပ်ရမည်မှန်း သူ မသိပါ။

ကျင့်စန်နန်၏ရန်မှ ထန်ချင်ဝင်း လွတ်မြောက်စေရန် ပရိယာယ်ဆင်လိုက်ခြင်းသာ ဖြစ်ပါ၏။

ဥပါယ်တမျဉ်ကို ရန်အောင်ကြောင်းတရားဟု ခေါ်ဆိုသည် မဟုတ်ပါလား။

ယွမ်စစ်ကျုံးသည် သံသေတ္တာကို ထန်ချင်ဝင်းလက်ထဲသို့ ပေးအပ်လိုက်၏။

"နင် ဒီသံသေတ္တာကို ကောင်းကောင်းသိမ်းထား၊ ငါ ရန်သူတွေကို ရှင်းဦးမယ်၊ ဒီသံသေတ္တာကြီး တစ်ဖက်နဲ့ဆိုရင် လွတ်လွတ်လပ်လပ် မတိုက်နိုင်ဘူး"

သူသည် စကားဆုံးသည်နှင့် ထောင်ပိုင်စွေ့ထံသို့ ခုန်ဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ထန်းလုံးအဖွဲ့၏ နံပါတ်တစ် သိုင်းပညာရှင်သည် အနောင်အဖွဲ့မရှိသောအခါ ပြင်းထန်သော တိုက်ကွက်များကို ရိုက်ထုတ်နိုင်လာသည်။

လက်ဝါးနှစ်ခု ယှဉ်ပြိုင်လိုက်သောအခါ ထောင်ပိုင်စွေ့ပင် နောက်ဆုတ်ပေးရလေ၏။

သံကြာပွတ်ကြီး ကိုင်ထားသော ထောင်ပိုင်စွေ့မှာ ရုက်ပွယ်လိလိ တဆုတ်တည်း ဆုတ်နေရတော့သည့် ပွမ်စစ်ကျိုးကမူ လက်ချည်းဗလာ တိုက်ခိုက်နေဆဲသာဖြစ်၏။

ရှုံးပွမ်ရှန့်မှာ ပန်း၌ ခိုက်နေသော မြားကို ဆွဲနုတ်ပစ်ချင်သည်။

သို့သော် ကျိုးပွင်ကာန်က အဆက်မပြတ် ဝင်ရောက်တိုက်ခိုက်နေသဖြင့် သူ့ခမျာ မြားနုတ်ချိန်ပင် မရဘဲ ဖြစ်နေ၏။

အင်နှင့်အားနှင့် လှုပ်ရှားလိုက်တိုင်း သွေးများ တစိမ့်စိမ့်ယိုစီးထွက်လာသည်။

မြားဒဏ်ကြောင့် ကိုယ်တစ်ခြမ်းလုံး နာကျင်ကိုက်ခဲလျက်ရှိနေလေပြီ။

ယင်ကြည်နှင့် လိုပွမ်တို့မှာမူ လက်ရည် တူနေကြသဖြင့် အကြိတ်အနယ် တိုက်ခိုက်မြဲ တိုက်ခိုက်နေကြသည်။

သူတို့ထဲ၌ တဒင်္ဂအားဖြင့် အလွတ်လပ်ဆုံးလူဖြစ်သည့် ထန်ချင်ဝင်းသည် သံသေတ္တာကို ပိုက်လျက် တောင်အောက်သို့ ဆင်းပြေးလေတော့သည်။

ထန်ချင်ဝင်း ပြေးသွားသည်ကို ပထမဆုံး သတိပြုမိသူမှာ ထောင်ကြည်အန်းဖြစ်သည်။

သူသည် ချောင်ယွင်ချီနှင့် တိုက်ခိုက်နေရာမှ ထန်ချင်ဝင်နောက်သို့ ပြေးလိုက်တော့သည်။

---



"ဟေ့.....ဘယ်ပြေးမလဲ"

ချောင်ယွင်ချီက ဓားဖြင့် လှမ်းခုတ်သည်။

ထောင်ကြည်အန်းသည် ရှောင်ရုံ ရှောင်ပေးပြီး ဆက်ပြေးသည်။

ချောင်ယွင်ချီက ထောင်ကြည်အန်းနောက်သို့ ပြေးလိုက်ရန်ကြံသည်။

သို့သော်.....။

"ရွှစ်"

"ရွှစ်"

ကျင့်စန်နန်က ချောင်ယွင်ချီ၏ ပြေးလမ်းကို ပိတ်လျက်ဓားနှစ်လက်ဖြင့် လျှင်မြန်စွာ ခုတ်ချသည်။

"အလို.....ဘုရား.....ဘုရား"

ချောင်ယွင်ချီ အရှိန်သတ်မြန်၍သာ တော်တော့သည်။

နို့မဟုတ်ပါက ခေါင်းတစ်ခြား ကိုယ်တစ်ခြား ဖြစ်သွားရပေတော့မည်။

ချောင်ယွင်ချီမှာ ထောင်ကြည်အန်းနောက်သို့ မလိုက်နိုင်တော့ဘဲ ကျင့်စန်နန်ကိုသာ တိုင်ခိုက်ရတော့သည်။

"ဒီကြိုဟ်ကောင်မက ဘယ်က ပေါ်လာရတာလဲ"

သူသည် ဒေါသထွက်ထွက်ဖြင့် ကျင့်စန်နန်ကို အသေတိုက်ခိုက်သည်။

သို့သော် သူ ထင်တိုင်း မတိုက်ခိုက်နိုင်ပါ။

ကျင့်စန်နန်သည် ခံစစ်တိုက်ကွက်ကို ပိုင်နိုင်လှသောကြောင့်ဖြစ်ပါသည်။

သူမ၏ ခံစစ်တိုက်ကွက်ဖြစ်သော 'ခြောက် ခြောက်လီ

www.burmeseclassic.com

www.burmeseclassic.com



သုံးဆယ့်ခြောက်ဒိုက်ကွက်ကို သူမသည် ပတ်လည်စနစ်ဖြင့် အသုံးပြုခဲ့လျက်ရှိသည်။

ရန်သူ၏ သိုင်းပညာ အတော်အတန် ကောင်းရုံမျှဖြင့် သူမကို ရုတ်တရက် ဒဏ်ရာအနာတရဖြစ်အောင် မလုပ်နိုင်ပါ။

ထိုအချိန်တွင် ထောင်ကြည့်အန်းသည် ထန့်ချင်ဝင်းကို မိသွားလေပြီ။

ထန့်ချင်ဝင်း အကြိုက်တွေ့သွားသည်။

သူမသည် တောင်ခြေရင်း၌ အသာရပ်စောင့်နေသည်။

ထို့နောက် ချစ်စဖွယ်လေသံဖြင့် ပြောလိုက်သည်။

"ရှင် ကျွန်မနောက်ကို ဘာဖြစ်လို့ သဲကြီးမဲကြီး လိုက်လာတာလဲရှင်"

ထောင်ကြည့်အန်း အမောပြေသွားသလို ခံစားလိုက်ရသည်။

"ညီမလေးနယ် မေးတတ်ရန်ကော။ ညီမလေးနဲ့ ကျုပ်ကိုစွ အေးအေးဆေးဆေး တိုင်ပင်စရာလဲရှိတယ်၊ ဟို ရန်သူတော်တွေကို တိုက်ခိုက်စရာလဲ ရှိနေတယ်၊ အစ်ကို လိုက်မလာလို့ ဘယ်ဖြစ်မလဲ"

ထန့်ချင်ဝင်း၏မျက်နှာမှာ ရုတ်ချည်းတင်းမာ ခက်ထန်သွားသည်။

"ညီမလေးလို့ ရှင်က ဘယ်သူ့ကိုခေါ်လိုက်တာလဲ၊ ကျွန်မရဲ့ ဖေဖေကြီးကို ရှင် ဒုက္ခပေးပြီးပြီ မဟုတ်လား"

ထိုစကားကိုကြားသည်နှင့် ထောင်ကြည့်အန်းသည် နှင်းဖုံးမြေပြင်ပေါ်သို့ ဒူးထောက်ထိုင်ချရင်း သစ္စာဆိုလေတော့၏။

"အရှင်ဘုရား ထောင်ကြည့်အန်းဟာ ထန်းလုံအဖွဲ့ ခေါင်းဆောင်ချုပ်ကြီး ထန့်ကွေနုံးကို သတ်ခဲ့မိတယ်ဆိုရင် အဆိပ်လှူးမြွေးတစ်သောင်း၊ အဆိပ်လှူးခါးတစ်သောင်း ခန္ဓာကိုယ်ထဲဝင်ပြီး သွေး

---



မွက်မွက်အန် သေရပါစေဘုရား"

ထောင်ကြည့်အန်း၏ သစ္စာစကားကို ကြားလိုက်ရသောအခါ ထန့်ချင်ဝင်းသည် ရင်ထဲမှ အလုံးကြီးကျသွားသလို ခံစားလိုက်ရသည်။

စိတ်ထဲ၌ အလွန်တရာ ပေါ့ပါးသွား၏။

ထောင်ကြည့်အန်း၏ပခုံးကို လက်ဖြင့်ပုတ်ရင်း.....

"ထပါ။ ဘယ့်နှယ် နှင်းတောထဲ ဒူးထောက်ထိုင်နေရတာလဲ၊ ဖေဖေကြီးကို ရှင်မလုပ်ကြရင် ပြီးတာပဲ၊ ကျွန်မလဲ ရှင်လုပ်ကြလိမ့်မယ်လို့ မထင်ပါဘူး။ သူ သူတို့ကသာ"

ထန့်ချင်ဝင်း၏ စကားကို ကြားလိုက်ရသော ထောင်ကြည့်အန်းသည် ရုတ်တရက် ဝမ်းသာအားရ ခုန်ထလိုက်လေ၏။

"ညီမ"

သူသည် ထန့်ချင်ဝင်း၏ လက်မောင်းကလေးကို လှမ်းဆုပ်ကိုင်လိုက်သည်။

ထန့်ချင်ဝင်း မျက်နှာပျက်သွားသည်။

သူတို့နောက်မှ လူတစ်ယောက်၏ စကားသံထွက်ပေါ်လာသည်။

ထိုလူကား ချောင်ပွင်ချီတည်း။

"မင်းတို့နှစ်ယောက် ဒီမှာလာပြီး ဘာတွေမိုးကြောင်မိုးဝက် ပြောနေကြတာလဲ"

"ဘာမိုးကြောင်မိုးဝက်လဲရှင့်၊ စကားပြောတာ ကြည့်ပြောပါ။ သိက္ခာရှိရှိ စကားပြောပါ"

ထန့်ချင်ဝင်းက ဒေါသဖြင့် ပြန်အော်သည်။

ထောင်ကြည့်အန်းက.....

"နောင်ကြီး ချောင်ပွင်ချီ အဖြစ်က ဒီလိုပါ၊ ကျုပ်ကို အထင်မလွှဲပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ချောင်ပွင့်ချိုက မျက်လုံးပြူးမျက်ဆန်ပြူးနှင့် ပြန်အော်သည်။

"ဘာ.....အထင်လွဲတယ်၊ ငါက အထင်လွဲတယ် ဟုတ်လား"

ချောင်ပွင့်ချိုသည် သူ၏ဓားဖြင့် ထောင်ကြည်အန်းရင်ဝသို့ လျှပ်တစ်ပြက် ထိုးချလိုက်သည်။

ထောင်ကြည်အန်းက သူ့ဓားရှည်ဖြင့် ရိုက်ထုတ်လိုက်ရသည်။

ထိုစဉ် ကျင့်စန်နန် ရောက်ရှိလာပြီး ချောင်ပွင့်ချိုအား လျှပ်လက်သလို ဓားနှစ်လက်ဖြင့် ခုတ်ပိုင်းလေတော့၏။

"မိန်းမယုတ်၊ ငါ့ကို နှောင့်ယှက်လို့ကို အားမရနိုင်ဘူးလား"

ကျင့်စန်နန်သည် စကားမပြော။

ဓားနှင့်သာ တိုက်ခိုက်နေသည်။

ထောင်ကြည်အန်းက အော်ပြော၏။

"ကျင့်စန်နန်၊ ခင်ဗျားနဲ့ကျုပ်တို့ကိစ္စ နောက်မှရှင်းကြမယ်၊ ဒီရန်သူကို အရင် ရှင်းပစ်ကြတာပေါ့"

ထောင်ကြည်အန်းသည် ကျင့်စန်နန်နှင့်အတူ ချောင်ပွင့်ချိုကို ဝင်တိုက်တော့သည်။

ချောင်ပွင့်ချိုသည် နှစ်ယောက်တစ်ယောက် တိုက်ခိုက်ခြင်း ခံနေရသော်လည်း လုံးဝ ကြောက်ရွံ့ခြင်း မရှိဘဲ ဖြစ်နေ၏။

သူသည် သူ့ချစ်သူရှေ့၌ သူ၏ပညာရပ်ကို အလွန်တရာ ပြသချင်နေသည်။

ထို့ကြောင့် သူ၏ အစွမ်းအကောင်းဆုံးသော ဓားကွက်များကို ထုတ်သုံးတော့သည်။

"အလိုလေး။ တယ်ကောင်းတဲ့ ဓားကွက်တွေပါလားဗျို့"

ထောင်ကြည်အန်းက အမှန်တကယ်ပင် အော်ဟစ် ချီးကျူးမိတော့သည်။

---



ထောင်ကြည်အန်းသည် သူ့ကိုယ်ကို တစ်ခြမ်းစောင်းလျက် ချောင်ပွင့်ချို၏ ခန္ဓာကိုယ်အောက်ပိုင်းကို ခုတ်သည်။

ကျင့်စန်နန်၏စိတ်ထဲမှာ သည်တစ်ကြိမ်တွင်တော့ ချောင်ပွင့်ချို ချောင်ပိတ်မိပြီဟု တွက်ကာ ချောင်ပွင့်ချို၏ ပခုံးနှစ်ဘက်စလုံးပေါ်သို့ ဓားနှစ်လက်ဖြင့် ခုတ်ချလေ၏။

သို့သော်.,...

သူမ မည်သို့မျှ မမျှော်လင့်သော မထင်မှတ်သောအဖြစ်ကို ကြုံတွေ့လိုက်ရသည်။

ထိတ်ထိတ်ပျာပျာ ဖြစ်သွားတော့သည်။

အဘယ်ကြောင့်ဆိုသော် ချောင်ပွင့်ချိုအား ခုတ်လိုက်သော ထောင်ကြည်အန်း၏ဓားသည် မည်သို့မည်ပုံ ဖြစ်သည်မသိ လမ်းခုလတ်၌ ကွေ့ခနဲရပ်သွားပြီးနောက် သူမ၏ခြေထောက်များကို ဖျတ်ခနဲ ခုတ်ချလေတော့သည်။

အလွန်တရာ ရက်စက်သော သိုင်းကွက်ဖြစ်သဖြင့် သဘောထားပြည့်ဝသော မည်သည့်သိုင်းသမားမျှ ဤသိုင်းကွက်ကို သုံးလိမ့်မည် မဟုတ်ပါချေ။

"အိပ်လိုက်စမ်း"

ထောင်ကြည်အန်းသည် အော်ဟစ်ရင်း ကျင့်စန်နန်၏ လည်ပင်းသို့ ဓားဖြင့် ထိုးသွင်းပြန်၏။

မည်မျှထက်မြက်သော သိုင်းပညာရှင်ဖြစ်စေ ဤသို့လုပ်ကြံခံရပါက မုချသေမည်သာ ဖြစ်သည်။

"မရက်ဘူးလားကွ"

"ချွမ်း"

ချောင်ပွင့်ချိုက အော်ဟစ်ရင်း ကျင့်စန်နန်အား ထိလုဆဲဆဲ

---

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကြည်အနန်း၏ဓားကို ရိုက်ထုတ်ကာကွယ်လိုက်၏။

ထိုစဉ် လိုယွမ်ဟို ယင်ကြည်နှင့် ထောင်ပိုင်ခွေ့တို့ ရောက်ရှိလာကြသည်။

သူတို့အားလုံး သံသေတ္တာအတွက် ဒိုးဒိန်တကြီး လိုက်လာခြင်းမှအပ အခြားအကြောင်း မရှိနိုင်ပါ။

ထန်ချင်ဝင်းက သံသေတ္တာကို ပိုက်ယူ ထွက်ပြေးသွားမှန်း သိသောအခါ တိုက်ချင်ခိုက်ချင်စိတ်များ ကုန်ခမ်းသွားကြ၏။

ယွမ်စစ်ကျုံးတို့ ယင်ကြည်တို့မှာလည်း ထန်ချင်ဝင်းနောက်သို့ ထောင်ကြည်အနန်းလိုက်ပါသွားသည်ကို သိသည်နှင့်တပြိုင်နက် တိုက်ပွဲရပ်ဆိုင်းပြီး ထန်ချင်ဝင်းနောက်သို့ အပြေးလိုက်လာကြတော့သည်။

ထောင်ကြည်အနန်းက သူ့အဖေ ထောင်ပိုင်ခွေ့ရှိရာသို့ ပြေးလာပြီး တောင်းပန်လိုက်သည်။

"အဖေ ထန်းလုံအဖွဲ့ဟာ ကျွန်တော်တို့ရဲ့မိတ်ဆွေဟောင်းဥစ္စာ၊ မတိုက်ခိုက်ပါနဲ့တော့၊ သူတို့ အထင်မှားလို့ ဖြစ်ကြတာပါ"

ထောင်ပိုင်ခွေ့သည် သားဖြစ်သူကို မျက်ထောင့်နီကြီးဖြင့် လှမ်းကြည့်လိုက်၏။

စကားတော့ တစ်ခွန်းမျှ မပြောပေ။

ချောင်ယွင်ချီက အော်ကြီးဟစ်ကျယ် ပြောနေတော့သည်။

"ဟားဟားဟား..... ကျလဲ့ကျတဲ့ကောင်ကွာ၊ ငါတို့ရဲ့ သခင် ကျေးဇူးရှင်ကို သတ်တဲ့ကောက်က ငါတို့ကို မိတ်ဆွေဟောင်းတွေတဲ့၊ ဟားဟား....."

"ရွှမ်း ရွှမ်း ရွှမ်း"

ဓားသုံးချက် လေထဲ၌ ဖြတ်သန်းလာ၏။

ထောင်ကြည်အနန်းသည် ပထမဓားချက်နှင့် ဒုတိယဓားချက်ကိုသာ ခုခံလိုက်နိုင်၏။



တတိယဓားချက်ကိုမူ ရှောက်ရုံသာ ရှောင်ပေးနိုင်တော့သည်။ တတိယဓားချက်သည် သီသီကလေး လွဲသွား၏။

သူ့နောက်စေ့နှင့် နှစ်လက်မအကွာမှ ကပ်ထွက်သွားသည်။

အလွန်ရဲရင့်သည်ဆိုသော ထောင်ကြည်အနန်းမှာ မျက်နှာပျက်သွား၏။

ထိုဓားချက်ကား ကျင့်စန်နန်၏ဓားချက်ပင် ဖြစ်တော့သည်။

သူမသည် ထောင်ကြည်အနန်းက ခြေထောက်ကို တိုက်ခိုက်လိုက်သဖြင့် ရှောင်တိမ်းခဲ့သည်။

သို့သော် မမျှော်လင့်သော တိုက်ကွက်ဖြစ်၍ ခြေထောက်၌ ဒဏ်ရာရသွားခဲ့သည်။

ဒဏ်ရာနှင့်လဲကျနေစဉ် သူမတွေးတောနေခဲ့၏။

ဒီလူဆိုးကလေးဟာ အတော့်ကို ကောက်ကျစ်စဉ်းလဲတာပဲဟု နာကျည်းစွာ တွေးနေခဲ့သည်။

သူ့စကားကိုယုံပြီး ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို မကာကွယ်တာလဲဟု အပြစ်တင်ခဲ့၏။

ထိုစဉ် ထောင်ကြည်အနန်းသည် နောက်ဘက်သို့ ဆုတ်လာပြီး သူ၏ဖခင်အား လှမ်းစကားပြောသည်ကို ကြုံတွေ့လာရသည်။

သူမ၏ စိတ်ထဲ၌ ဆုံးဖြတ်ချက်ချလိုက်မိသည်။

"သူတောင် ငါ့ကို ရက်ရက်စက်စက် လုပ်ကြသေးတာ၊ ငါက ဘာဖြစ်လို့ သူ့ကို မလုပ်ကြံနိုင်ရမှာလဲ"

သူမသည် ဒဏ်ရာကြီးရလျက်နှင့် ခုန်ထလိုက်ပြီး ဓားသုံးချက် ခုတ်ချလိုက်ခြင်းဖြစ်သည်။

ထောင်ကြည်အနန်းမှာ သေလုမျောပါး ရှောင်တိမ်းလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လူအားလုံး အံ့အားသင့်နေခိုက် အလွန်လျင်မြန်စွာ လှုပ်ရှားသူမှာ ထန်ချင်ဝင်းဖြစ်သည်။

သူမသည် အာမေဋိတ်သံ ပြုမိသည်နှင့်အတူ အဆိပ်ဆူးလက်နက်ကိုလည်း လျှပ်တစ်ပြက် ပစ်လွှတ်လိုက်နိုင်သည်။

တစ်ပါး၌ အဆိပ်ဆူးမှန်သဖြင့် ဝုန်းခနဲ လဲကျသွားလေတော့၏။

"ခွေးမ၊ နောက်က အလစ်လုပ်ကြံရသလား"

ထောင်ကြည်အန်းသည် မတော်မတရား လုပ်ကြံခဲ့သည့် အဖြစ်ကို ပြန်လည်မတွေးတော့ဘဲ ကျင့်စန်နန်ကို စိတ်ဆိုးမာန်ဆိုး လုံးချဲ့ဆဲရေး၏။

ထို့နောက် သူ့လက်ထဲမှ ဓားကြီးကို လဲကျနေသည့် ကျင့်စန်နန်၏ ရင်ဝသို့ ပစ်ပေါက်လိုက်တော့သည်။

ထိုအဖြစ်အပျက်များမှာ မမျှော်လင့်ဘဲ ဖြစ်သွားသည့် အဖြစ်အပျက်ဖြစ်၍ အားလုံး ကြက်သေသေနေကြသည်။

ကျင့်စန်နန်မှာ အဆိပ်ဆူးလက်နက်ကြောင့် လဲကျနေသည် ဖြစ်ရာ ထိုဓားကိုရှောင်တိမ်းရန် မည်သို့မျှ မတတ်နိုင်တော့ပေ။

အနီးကပ်ပစ်လွှတ်လိုက်ခြင်းဖြစ်၍ ဓားသည် ကျင့်စန်နန်၏ ရင်ဝနှင့် မြေကြီးကို သပ်ရိုက်သည့်ပမာ အရှိန်ပြင်းစွာ ပြေးဝင်လာ၏။

"ရွှမ်း"

ဟယ်ခနဲ ဟာခနဲ အသံများကြားမှ လက်နက်ပုန်းတစ်ခုသည် ထောင်ကြည်အန်း ပစ်ခတ်လိုက်သည့်ဓားကို လာရောက်ထိမှန်ပြီး လမ်းကြောင်း လွှဲပြောင်းသွားစေ၏။

ဓားသည် ကျင့်စန်နန်၏ ခန္ဓာကိုယ်နှင့် ဘေးဘက် လေးလက်မအကွာ မြေကြီးထဲသို့ စိုက်ဝင်သွား၏။

ကျင့်စန်နန် ကံကောင်းသွားခဲ့ပြီ။

---



ကယ်တင်ရှင် မည်သူပေနည်း။

လိုယွမ်ပင်၊ ရွှီးယွမ်ရှန့်တို့သည် သံသေတ္တာဆီသို့သာ အာရုံစိုက်နေကြ၏။

ထိုလက်နက်ပုန်း လေထုကို ထိုးခွဲလာသံ ကြားသောအခါ သူတို့နှစ်ဦးစလုံး ထိတ်လန့်သွားကြသည်။

လက်နက်ပုန်း၏အရှိန်နှုန်း ပြင်းထန်သဖြင့် လေတိုးသံ တဟူးဟူး ကြားလိုက်ရသောကြောင့်ဖြစ်သည်။

သူတို့နှစ်ယောက်က ကျင့်စန်နန်အား လှမ်းကြည့်လိုက်သောအခါတွင် ထောင်ကြည်အန်း၏ဓားသည် မြေကြီးထဲ၌ စိုက်ဝင်လျက်ရှိနေလေပြီ။

လက်ရှိ သိုင်းသမားအားလုံးသည် နောက်ထပ်ရောက်ရှိလာမည့် ပညာရှင်၏ သိုင်းပညာကို အားလုံး ထိတ်လန့်သွားကြသည်။

သူတို့အားလုံး အလန့်တကြား လှမ်းကြည့်ကြလေ၏။

"ကျန်းမာ ချမ်းသာကြပါစေ၊ ဘုရားကိုယ်တော်မြတ်ကြီး စောင့်ရှောက်ပါစေ"

သူတို့အားလုံး တွေ့လိုက်ရသည့်ပုဂ္ဂိုလ်မှာ မျက်ခုံးမွေး၊ မျက်တောင်မွေးအားလုံး ဖြူဖွေးနေသည့် တရုတ်ဘုန်းကြီးအို တစ်ပါး ဖြစ်လေသည်။

"ကောင်းလေစွ၊ ကောင်းလေစွ"

တရုတ်ဘုန်းကြီးအိုကြီးသည် ကျင့်စန်နန်အနီးသို့ လျှောက်လာပြီး မြေကြီးပေါ်တွင် ကျနေသည့် ပုတီးစေ့တစ်လုံးကို ကောက်ယူလိုက်သည်။

ထိုအခါမှ သိုင်းသမားအားလုံး ပို၍ ထိတ်လန့်သွားကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တရုတ်ဘုန်းကြီးအိုကြီး ပစ်ခတ်လိုက်သည့် လက်နက်ပုန်းသည် သံပုတီးစေ့ကြီးတစ်လုံးပါတကား။

တရုတ်ဘုန်းကြီးအိုကြီး၏ လက်ထဲ၌ ပုတီးတစ်ကုံးပါသေးသည်။ ထိုပုတီးသည် တရုတ်ဘုန်းကြီး၏ လက်ကောက်ဝတ်၌ လွှပ်ယမ်းနေ၏။

ဤပုဂ္ဂိုလ်ကြီး၏စွမ်းအင်မှာ နည်းနည်းနောနော စွမ်းအင်မဟုတ်ပါ။

ကိုက်လေးဆယ်ခန့် အကွာအဝေးခန့်မှနေ၍ တရုတ်ပိသသာ၌ရှိ ရှစ်ကျွင်း ကိုးကျွင်းခန့်ရှိသော ထောင်ကြည်အန်း၏ဓားကို သံပုတီးစေ့ကြီးတစ်လုံးဖြင့် လွင့်စင်သွားအောင် ပစ်ပေါက်နိုင်သည့် အင်အားသည် ကြောက်လန့်စဖွယ် အင်အားဖြစ်ပါသည်။

သိုင်းသမားအားလုံး တိုက်ပွဲကိုရပ်၍ ငေးကြည့်နေကြ၏။

တရုတ်ဘုန်းကြီးအိုကြီးသည် ကျင့်စန်နန်ကို အကဲခတ်လိုက်၏။ သူမသည် အဆိပ်မိသဖြင့် မေ့မျောနေချေပြီ။

တရုတ်ဘုန်းကြီးအိုကြီးသည် သူ့ရင်ခွင်အိတ်လေးတစ်လုံးထဲမှ ဆေးလုံးနီနီကလေးတစ်လုံးကို ထုတ်ယူလိုက်ပြီး ကျင့်စန်နန်၏ ပါးစပ်ထဲသို့ ထည့်ပေးလိုက်၏။

လည်ချောင်းကို အနည်းငယ်ပြုပြင်ပေးလိုက်ရာ ဆေးလုံးသည် လျှောခနဲ ဝင်သွား၏။

''အင်း.....ဘုရားဘုရား။ ငါအခု တိုက်ကျွေးတဲ့ဆေးလုံးက အကိုက်အခဲ အနာအကျင် ပျောက်စေတဲ့ဆေးပဲ၊ ဒါပေမယ့် အဆိပ်တော့ မပျောက်စေဘူး။ ထန်းလုံအဖွဲ့ရဲ့အဆိပ်ဟာ ပြင်းတယ်၊ ဖြေဆေးကလဲ သူတို့ဆီမှာပဲ ရှိတယ်၊ မိန်းကလေးရဲ့အသက်ကို ကယ်ဖို့တော့ ငါ မတတ်နိုင်ဘူး''

---



တရုတ်ဘုန်းကြီးအိုကြီးသည် တတွတ်တွတ်ပြောဆိုရင်း ခုနစ်စင်ကြယ် ယွမ်စစ်ကျူးကို လှမ်းကြည့်လိုက်၏။

''ခင်ဗျားဟာ ထန်းလုံအဖွဲ့ရဲ့ အဆင့်မြင့်သိုင်းသမားကြီး တစ်ဦးမဟုတ်လား။ ဘုရားရှင်ရဲ့မျက်နှာတော်ကို ထောက်ထားပြီး အဆိပ်ဖြေဆေးကို ကုသိုလ်ပြုပါလားဗျာ၊ လူ့အသက်တစ်ချောင်း ကယ်ကောင်းပါတယ်''

ယွမ်စစ်ကျူးမှာ ကျင့်စန်နန်နှင့် ရန်ငြိုးရန်စ မရှိခဲ့ဖူးသဖြင့် အဆိပ်ဖြေဆေး ထုတ်ပေးရန် ဝန်မလေးလှပါချေ။

ထို့ပြင် ယခုလို ဘုန်းကြီးအိုကြီး၏ တောင်းဆိုချက်ကို ငြင်းပယ်လိုက်ပါက သူ့အဖို့ လွယ်လိမ့်မည်မဟုတ်ကြောင်း သူ ကောင်းစွာ ရိပ်မိသည်။

သူသည် သိုင်းလောကထဲ၌ ဝါစဉ်ကြီး ပုဂ္ဂိုလ်တစ်ယောက်ဖြစ်၍ ဝီးစဉ်ကြည့် ကတတ်သူဖြစ်သည်။

ဖယောင်းကဲ့သို့ ပျော့တန်သည့်နေရာတွင် ပျော့ပြီး သံချောင်းကဲ့သို့ မာတန်သည့်နေရာတွင် မာတတ်သူဖြစ်သည်။

သူသည် တရုတ်ဘုန်းကြီးအိုကြီးကို ဂါရဝပြုပြီး–

''ဟုတ်ကဲ့၊ အဆိပ်ဖြေဆေး အဆင့်သင့်ပါပါတယ်ခင်ဗျား။ ယူပါ''

သူသည် ပုလင်းငယ်နှစ်လုံးကို လက်နှစ်ဘက်ဖြင့် ရိုသေစွာ ပေးလေ၏။

တရုတ်ဘုန်းကြီးအိုကြီးသည် ပုလင်းကလေးတစ်လုံးထဲမှ ဆေးလုံးကလေး ဆယ်လုံးကို ထုတ်ယူပြီး ကျင့်စန်နန်၏ ပါးစပ်ထဲသို့ ထည့်ပေးလိုက်၏။

အခြားဆေးတစ်ပုလင်းကိုမူ ထန်ချင်ဝင်းအား လှမ်းပေးပြီး

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး သူ့အနာတွေပေါ်ကို ဒီဆေးလိမ်းပေးလိုက်ပါ"

ထန်ချင်ဝင်းသည် သူ့လက်ထဲမှ သံသေတ္တာကို ပွမ်စစ်ကျူး၏ လက်ထဲသို့ ပေးအပ်လိုက်ပြီး တရုတ်ဘုန်းကြီးအိုကြီး၏ လက်ထဲမှ ဆေးပုလင်းကို လှမ်းယူသည်။

ထို့နောက် ကျူ့စန်နန်၏ ဒဏ်ရာများကို လိမ်းကျံပေးလိုက်၏။

တရုတ်ဘုန်းကြီးအိုကြီးသည် သိုင်းသမားအားလုံးကို တစ်ချက်မျှ ဝေ့၍ အကဲခတ်လိုက်၏။

"လူလူချင်း စေတနာထားကြပါ။ ကျွပ်မေးပါရစေဦး။ ခင်ဗျားတို့ ဘာကြောင့် တိုက်ခိုက်နေကြတာလဲ၊ လောကမှာ ငြိမ်းချမ်းဖြေလို့ မရတဲ့ ပြဿနာဆိုတာ ဘာမှမရှိပါဘူး"

တရုတ်ဘုန်းကြီးအိုကြီးက မေတ္တာစကား တွင်တွင်ပြောနေသော်လည်း သိုင်းသမားများကမူ တစ်ယောက်ကိုတစ်ယောက် အခဲမကျေသည့်အကြည့်ဖြင့် ကြည့်နေကြလေ၏။ ထိုလူသိုက်ထဲ၌ စိတ်အတိုဆုံးဖြစ်နေသူမှာ ချောင်ယွင်ချီဖြစ်၏။

သူက ထောင်ကြည်အန်းကို လက်ညှိုးထိုး၍ တရုတ်ဘုန်းကြီးအိုအား တိုင်တည် ရှင်းပြတော့၏။

"ဒီမကောင်းဆိုးရွားကောင်ဟာ ကျွန်တော့်ကျေးဇူးရှင်ကြီးကို သတ်ခဲ့ရုံမကဘူး။ ကျွန်တော်တို့အဖွဲ့ရဲ့ ရတနာမြတ်ကိုပါ ခိုးယူခဲ့သေးတယ်၊ အဲဒီအပြစ်အတွက် သူ့အသက်ကို ပေးလျော်သင့်မသင့် ဆိုတာကို ကိုယ်တော်ကြီး စဉ်းစားဆုံးဖြတ်ပေးစေချင်ပါတယ်"

သူသည် ပြောရင်းပြောရင်း ဒေါသထွက်လာသဖြင့် သူ့ဓားကို လေထဲ၌ တရွှမ်းရွှမ်း ခုတ်ထစ် ဝှေ့ယမ်းနေတော့၏။

သူ့ဒေါသသည် မည်သူ့ကိုမျှ ထိခိုက်အနာတရ မဖြစ်စေသဖြင့် တရုတ်ဘုန်းကြီးအိုကြီး ခေါင်းတညိတ်ညိတ်ဖြင့် အေးဆေးစွာ ကြည့်ရှု



နေလေ၏။

ထို့နောက် ညင်သာစွာ မေးမြန်းလေ၏။

"မင်းရဲ့ကျေးဇူးရှင်က ဘယ်သူလဲကွယ့်"

ချောင်ယွင်ချီက.....

"ထန်းလုံပေကျူး ခေါင်းဆောင်ချုပ်ကြီး ထန်ကွေ့နုံးပါ"

"ဩော်.....ထန်ကွေ့နုံးကိုး"

"ဟုတ်ပါတယ် ခင်ဗျား"

"ထန်ကွေ့နုံး သေရှာပြီကိုး။ တကယ်နှမြောစရာကောင်းတာပဲ"

တရုတ်ဘုန်းကြီးအိုကြီးက ရင်းနှီးဟန်ဖြင့် ပြောနေလေ၏။

ထန်ချင်ဝင်းသည် သူ့ဖခင်ကြီး၏မိတ်ဆွေဟောင်းဟု အထင်ရောက်ကာ တရုတ်ဘုန်းကြီးအိုကြီးအား ငိုရှိုက်တောင်းပန်လိုက်၏။

"ဘဘ၊ သမီး ဖေဖေကြီးအတွက် တုံ့ပြန်ပေးပါ၊ လူသတ်တရားခံအစစ်ကို ဖော်ထုတ်ပေးပါ၊ သမီး တောင်းပန်ပါတယ်"

တရုတ်ဘုန်းကြီးအိုကြီးက ထန်ချင်ဝင်းကို တစ်ချက်မျှ လှမ်းကြည့်၏။

၎င်းသို့သော် မည်သည့်စကားမျှ ပြန်မပြောပါ။

တရုတ်ဘုန်းကြီးအိုကြီးက မည်သည့်စကားမျှ မပြောသော်လည်း ချောင်ယွင်ချီက ဝင်အော်လေ၏။

"ဘာတရားခံကို ဖော်ထုတ်ရမှာလဲ၊ ဆင်ကောင်ကြီးမြင်နေမှ ဆင်ခြေရာကို ရှာဖို့လိုနေသေးလား။ ဒီခွေးကောင်လေးဟာ လူသတ်တရားခံပဲ၊ သူဟာ ခေါင်းဆောင်ချုပ်ကြီးကိုလဲ သတ်ခဲ့တယ်၊ ထန်းလုံအဖွဲ့ရဲ့ ရတနာမြတ်ကိုလဲ ခိုးယူခဲ့တယ်၊ ဒီသံသေတ္တာဟာ သူ့လက်ထဲက ရခဲ့တာပဲ မဟုတ်လား"

ထောင်ကြည်အန်းက မည်သို့မျှ ချေပခြင်း မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



ရယ်၍သာ နေသည်။

ထောင်ကြည်အန်းဓါဖခင် ထောင်ပိုင်ဗွေ့ကလည်း မခံတဲ ဝင်၍ အော်ဟစ်တော့၏။

''ထန်ကျွေနုံးနဲ့ ကျုပ်ဟာ လွှန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်ကျော်လောက်ကတည်းက ချစ်ခင်ကြတဲ့လူတွေဗျ။ ဒါကြောင့်မို့ သားသမီးချင်း လက်ထက်ဖို့ သဘောတူခဲ့ကြတာပေါ့။ ကျုပ်သားက ယောကျာ်းမလောင်းကို သတ်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား''

ချောင်ယွင်ချီက သံသေတ္တာကို လက်ညှိုးထိုးပြရင်း.....

''ဘာကြောင့် သတ်သလဲ ဟုတ်လား။ ဟောဒီ သံသေတ္တာကြောင့် သတ်တာပေါ့။ လောဘဇောတိုက်လို့ပေါ့ဗျ။ ရှင်းပြီလား''

ထောင်ပိုင်ဗွေ့သည် သူ့ကြာပွတ်ကြီးကို ဝှေ့ယမ်းကာ ရှေ့သို့ ခုန်ထွက်လာ၏။

ချောင်ယွင်ချီကို ကြာပွတ်ဖြင့် ရိုက်ရန်ဟန်ပြင်လိုက်သည်။

ထိုစဉ် မျက်ခုံးဖြူ တရုတ်ဘုန်းကြီး၏ပုတီးသည် ကြာပွတ်တစ်ချောင်းကဲ့သို့ ထောင်ပိုင်ဗွေ့၏ ကြာပွတ်လက်ကိုင်ကို လာပတ်သည်။

ထောင်ပိုင်ဗွေ့မှာ နာကျင်လွန်းလှသဖြင့် ကြာပွတ်ကို လွှတ်ချလိုက်ရတော့သည်။

သိုင်းသမားအားလုံးက မျက်ခုံးဖြူ တရုတ်ဘုန်းကြီးအိုကြီးအား ကြောက်လန့်တကြား ဝိုင်းကြည့်နေမိကြလေ၏။

လက်မောင်းအား သိပ်ကောင်းသူဆိုသည့် ထောင်ပိုင်ဗွေ့လည်း မျက်ခုံးဖြူ တရုတ်ဘုန်းကြီးအို၏ ပုတီးဒဏ်ကို မခံနိုင်ချေတကား။

♛ ♛ ♛



အခန်း (၄)

## ဖြိုင်ဘက်ကင်း ပဟေဠိစာတန်း

ထောင်ပိုင်ဗွေ့သည် မျက်နှာတစ်ပြင်လုံး ရဲရဲနီလျက် အော်ဟစ်နေ၏။

သူ့အသံမှာ ကျယ်လောင်လှသဖြင့် အဝေးလောက်ကပင် ကြားနိုင်သည်။

''တကယ်တော်တဲ့ တရုတ်ဘုန်းကြီးပဲ၊ ကျုပ်က သူ့တော်စင်အောက်မေ့နေတယ်၊ လက်စသတ်တော့ ထန်းလုံအဖွဲ့က ဖိတ်ခေါ်ကြားတဲ့လူကိုး''

မျက်ခုံးဖြူ တရုတ်ဘုန်းကြီးအိုက အေးစက်စွာ ရယ်ရင်း လှမ်းပြောသည်။

''ဘယ်လိုလဲ ကြာပွတ်ရှင်ကြီးက တယ်လဲ ဒေါသကြီးသကိုး။ ကျုပ် ဒီကိုလာတာ ထန်းလုံအဖွဲ့က ဖိတ်ခေါ်လို့ မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒီချိန်ပိုင်တောင်ဟာ ထန်းလုံအဖွဲ့ပိုင်တဲ့ နယ်မြေမှမဟုတ်ဘဲ၊ ကျုပ်တကယ်လာတဲ့ကိစ္စကို ကြာမှတ်ရှင်ကြီး သိချင်လို့လား''

''ဆိုစမ်းပါဦး။ ခင်ဗျားကို ဘယ်သူက ဖိတ်ခေါ်လို့လဲ''

မျက်ခုံးမွေးဖြူ တရုတ်ဘုန်းကြီးအို၏ စကားကြောင့် ထောင်ပိုင်ဇွေ့အပါအဝင် ထန်းလုံ အဖွဲ့သားများပါ အကြီးအကျယ် ထိတ်လန့်သွားကြတော့သည်။

အားလုံး၏စိတ်ထဲ၌ သံသေတ္တာကို ထိန်းသိမ်းရန် ခက်ပြီဟု တွေးနေကြလေ၏။

ယွမ်စစ်ကျိုးမှာ အလိုလို နောက်သို့ခြေတစ်လှမ်း ဆုတ်မိသွားသည်။ အဘိုးအိုယင်ကြည်နှင့် ချောင်ယွင်ချီတို့က ယွမ်စစ်ကျိုးအား ကာကွယ်ရန် ရှေ့သို့ တက်လာကြသည်။

သံသေတ္တာကို တစ်ပါးသူ လက်ထဲ မရောက်စေရန် အသက်နှင့်လဲ၍ ကာကွယ်ရပေတော့မည်။

ထိုအဖြစ်ကို မျက်ခုံးဖြူ တရုတ်အဘိုးအိုကြီးက မသိမြင်ဟန်ဆောင်နေသည်။

ထိုသို့ မသိဟန်ဆောင်လေ အားလုံးက ကြောက်ရွံ့လေဖြစ်နေကြသည်။

တရုတ်ဘုန်းကြီးအိုက.....

''ဒီနေရာမှာ တည်းခိုစရာလဲ မရှိဘူး။ မီးမွှေးစရာ ထင်းလည်း မရှိဘူး။ စားစရာ အစာလဲ မရှိဘူး''

အားလုံးက တရုတ်ဘုန်းကြီးအိုကြီး၏စကားကို နားစွင့်နေကြရာ အဆီအငေါ် မတည့်လှသည့် စကားများကြောင့် ဤတရုတ်ဘုန်းကြီးသည်စိတ်မှ ကောင်းမှကောင်းပါ၏လောဟု တွေးနေကြ၏။

မျက်ခုံးဖြူ တရုတ်ဘုန်းကြီးအိုက မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ



ဆက်ပြောနေသည်။

''ဒါပေမဲ့ ခင်ဗျားတို့အားလုံး မပူကြပါနဲ့၊ ကျုပ်တို့ ဖိတ်ခေါ်တဲ့ သခင်ကြီးရဲ့စခန်းက သိပ်မဝေးတော့ပါဘူး။ ခင်ဗျားတို့အားလုံး ကျုပ်မိတ်ဆွေချည်းဆိုတော့.....''

ဘယ်တုန်းက သူ့မိတ်ဆွေတွေ ဖြစ်သွားပါလိမ့်ဟု ထောင်ကြည်အန်း တွေးလိုက်မိသည်။

''ခင်ဗျားတို့အားလုံးဟာ ကျုပ်ရဲ့ မိတ်ဆွေတွေချည်းဆိုတော့ ကျုပ်ကို ဖိတ်ခေါ်တဲ့ သခင်ကြီးကလဲ ခင်ဗျားတို့ကို မိတ်ဆွေတွေအဖြစ်ပဲ သဘောထားလိမ့်မယ်၊ အားလုံးကို ကြိုဆိုကြလိမ့်မယ် ကဲ..... ခင်ဗျားတို့အားလုံး ကျုပ်နဲ့အတူ လိုက်ခဲ့ကြမယ် မဟုတ်လား''

စကားဆုံးသောအခါ မျက်ခုံးဖြူ တရုတ်အဘိုးအိုကြီးသည် တဟားဟား အော်ဟစ်ရယ်မောလေတော့သည်။

သူ ဘာတွေ သဘောကျသွားသည်ကို မည်သူမျှ တွေး၍မရဘဲ ငိုင်နေကြသည်။

တိုက်ပွဲကြောင့် သွေးဆူခဲ့ကြသော လူသိုက်သည် မမျှော်လင့်ဘဲ ရောက်ရှိလာသည့် တရုတ်ဘုန်းကြီးအိုကြောင့် အားလုံး သွေးအေးကုန်သည့်ပြင် သွေးပါ လန့်သွားကြတော့သည်။

စောစောက အသက်လုပွဲကိုလည်း အမှတ်မရကြတော့ပေ။

အဘိုးအိုယင်ကြည်က ဘယ်သူကမှ မေးရန် သတိမရကြသည့် မေးခွန်းကို အော်၍ မေးလိုက်သည်။

''ကိုယ်တော်ကြီးရဲ့စကားထဲမှာ 'သခင်ကြီး.....သခင်ကြီး' ဆိုတာ ပါနေတယ်။ ဘယ်က သခင်ကြီးဆိုတာ တဆိတ်လောက် ရှင်းပြပါဦး''

မျက်ခုံးဖြူ တရုတ်အဘိုးအိုကြီးသည် ချောင်းတစ်ချက်ဟန့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးနောက်.....

''အဲဒီသခင်ကြီးက သူ့အမည်ကို ဖော်ထုတ်မပြောပါနဲ့လို့ မှာထားပါတယ်၊ ဒီတော့ သူ့အမည်ကို ထုတ်ဖော်မပြောပြတဲ့အတွက် ခွင့်လွှတ်ကြပါ''

သူက အားလုံးကို အကဲခတ်လိုက်ပြီး ဆက်ပြောပြန်သည်။

''ကျုပ်က ဧည့်သည်တွေကို ဖိတ်ခေါ်ကျွေးမွေးပြုစုရတာ သိပ်ဝါသနာပါတယ်ဗျ၊ ကျုပ် ဖိတ်ခေါ်ပြီးလို့ ဧည့်သည်တွေ ကျုပ်နောက် မလိုက်ဘူးဆိုရင်တော့ ကျုပ်အဖို့ အကြီးအကျယ် အရှက်ရတာပဲလို့ သတ်မှတ်ပါတယ်''

မဟုတ်တော့ပြီ။

ဤတရုတ်ဘုန်းကြီးအိုကြီး၏စကားများသည် လုံးဝ မဟုတ်တော့ပြီဟု လိုယွမ်ဟို့ သတိထားမိလာ၏။

သူသည် ဦးညွှတ်၍ ဂါရဝပြုရင်း.....

''ကျွန်တော် ကိစ္စတစ်ခု ရှိနေပါသေးတယ်၊ ဒါကြောင့်မို့ သွားခွင့်ပြုပါဦး''

လိုယွမ်ဟို့သည် စကားဆုံးသည်နှင့် ပြေးထွက်သွားတော့၏။

မျက်ခုံးဖြူ တရုတ်အဘိုးအိုကြီး ရယ်ရင်း လှမ်းပြော၏။

''ဟော်ဒီလို နှင်းဖုံးနေတဲ့ တောင်တန်းတွေပေါ်မှာ မန်ချူး ကောရာဇ်ရဲ့ နန်းတွင်းအရာရှိကြီးတစ်ယောက်ကို တွေ့ဆုံဖို့ဆိုတဲ့ကိစ္စဟာ တကယ့်ကို မလွယ်ကူလှတဲ့ ကိစ္စပဲဗျာ၊ အခုလို ကြုံတောင့်ကြုံခဲ တွေ့နေရတုန်း.....''

စကားမဆုံးမီ ခန္ဓာကိုယ်သည် လျှပ်တစ်ပြက်လှုပ်ရှားသွားသည်။

လိုယွမ်ဟိုတို့၏ရှေ့၌ ပိတ်ဆို့ထားပြီးသား ဖြစ်သွားသည်။

---



မျက်ခုံးဖြူ တရုတ်အဘိုးအိုကြီး၏ လှုပ်ရှားမှုသည် ငှမ်းစ ကလေးတစ်ခုလို လေထဲ လွင့်မျောသွားသည်နှင့် တူနေသည်။

မျက်ခုံးဖြူ တရုတ်ဘုန်းကြီးအိုသည် တဟားဟား အော်ဟစ် ရယ်မောရင်း.....

''ခင်ဗျား ဘယ်လို လုပ်လိုက်တာလဲဗျာ၊ ဖိတ်ခေါ်သူရဲ့ မျက်နှာ ကိုတောင် မထောက်ပါလား''

လိုယွမ်ဟို့ ထိတ်လန့်သွားသည်။

မျက်ခုံးဖြူ တရုတ်ဘုန်းကြီးအို၏ လှုပ်ရှားမှုသည် သရဲတစ္ဆေ တို့၏လှုပ်ရှားမှုနှင့် တူနေသည် မဟုတ်ပါလော။

ပြန်ပြောရန် ပါးစပ်ပြင်ခိုက်မှာပင် တရုတ်ဘုန်းကြီး အိုကြီး သည် လိုယွမ်ဟို့၏ လက်ကောက်ဝတ်ကို လျှပ်တစ်ပြက် ဖမ်းဆုပ် လိုက်၏။

လိုယွမ်ဟို့တို့မှာ တစ်ကိုယ်လုံး ထုံကျင်ကိုက်ခဲသွားသဖြင့် သွေးကြောပိတ်ခံလိုက်ရပြီကို သိရှိလိုက်သည်။

သူသည် မျက်ခုံးဖြူ တရုတ်ဘုန်းကြီးအို၏ အန္တရာယ်ကို ပထမဆုံး သတိပြုမိသူဖြစ်၏။

သူ့လွတ်မြောက်ရေးကို သတိရှိစွာ ပထမဦးဆုံး ကြိုးပမ်းခဲ့သူ လည်းဖြစ်သည်။

သို့သော် သူ့ကြိုးပမ်းမှု ပျက်စီးခဲ့ရချေပြီ။

သူသည် ညာဘက်လက်ကောက်ဝတ် ဖမ်းအဆုပ်ခံနေရသဖြင့် ဘယ်ဘက် လက်ကောက်ဝတ်ဖြင့် တရုတ်ဘုန်းကြီးအိုအား ရိုက်ချလိုက် သည်။

တရုတ်ဘုန်းကြီးအိုက သူ၏ ဘယ်ဘက်လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်သဖြင့် လက်ကောက်ဝတ်နှစ်ဘက်စလုံး အချုပ်အနှောင်

www.burmeseclassic.com

www.burmeseclassic.com



ခံလိုက်ရတော့၏။

တရုတ်ဘုန်းကြီးအိုသည် တပြုံးပြုံးနှင့် လိုယွမ်ဟိုကို တရွတ်တိုက် ဆွဲခေါ်လာသည်။

လိုယွမ်ဟိုမှာ လက်ထိပ်အခတ်ခံရသူကဲ့သို့ မရုန်းကန်နိုင်ဘဲ ပါလာရှာလေ၏။

သိုင်းသမားအားလုံးရှေ့ ရောက်သောအခါ.....

"ကဲ.....အားလုံး လိုက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်၊ ဟောဒီက လူကြီးမင်း လိုယွမ်ဟိုလဲ ကျုပ်နဲ့ လိုက်ခဲ့ဖို့ သဘောတူပါသလား"

လူအားလုံး ကြောက်စိတ်ဝင်နေကြသဖြင့် အာစေးထည့်ထားသလို ပါးစပ်ပိတ်နေကြတော့သည်။

မည်သူမျှ စကားမပြောရဲကြတော့ပေ။

ရှုံးယွမ်ရှန့်သည်လည်း လိုယွမ်ဟိုကို ဝင်ရောက် မကယ်တင်ရဲတော့ပါ။

သူ့ရှေ့၌ရှိနေသည့် မျက်ခုံးဖြူ တရုတ်ဘုန်းကြီးအိုအစား မြေအောက်ငရဲမှ ယမမင်းကို မြင်နေမိသည်။

ယမမင်းသည် မျက်ခုံးဖြူ တရုတ်ဘုန်းကြီးအိုသဏ္ဌာန် ဖန်ဆင်းလာသည်ဟု သူ ထင်နေတော့၏။

"ကဲ.....သွားကြစို့"

မျက်ခုံးဖြူ တရုတ်ဘုန်းကြီးအိုသည် လိုယွမ်ဟိုကို ရှေ့မှ တရွတ်ဆွဲ၍ ထွက်သွား၏။

သိုင်းသမားများသည် သံပတ်ပေးထားသည့် အရုပ်များပမာ တရုတ်ဘုန်းကြီးအိုနောက်သို့ တစိုက်မတ်မတ် လိုက်သွားရလေ၏။

သူတို့ထဲမှ တစ်ယောက်မျှ ထွက်ပြေးဝံ့သူ မရှိတော့ပေ။

လိုယွမ်ဟိုက သူတို့အား သင်ခန်းစာ ပြနေပြီ မဟုတ်ပါ

---



လား။

လိုယွမ်ဟို့သည် လောကငရဲ ခံစားနေရသည်။

တရုတ်ဘုန်းကြီး အိုကြီးကို အမှန့်ချေ သတ်ပစ်ချင်သည်။

သူ မသတ်နိုင်တော့။

မသတ်နိုင်သည့်အပြင် သူသည် အဝတ်အရုပ်တစ်ခုပမာ တရွတ်ဆွဲ ခေါ်ခံနေရသည်။

ကျင့်စန်နန်ကို ရှုံးယွမ်ရှန့်က ထမ်း၍ ခေါ်လာရသည်။

မျက်ခုံးဖြူ တရုတ်ဘုန်းကြီးအိုက.....

"အားလုံး မြန်မြန်ကလေး လိုက်ခဲ့ကြဗျား၊ သခင်ကြီးက ညစာ တစ်နပ်တော့ အမိ ကျွေးချင်သေးတာဗျ"

သုံးမိုင်ခန့် ခရီးပေါက်လာသောအခါ ဒဏ်ရာရသူများ ညည်းညူလာကြတော့၏။

ပြီးခဲ့သောတိုက်ပွဲ၌ ကျိုးယွင်ကန် ထိခိုက်ဒဏ်ရာ ရခဲ့သည်။

ထန်ချင်ဝင်းက သူမ၏ ကျောပိုးအိတ်ထဲမှ အကျီကို ထုတ်ယူပြီး ဆွဲပြဲလိုက်၏။

ပတ်တီးအဖြစ် အသုံးပြုကာ ကျိုးယွင်ကန်ကို စည်းပေးသည်။

သူတို့သည် မဆုံးနိုင်သောခရီးကို လျှောက်လာပြန်သည်။

သူတို့ကိုယ်သူတို့ ငါမှငါ ဟု အစွဲရှိနေကြသည့် သိုင်းသမားအားလုံးသည် ယခုအခါ သခင့်နောက်မှ အမြီးကုတ်၍ လိုက်သော ခွေးများနှင့် ပမာတူနေသည်မှာ သံဝေဂရစရာ ကောင်းလှတော့သည်။

သူတို့အားလုံး နောက်ထပ် မိုင်ဝက်ခန့် ထပ်မံလျှောက်ကြပြန်၏။

နှင်းများ ပိုမိုကျလာသဖြင့် သူတို့သည် နှင်းတောထဲမှ ရုန်းကန် ဖြတ်သန်းလာကြရ၏။

---

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ လျှောက်လာကြသူများ၏စိတ်ထဲ၌ တူညီသောအတွေး တစ်ခုကို တွေးနေမိကြ၏။

ထိုအတွေးကား.....

'ငါတို့ ဘယ်အချိန်အထိ ဒီလို လျှောက်နေရဦးမှာလဲ' ဟူသော အတွေးသာတည်း။

သခင်ကြီး ဆိုသူသည် မည်သည့်နေရာ၌ နေထိုင်သနည်း။

ပန်းတိုင်မသိသောခရီးကို လျှောက်လှမ်းနေရသည်မှာ မောပန်း နွမ်းနယ်ဖွယ် ကောင်းလှေစွတကား။

မျက်စုံဖြူ တရုတ်ဘုန်းကြီးအိုကြီးသည် သူတို့၏ အတွင်းစိတ်ကို ဖောက်မြင်လေဟန်ဖြင့် လက်ဝဲဘက်၌ မတ်စောက်မိုးထိုးနေသည့် တောင်ကလပ်ကြီးကို လက်ညှိုးထိုးပြရင်း အားလုံးကို အသိပေးလေ၏။

"ခင်ဗျားတို့အားလုံး စိတ်ညစ်နေကြပြီလား။ သိပ်မဝေးတော့ ပါဘူးဗျာ။ ကျုပ်ကို ဖိတ်ခေါ်တဲ့ သခင်ကြီးက ဟောဟိုတောင်ကလပ် ကြီးပေါ်မှာ နေတာဗျ"

သူတို့အားလုံး အံ့အားကြီးသင့်လျက် တောင်ကလပ်ကြီးကို မော့ကြည့်မိကြသည်။

သူတို့အားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားရ၏။

လူတိုင်းလူတိုင်း တစ်ကိုယ်လုံး အေးစက်သွားသလို ခံစားလိုက်ကြရသည်။

သည်တောင်ကလပ်ကို မြင့်မားလွန်းသဖြင့် သူတို့အားလုံး တက်ရောက်ကြည့်ရန် မည်သူကမျှ စိတ်မဝင်စားခဲ့ကြချေ။

သည်နယ်မြေအတွင်း ဝင်လာကတည်းက ယင်းတောင်ကလပ်ကို လူတိုင်းလူတိုင်း တစ်ကြိမ်တော့ တွေ့ဖူးကြသည်ချည်းသာ ဖြစ်သည်။

———— ————



ယခုမှ ယင်းတောင်ကလပ်သည် လူတိုင်းနှင့် သက်ဆိုင်နေချေပြီတကား။

သည်တောင်ကလပ်ထိပ်၌ သခင်ကြီးဆိုသူ နေထိုင်သည် ဟူသည့် အချက်နှင့်ပတ်သက်၍ လူတိုင်း သံသယ ရှိသည်။

အဘယ့်ကြောင့်ဆိုသော် ထိုတောင်ကလပ်မှာ မြင့်မားလွန်းသဖြင့် လူသားမဆိုထားနှင့် မျောက်တစ်ကောင်ပင် တက်နိုင်မည် မဟုတ်ဟု အားလုံးက ယူဆထားသောကြောင့်တည်း။

သို့သော် သိုင်းပညာ၌ တစ်ဆိုလောက်သူ ပြိုင်ဘက်ကင်း သိုင်းလူစွမ်းကောင်းတစ်ယောက်အဖို့မူ တက်ကောင်းတက်နိုင်ပေလိမ့်မည်။

ထိုသခင်ကြီးသည် တစ်ဆိုလောက်သူ ပြိုင်ဘက်ကင်း လူစွမ်းကောင်းပေလော။

မျက်စုံဖြူ တရုတ်ဘုန်းကြီးအိုကြီးသည် လူအားလုံး ထိတ်လန့်ပြနေပုံကိုကြည့်၍ သဘောကျ ကျေနပ်သွား၏။

ထို့နောက် လိုပယ္ပ်ဟို့ကို ဒရွတ်ဆွဲကာ ခရီးဆက်ပြန်တော့သည်။

လိုပယ္ပ်ဟို့ကား လတ်တလော လောကငရဲ ခံရလျက် ရှိနေသတည်း။

သူတို့သည် တောင်ကုန်းနှစ်ခုကို ကွေ့ပတ်လာခဲ့ကြရုံမျှမက ဝင်းရှုံးတောတစ်တောကိုလည်း ဖြတ်ကျော်လာပြီးခဲ့ကြပြီ။

မကြာမီ တောင်ကလပ်၏ခြေရင်းသို့ ရောက်ရှိလာကြတော့၏။

ပန်းတိုင်သို့ ရောက်ရှိလာသောအခါမှ သူတို့ပို၍ ရင်လေးမိကြတော့သည်။

ဤတောင်ကလပ်ထိပ်သို့ ခွေခေါ်ခေါင်တွင်မှ သူတို့တက်နိုင်မည်

———— ————

www.burmeseclassic.com

www.burmeseclassic.com



လမ်းမမြင်။

ယခုကဲ့သို့ နှင်းတဖွဲဖွဲကျနေသည့် အချိန်တွင်မူ ဆိုဖွယ်ရာ မရှိတော့ချေ။

အကယ်၍ သိုင်းပညာအားကိုးဖြင့် ကြိုးစား၍ တက်ကြမည် ဆိုကြပါစို့။

အပုံတစ်ရာပုံလျှင် တစ်ပုံ၌ အောင်မြင်ကောင်း အောင်မြင်မည်။

သို့မဟုတ်ပါက ချော်ကျပြီးအရိုးအသားများ ကြေမွကုန်မည် ဖြစ်၏။

ထိုစဉ် မျက်ခုံးဖြူ တရုတ်ဘုန်းကြီးအိုကြီးသည် ရှည်ရှည် မျောမျော ပြောင်းတစ်ခုကို ထုတ်ယူလိုက်၏။

ယခုအချိန်၌ လိုယွမ်ဟို့ကို ဘေးမဲ့ပေးထားလိုက်လေပြီ။

လိုယွမ်ဟို့မှာ မတ်တပ်ရပ်နိုင်ရန်ပင် အနိုင်နိုင် ကြိုးစားရရှာ လေ၏။

သိုင်းသမားအားလုံးသည် မျက်ခုံးဖြူတရုတ်ဘုန်းကြီးအိုကြီး ဘာလုပ်မည်ကို စိတ်ဝင်စားစွာ စောင့်ကြည့်နေကြ၏။

တရုတ်ဘုန်းကြီးအိုကြီးသည် သူကိုင်ထားသည့် ပြောင်းရှည်၏ အဝတစ်ဘက်ကို မီးခြစ်ခြစ်၍ မီးရှို့လိုက်၏။

ထို့နောက် ပြောင်းရှည်ကို ဦးခေါင်းထက်၌ မြှောက်ကိုင်ထား လိုက်သည်။

"ရှီး ရှီး ဒုံး"

ပေါက်ကွဲသံတစ်ခု ပေါ်လာပြီးနောက် အပြာရောင် မီးတန်း တစ်ခုသည် ကောင်းကင်ယံသို့ ထိုးတက်သွား၏။

ထိုအခါကျမှ မီးကျည်ဒုံး ပစ်လွှတ်ခြင်းဖြစ်ကြောင်း အားလုံး သဘောပေါက်သွားကြလေ၏။

———— ————



ကောင်းကင်ယံ၌ အပြာရောင် မီးတောက်သည် အချိန်အတော် ကြာ ထွန်းလင်းတောက်ပနေသည်။

ဤမျှ ပြာလဲ့သော မီးကျည်ဒုံးမျိုးကို သိုင်းသမားအားလုံး မမြင်ဖူးခဲ့ကြချေ။

ထို့ကြောင့် တအံ့တသြ ငေးမောကြည့်နေမိကြသည်။

မကြာမီ သူတို့အားလုံး သဘောပေါက်သွားကြ၏။

တရုတ်ဘုန်းကြီးအိုကြီး၏ အပြုအမူသည် တောင်ကလပ်ထိပ်သို့ အချက်ပေးခြင်း ဖြစ်လေသည်တကား။

ထိုအချက်ကို သတိပြုမိကြသဖြင့် တောင်ကလပ်ထိပ်မှ တုံ့ပြန်လာမည့် လှုပ်ရှားမှုကို စောင့်ကြည့်နေမိကြပြန်သည်။

"ဟာ"

လူအားလုံး အာမေဋိတ်သံ ထွက်သွားကြ၏။

တောင်ထိပ်မှ အမည်းစက်တစ်ခု တဖြည်းဖြည်း ကျလာသည် ကို တွေ့မြင်ကြရသောကြောင့်ဖြစ်၏။

တောင်ခုလတ် လမ်းတစ်ဝက်ခန့် ရောက်သောအခါမှ ထိုကျလာ သည့်အရာသည် မည်သည့်အရာဖြစ်ကြောင်း တွေ့ရှိကြရတော့သည်။

ကြီးမားသော ဝါးခြင်းကြီးတစ်ခု တဖြည်းဖြည်း ကျလာခြင်း ပေတည်း။

"သြော်.....ဒါဟာ တောင်ထိပ်က ဧည့်သည့်တွေကို ကြိုဆိုတဲ့ ပစ္စည်းပဲ ဖြစ်လိမ့်မယ်"

ဝါးခြင်းကြီးသည် သူတို့ရှေ့၌ တအိအိ ကျလာသည်။

တရုတ်ဘုန်းကြီးအိုကြီးက ပြုံးရွှင်စွာ ရှင်းလင်းပြောပြလေ၏။

"ဒီဝါးခြင်းကြီးဟာ လူသုံးယောက်ကို ကောင်းကောင်း သယ် နိုင်တယ်၊ ပထမဦးဆုံး မိန်းကလေးနှစ်ယောက် လိုက်သွားကြပေတော့၊

———— ————

www.burmeseclassic.com

www.burmeseclassic.com



အကာယ်၌ အမျိုးသားတစ်ယောက် လိုက်ချင်သပ ဆိုရင်လဲ လိုက်သွား လို့ရပါတယ်"

ထန်ချင်ဝင်းသည် ကျင့်စန်နန်ကို ပွေ့ချီ၍ ခြင်းကြီးထဲသို့ ဝင်လိုက်၏။

သူမသည် ခြင်းထဲထိုင်ရင်း တွေးတောနေ၏။

"ငါသာ ပထမဆုံးလိုက်သွားရင် တောင်ကြည်အန်း ဒုက္ခရောက် မှာ သေချာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုကြီး ချောင်ယွင်ချီဟာ တောင်ကြည်အန်းကို သတ်ဖို့ အမြဲတမ်း ဆင်ကြံ ကြံနေလို့ပဲ"

သူမ ဆက်တွေးပြန်သည်။

"တကယ်လို့ တောင်ကြည်အန်းကို ငါနဲ့လိုက်ခဲ့ပါလို့ခေါ်ရင် အစ်ကိုကြီး ချောင်ယွင်ချီကလဲ ကြိုက်မှာမဟုတ်ဘူး။ ဦးဦးယင်ကြည်နဲ့ ဦးဦးယွမ်စစ်ကျူးတို့ကလဲ သဘောကျမှာ မဟုတ်ဘူး"

သူမသည် ချောင်ယွင်ချီကို လက်ယာပ်၍ လှမ်းခေါ်လိုက်၏။

"ကျွန်မတို့က နှစ်ယောက်ထဲရှိသေးတယ်၊ နောက်တစ်ယောက် လိုသေးတယ်၊ အစ်ကိုကြီး ချောင်ယွင်ချီ လိုက်ခဲ့ပါလား"

ချောင်ယွင်ချီမှာ သူ မျှော်လင့်မထားသည့် အခွင့်အရေးကို ရလိုက်သောအခါ အကြီးအကျယ် ထိတ်လန့်သွားလေ၏။

အိပ်မက်မဟုတ်၊ တကယ်ဖိတ်ခေါ်နေခြင်းဖြစ်ကြောင်း တွေ့ ရသောအခါ တောင်ကြည်အန်းအား အောင်နိုင်သူ၏ အကြည့်ဖြင့် ကြည့်လျက် ခြင်းပေါ်သို့ တက်ထိုင်လိုက်သည်။

တောင်ကြည်အန်းကမူ နားမလည်နိုင်သောမျက်နှာဖြင့် ထန်ချင်ဝင်းကို ငေးမောကြည့်နေမိသည်။

မျက်စုံးဖြူ တရုတ်ဘုန်းကြီးအိုကြီးက ခြင်းတောင်း၏ ကြိုးစကို လေးငါးကြိမ်မျှ လှုပ်ယမ်းလျက် တောင်ကာလပ်ထိပ်သို့ အချက်ပေး



လိုက်၏။

ဝါးခြင်းကြီးသည် ချက်ချင်းလိုလိုပင် ရွေ့ခနဲ မြောက်တက် သွားလေတော့၏။

တအိအိဖြင့် အပေါ်တက်သွားရာ မကြာမီ တောင်ခုလတ်ဆီသို့ ရောက်ရှိသွားလေတော့၏။

ထန်ချင်ဝင်းသည် အောက်သို့ ငုံ့ကြည့်လိုက်သည်။

အောက်မှလူများ၏အရပ်မှာ တစ်ပေမျှပင် မမြင့်မားတော့ ကြောင်း တွေ့လိုက်ရသည်။

သူမ၏ရင်ထဲ၌လည်း လှိုက်ဖိုသွားသည်။

သူမသည် နောက်တစ်ကြိမ်ငုံ့၍ မကြည့်ရဲတော့ချေ။

နောက်ဆုံး၌ ဝါးခြင်းကြီးသည် တောင်ထိပ်သို့ ရောက်ရှိ သွားတော့၏။

တောင်ထိပ်၌ ရှိနေသည့် လူသန်ကြီးနှစ်ယောက်သည် ဝါးခြင်းကြီးကို တောင်ထိပ် မြေပြင်ညီသို့ ရောက်ရန် လာရောက်ဆွဲ ယူကြ၏။

ထန်ချင်ဝင်းသည် ကျင့်စန်နန်ကို ချီပိုး၍ ဝါးခြင်းကြီးအတွင်းမှ ထွက်လိုက်၏။

ချောင်ယွင်ချီက နောက်မှထွက်သည်။

ဝါးခြင်းကြီးကို အပေါ်သို့ မည်သို့ဆွဲတင်သည်ကိုလည်း သူတို့ တွေ့လိုက်ကြရသည်။

အားကောင်းမောင်းသန် လူကြီးဆယ်ယောက်တို့သည် ကြိုးကို ဆွဲရစ်တင်သည့် ရစ်ဘီးကြီးကို လှည့်နေကြခြင်းဖြစ်သည်။

သူတို့ တောင်ထိပ်မြေပြင်သို့ရောက်သည်နှင့် လူသန်ကြီးများက ဝါးခြင်းကြီးကို အောက်သို့ ပြန်ချပေးလိုက်ကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ လူအားလုံး တောင်ကလပ်ထိပ်သို့ ရောက်ရှိလာကြသည်။

ပထမပိုင်း၌ ရောက်ရှိလာသော သိုင်းသမားများကို လူသန်ကြီး ဆယ်ယောက်တို့က လုံးဝ ဂရုမစိုက်ချေ။

သို့သော် နောက်ဆုံးအခေါက်၌ ပါရှိလာသည့် မျက်ခုံးဖြူ တရုတ်ဘုန်းကြီးအိုကြီးကိုမူ လူသန်ကြီး ဆယ်ယောက်စလုံးက ရိုသေလေးစားစွာ ဦးညွှတ်ဂါရဝ ပြုကြလေ၏။

တရုတ်ဘုန်းကြီးအိုကြီးက ရယ်ရင်း ပြောသည်။

"ငါက ဒီက သခင်ကြီးရဲ့ ခွင့်ပြုချက်မယူဘဲနဲ့ ဟောဒီက ဧည့်သည်တော်တွေကို ဖိတ်ခေါ်ခဲ့တယ်ဗျာ၊ အဲဒါ မြန်မြန်သွားပြီး သခင်ကြီးကို အကြောင်းကြားလိုက်စမ်းပေ့"

လည်တံရှည်ရှည်၊ ပခုံးကားကား ထူးထူးခြားခြား ကြီးမားထွားကျိုင်းလှသည့် လူသန်ကြီးက ဂါရဝပြုရင်း ရိုသေစွာပြောသည်။

"ပေါင်စုကိုယ်တော်ကြီး ဖိတ်ခေါ်လာတဲ့ ဧည့်သည်ဟာ ကျွန်တော်တို့ဖိတ်ခေါ်တဲ့ ဧည့်သည်ပါပဲခင်ဗျား။ ဘာမှ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့"

"ပေါင်စု"

သည်အမည်ကို သိုင်းသမားတိုင်း ကြားဖူးထားကြသည်။

မည်သူမျှ လူကို မမြင်ဘူးခဲ့ကြချေ။

ထို့ကြောင့် 'ပေါင်စု' ဟူသောအမည်ကို ကြားသည်နှင့် ထိတ်လန့်သွားကြတော့၏။

ပေါင်စုကိုယ်တော်ကြီးအား ကြိုဆိုသည့် လူသန်ကြီးက သိုင်းသမားများကို ယခုမှ ဦးညွှတ်ဂါရဝပြု၏။

"ခွင့်လွှတ်ကြပါဗျာ၊ ကျွန်တော့သခင်ကြီး ခရီးထွက်နေလို့ ကိုယ်တိုင် မကြိုဆိုနိုင်ပါဘူး"

သိုင်းသမားများသည် ထိုလူသန်ကြီးကို အကဲခတ်လိုက်ကြ၏။

ဤမျှ ချမ်းအေးလှသည့်တောင်ထိပ်၌ အင်္ကျီပါးပါးကလေးသာ ဝတ်ထား၏။

အတွင်းအား သိုင်းပညာမကောင်းဘဲနှင့် ဤသို့ မနေနိုင်ပေ။

ဤလူသန်ကြီးတောင် ဤမျှ အတွင်းအား ကောင်းနေလျှင် သူ့သခင်ကြီးဆိုသည့်လူမှာမူ ဆိုဖွယ်ရာရှိနိုင်တော့မည် မဟုတ်ပေ။

မျက်ခုံးဖြူပေါင်စုသည် ထိုလူသန်ကြီး၏စကားကြောင့် အံ့သြသွား၏။

"ဘာကွ.....မင်းတို့ရဲ့ သခင်ကြီးက ဒီလိုအချိန်မျိုးမှ ခရီးထွက်ရသတဲ့လားကွာ"

လူသန်ကြီးက.....

"သခင်ကြီးဟာ လွန်ခဲ့တဲ့တစ်ပတ်ကပဲ ခရီးထွက်သွားပါတယ်၊ 'လင်ကူထပ်'ကို သွားတာပါ"

"ဘာကိစ္စနဲ့ သွားတာလဲကွ"

လူသန်ကြီးသည် မျက်ခုံးပေါင်းစု၏ စကားကို မဖြေဘဲ ယွမ်စစ်ကျုံးတို့လူစုကို အကဲခတ်နေ၏။

လူသန်ကြီး၏ အရိပ်အကဲကို မျက်ခုံးဖြူပေါင်စုက သိ၏။

"ပြောမှာသာ ပြောပါကွ၊ ကိစ္စမရှိပါဘူး။ သူတို့ကို ငါ တာဝန်ယူတယ်"

ထိုအခါကျမှ လူသန်ကြီးက ရှင်းပြသည်။

"သခင်ကြီးရဲ့အပြောအရ ရန်သူဟာ သိပ်ပြီးအစွမ်းထက်တယ်လို့ဆိုပါတယ်ခင်ဗျာ၊ ဒါကြောင့် 'ကျင်းမြန်ဖူ'ကို ဖိတ်ခေါ်ဖို့သွားပါတယ်၊ သခင်ကြီးအတွက် ကူညီတိုက်ခိုက်ပေးဖို့ပဲ ဖြစ်ပါတယ်ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



လူသန့်ကြီး၏စကားသည် ကျယ်လောင်လှသည် မဟုတ်ပါ။ သာမန်လေသံဖြင့် ပြောနေခြင်းသာ ဖြစ်ပါ၏။

သို့သော် ထိုသာမန်လေသံ သာမန်စကားသည် တောင်ကလပ် ထိပ်ပေါ်သို့ ရောက်ရှိနေသည့် သိုင်းသမားများအားလုံး၏ နားထဲ၌ ထောင်ပေါင်းများစွာသော ယမ်းထုပ်များကို ဖောက်ခွဲလိုက်သကဲ့သို့ မြည်ဟည်းသွားလေ၏။

''ကျင်းမြန့်ဖူ''

ထိုနာမည်သည် သိုင်းလောက၌ နှစ်ပေါင်းနှစ်ဆယ်လုံးလုံး 'ပြိုင်ဘက်ကင်း' သိုင်းသမားတစ်ယောက်ဖြစ်ခဲ့၏။

ယခုလည်း ဖြစ်နေဆဲသာ။

''ကျင်းမြန့်ဖူ''

သို့မဟုတ်.....

''သိုင်းလောက ပြိုင်ဘက်ကင်း''

မှန်ပါသည်။

ကျင်းမြန့်ဖူသည် သူ့ကိုယ်သူ သိုင်းလောက ပြိုင်ဘက်ကင်းဟု ခေါ်ဝေါ်သမုတ်ခဲ့၏။

ထိုစဉ်မှစ၍ သူ့ထံသို့ မဖိတ်ခေါ်သောဧည့်သည်များ အဆက်မပြတ် ရောက်ရှိလာတော့၏။

ထိုသူများကား ကျင်းမြန့်ဖူနှင့် သိုင်းပညာ ယှဉ်ပြိုင်လိုသည့် သိုင်းသမားများသာတည်း။

ကျင်းမြန့်ဖူထံသို့ ဧည့်သည်များ အထပ်ထပ်ရောက်လာသည့် နည်းတူ ရန်ငြိုးရန်စများသည်လည်း အထပ်ထပ် စုပုံလာလေ၏။

အဘယ်ကြောင့်ဆိုသော် သူ့ထံသို့ ရောက်လာသည့် ဧည့်သည် တိုင်းသည် ကျင်းမြန့်ဖူကို ရှုံးနိမ့်သွားကြသောကြောင့် ဖြစ်လေ၏။

---



ထို့ကြောင့် ကျင်းမြန့်ဖူ၏နာမည်သည် သိုင်းလောက ကောင်းကင်ယံ၌ လေတံခွန်သဖွယ် အနှစ်နှစ်ဆယ်တိုင်တိုင် ပျံဝဲခဲ့၏။

''ကျင်းမြန့်ဖူ'' သို့မဟုတ် ''သိုင်းလောက ပြိုင်ဘက်ကင်း''

သို့သော် သိုင်းလောက၌ သူ့ကို နှစ်ပေါင်းနှစ်ဆယ်တိုင်တိုင် မတွေ့မြင်ဘဲ ရှိခဲ့ကြ၏။

အချို့က ကျင်းမြန့်ဖူသည် တိဗက်ဒေသ၌ မဟာမကျန်းဖြစ်ပြီး သေဆုံးပြီဟူ၍ လည်းကောင်း။ အချို့ကလည်း တိတ်တဆိတ် လုပ်ကြံခံရပြီး သေဆုံးခဲ့ပြီ ဟူ၍လည်းကောင်း သတင်းပေးခဲ့ကြ၏။

သို့သော် မျက်မြင်ကိုယ်တွေ့ မဟုတ်၍ ထိုသတင်းများကို အတည်ပြု ယုံကြည်ခြင်း မရှိခဲ့ကြပေ။

ကျင်းမြန့်ဖူ သို့မဟုတ် သိုင်းလောက ပြိုင်ဘက်ကင်းသည် သိုင်းပညာ၌ တစ်ဘက်ကမ်းခတ် တတ်မြောက်သလို ဒုစရိုက်မှုများ ကိုလည်း အလွန်တရာ စက်ဆုပ်မုန်းတီးသူဖြစ်၏။

သူသည် သိုင်းလောက၏ ဒုစရိုက်သတင်းများကို လုံးဝလက်မခံ လိုသူဖြစ်၏။

ဒုစရိုက်သတင်းတစ်ခု သူ့ဆီသို့ ရောက်ရှိလာလျှင် ထိုဒုစရိုက်မှု ပြုသူ သိုင်းသမားသည် လွယ်မည် မဟုတ်ပါချေ။

သေးငယ်သောအပြစ်ကို ကျူးလွန်သူသိုင်းသမား၏ လက် သို့မဟုတ် ခြေထောက်ကို ချိုးပစ်သည်။

ကြီးမားသော အပြစ်ဒဏ်ကျူးလွန်သူကို အသေသတ်သည်။

ထိုဒုစရိုက်မှု ကျူးလွန်သူ၏နောက်မှ အပြစ်ဒဏ်သည် ကပ်လိုက်လာ၏။

တူညီသောအကျိုးကို ချက်ချင်း ခံစားရသည်။

ကျင်းမြန့်ဖူ သို့မဟုတ် သိုင်းလောက ပြိုင်ဘက်ကင်း၏

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ လွတ်မြောက်အောင် ထွက်ပြေးနိုင်သူဟူ၍ တစ်ယောက်မျှ မရှိကြသေးပေ။

ကျင်းမြန့်ဖူ ဟူသည့် နာမည်၏အဓိပ္ပာယ်မှာ "ရွှေမျက်နှာ တန်ခိုးရှင်"ဟူ၏။

ထို့ကြောင့် ကျင်းမြန့်ဖူ သို့မဟုတ် ရွှေမျက်နှာ တန်ခိုးရှင် သို့မဟုတ် သိုင်းလောက ပြိုင်ဘက်ကင်း၏ နာမည်ဆိုသည် သိုင်းလောက တစ်ခွင်လုံးကို သိမ့်သိမ့်တုန်စေသောနာမည်ပင် ဖြစ်ပါလေ၏။

မျက်ခုံးဖြူ ပေါင်စုက ရယ်၍ပြော၏။

"မင်းတို့ သခင်ကြီးကလဲကွာ၊ ဒါတော့ အစိုးရိမ်လွန်တာပဲ"

လူသန်ကြီးက ထစ်ထစ်ငေါ့ငေါ့ ပြော၏။

"သခင်ကြီးရဲ့ ပြော ပြောစကားအရတော့"

မျက်ခုံးဖြူပေါင်စုက လှောင်ရယ်ရယ်ရင်း-

"ဘာဖြစ်သလဲကွ၊ ရှိစန်းဟူဖေးဆိုတဲ့ ရန်သူက ဘယ်လောက်များ သိုင်းပညာစွမ်းနေလို့လဲ၊ ဘာဖြစ်လို့ ကျင်းမြန့်ဖူကို တကူးတက စိတ်ခေါ်နေရမှာလဲ"

လူသန်ကြီးက ဦးညွှတ်ဂါရဝပြုပြီး....

"ပေါင်စုကိုယ်တော်ကြီး ကြွလာတဲ့အတွက်လဲ သခင်ကြီး အားရှိမှာ သေချာပါတယ်ခင်ဗျာ၊ ဒါပေမယ့် ဒီ ရှိစန်းဟူဖေး ဆိုတဲ့လူကတော့ အင်မတန်ဆိုးသွမ်းတဲ့လူလို့ အဆိုရှိပါတယ် ခင်ဗျာ၊ ဒါကြောင့် ကူညီမယ့်သူတစ်ယောက် တိုးရင် တစ်ကြိမ်ပိုပြီး စိတ်အေးရတယ်လို့ သခင်ကြီးက အယူရှိပါတယ်"

သူတို့သည် စကားပြောရင်း အဆောင်များရှိရာသို့ လျှောက်လာကြ၏။

တောင်ကလပ်သည် အတော်ကလေး ကျယ်ပြန့်၏။

---



တောင်ကလပ်ပေါ်၌ ထင်းရှူးပင်များ ပေါက်နေသည့်အပြင် ငါးဆောင်တွဲ ဆောက်လုပ်ထားသည့် အိမ်ကြီးတစ်လုံး ရှိ၏။

အခြားအဆောင်ငယ်ကလေးများလည်း ရှိနေသေးသည်။

ထင်းရှူးပင်ငါးပင်ကို ဖြတ်ကျော်လာပြီးနောက် ငါးဆောင်တွဲ အိမ်ကြီးရှေ့သို့ ရောက်ရှိလာ၏။

တောင်ကလပ်မြေပြင်ပေါ်၌ နှင်းပွင့်များ ဖွေးနေသည်။

ငါးဆောင်တွဲအိမ်ကြီးရှေ့၌မူ နှင်းထု အနည်းငယ်ပါး၏။

တံခါးမကြီးကိုဖြတ်၍ ဝင်လာကြသည်။

လူသန်ကြီးက ဦးဆောင်၍ ရှည်လျားသော စင်္ကြံတစ်လျှောက် ခေါ်ဆောင်သွား၏။

ထို့နောက် ခန်းမကြီးထဲသို့ ရောက်ရှိလာကြ၏။

ခန်းမကြီး၏အထက် ပိတ်စကြီးနှစ်ခုပေါ်၌ စာတန်းကြီးရေး၍ ချိတ်ဆွဲထား၏။

ရေးသားထားသည့်စာလုံးများသည် အသက်ဝင်နေသည်။

အပေါ်ဘက်က စာတန်းကား.....

"ပြိုင်ဘက်ကင်း ကျင်းမြန့်ဖူ"

ဟူသတည်း။

အောက်မှစာတန်းကား.....

"ခွေးသတ်သူ ယင်ရွှံ့"

ဟူသတည်း။

သိုင်းသမားများသည် စာတန်း၏အဓိပ္ပာယ်ကို နားမလည်ကြပေ။

အဘယ်ကြောင့် ဤသို့ ရေးသားထားမှန်း မည်သူမျှ သဘော မပေါက်ကြပေ။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းမြှန့်ဖုကဲ့သို့သော ပြိုင်ဘက်ကင်း သိုင်းသမားကြီး တစ်ယောက်အား ဤသို့ ရိုင်းပျစွာ သရော်လှောင်ပြောင် ရေးသား ထားခြင်းအတွက် ကြက်သီးထမိသည်ကလွဲ၍ အခြား ဘာမျှ မခံစား တတ်ကြပေ။

လှသန့်ကြီးက ထိုင်ခုံများကို ညွှန်ပြရင်း.....

"ဧည့်သည်တော်များ ထိုင်ကြပါခင်ဗျား"

အားလုံး ထိုင်ခုံအသီးသီး၌ ထိုင်လိုက်ကြ၏။

ထိုစဉ်မှာပင် လူနှစ်ယောက်က လက်ဖက်ရည်ကြမ်းအိုးများကို စားပွဲပေါ်၌ လာတင်ပေးသည်။

မျက်ခုံးဖြူပေါင်စုသည် ပိတ်စပေါ်မှ စာတန်းများကို ဖတ်ကြည့်ပြီး စိတ်မသက်မသာ ဖြစ်သွားသည်။

"ပြိုင်ဘက်ကင်း ကျင်းမြှန့်ဖု လို့ ရေးထားတယ်၊ ကျင်းမြှန့်ဖု ဆိုရင် ပြီးတာပါပဲကွာ"

လှသန့်ကြီးက.....

"ကျွန်တော်တို့ရဲ့သခင်ကြီးက ကျင်းမြှန့်ဖုကို သိပ်လေးစား ပါတယ်ခင်ဗျာ၊ သခင်ကြီး တစ်ခါက ပြောခဲ့ဖူးပါတယ်၊ အပြည့်အစုံ ရေးမယ်ဆိုရင် 'ရွှေမျက်နှာ တန်ခိုးရှင် သို့မဟုတ် သိုင်းလောက ပြိုင်ဘက်ကင်း'လို့ ရေးရမယ်တဲ့ခင်ဗျ"

မျက်ခုံးဖြူပေါင်စုက ခြောက်ကပ်စွာ ရယ်ပြီး.....

"ဟောဒီ သိုင်းလောကထဲမှာ အခုအထိ ပြိုင်ဘက်ကင်း သိုင်းသမားတွေ အများကြီး ပေါ်ခဲ့တာပဲ၊ အနောက်မရွှီမမှာဆိုရင် သိုင်းအဖွဲ့တစ်ဖွဲ့ ပေါ်ခဲ့ဖူးတယ်၊ သူတို့ကလဲ မိုးပေါ်ကနေ မြေအောက် အထိ သူတို့သာ အမြင့်မြတ်ဆုံးတဲ့၊ အဲဒီအဖွဲ့သားတွေကို ကျင်းမြှန့်ဖုနဲ့ တွဲထားရမယ်"

---



မျက်ခုံးဖြူပေါင်စု၏ စကားများကို ကြားရသောအခါ ချောင်ပယွင် ချီသည် သဘောကျလှသဖြင့် အားရပါးရ ရယ်မောလေတော့၏။

လှသန့်ကြီးက မကျေမနပ်ကြည့်ပြီး ပြန်ပြောသည်။

"ဧည့်သည်ဆိုတာ ဣန္ဒြေသိက္ခာ ရှိရတယ်ဗျ၊ အိမ်ရှင်တွေ လေးစားအောင် ငြိမ်ငြိမ်ကလေး နေစမ်းပါဗျာ"

"ခင်ဗျား ဘာပြောတာလဲ"

ချောင်ပယွင်ချီက ပြန်လည်ဝေါက်ငမ်းလိုက်၏။

လှသန့်ကြီးက.....

"ကျင်းမြှန့်ဖုကသာ ခင်ဗျားတို့ သူ့ကို လှောင်ရယ်ရယ်တယ် ဆိုတာ သိသွားရင် ခင်ဗျားလွယ်မှာ မဟုတ်ဘူး၊ အခုလို ရယ်မိတဲ့အတွက် အကြီးအကျယ် နောင်တ ရသွားလိမ့်မယ်"

ချောင်ပယွင်ချီက အားကျမခံ ပြန်ပြော၏။

"သိုင်းပညာဆိုတာ ကုန်ဆုံးတယ်လို့မှ မရှိဘဲဗျ၊ တောင်တစ် တောင်ထက်မြင့်သော အခြားတောင်တစ်တောင်သည်ရှိ၏၊ ဆိုတဲ့စကားကို ခင်ဗျား မကြားဖူးဘူးလား၊ သူ့ထက်တော်တဲ့လူ၊ သူ့ထက်စွမ်းတဲ့လူတွေ တစ်ပုံကြီးရှိတယ်ဗျ၊ မိုးအောက်မြေပြင်မှာ ပြိုင်ဘက်ကင်း သိုင်းသမား ရယ်လို့ ဘယ်မှာ ရှိနိုင်မှာလဲဗျ"

လှသန့်ကြီးသည် ချောင်ပယွင်ချီကို အနိုင်လု၍ မပြောနိုင်ပါ။

"ကျုပ်ကတော့ သိပ်မသိပါဘူးဗျာ၊ ကျုပ်ရဲ့ သခင်ကြီး ပြော ထားသမျှသာ 'သိုင်းလောက ပြိုင်ဘက်ကင်း ကျင်းမြှန့်ဖု'ကို သိနေကြ တာပါ"

လှသန့်ကြီး၏လေသံ ပျော့သွားသဖြင့် ချောင်ပယွင်ချီ ကျေနပ် သွား၏။

ချောင်ပယွင်ချီက စိတ်ထဲမှ ကြိတ်၍ ကြုံးဝါးလိုက်၏။

---

www.burmeseclassic.com

www.burmeseclassic.com



"ငါက ထန်းလုံးပေကျွံ့ သိုင်းအဖွဲ့ကြီးရဲ့ ခေါင်းဆောင်ချုပ်ကြီးပဲ၊ မင်းလို အစေခံတစ်ယောက်က ဘာသိမှာလဲ"

ချောင်ယွင်ချီက လူသန်ကြီးကို လှမ်းမေးလိုက်၏။

"နေစမ်းပါဦး၊ ကျုပ် မေးစမ်းပါရစေဦး၊ သိုင်းလောက ပြိုင်ဘက်ကင်း ကျင်းမြို့ဖူကလွဲရင် ခင်ဗျားရဲ့ သခင်ကြီးက သိုင်းလောကထဲမှာ နံပါတ်တစ်ပေါ့ ဟုတ်လား"

လူသန်ကြီးက.....

"ဒီလိုလဲ မဆိုဝံ့ပါဘူးဗျာ"

လူသန်ကြီးသည် အခြားအစေခံတစ်ယောက်က ထပ်မံလာပေးသည့် ရေနွေးကရားတင်ထားသည့် လင်ဗန်းကို လှမ်းယူလိုက်သည်။

လူနှစ်ယောက် အပေးအယူ အဆင့်မသင့်သဖြင့် လင်ဗန်းကို တိုက်မိပြီး ရေနွေးကရားသည် အောက်သို့ လွင့်ကျသွား၏။

လူအားလုံး ထိုမြင်ကွင်းကို မြင်ကြသည်။

အစိတ်စိတ် အမွှာမွှာ ကွဲသွားမည့် ရေနွေးကရားကို လှမ်းကြည့်နေ၏။

သို့သော်.....

လူတိုင်း ဟယ်ခနဲ ဖြစ်သွားကြ၏။

ကရားနှုတ်သီးမှ အငွေ့တလူလူ ထွက်နေသည့် ရေနွေးကရားကို လူသန်ကြီးသည် လေထဲမှ ဖျတ်ခနဲ ဖမ်းယူလိုက်၏။

ရေနွေးတစ်စက်ကလေးမျှ ဖိတ်စင်ခြင်း မရှိပေ။

ရေနွေးအိုး၏အပူဓာတ်သည် လူသန်ကြီးအတွက် မည်သို့မျှ ထူးခြားပုံလည်း မရပေ။

ရေနွေးကရားကို စားပွဲပေါ်သို့ ငြိမ်းညင်းစွာ တင်ပေးလိုက်သည်။

---



ချောင်ယွင်ချီမှာ မျက်နှာရဲခနဲ ဖြစ်သွား၏။

ဤတောင်ကလပ်ပေါ်၌ ရှိရှိသမျှ လူမှန်သမျှကို အထင်သေး၍ မရချေတကား။

မျက်ခုံးဖြူ ပေါင်စုသည် ထိုအဖြစ်အပျက်ကို မြင်၏။

သို့သော် မမြင်ဟန်ပြုလျက် မေးခွန်းထုတ်လိုက်သည်။

"မင်းတို့ သခင်ကြီးရဲ့ အခုကိစ္စမှာ မင်းတို့ သခင်ကြီးညီနောင် သုံးယောက်ရယ်၊ ငါရယ် စုစည်းပြီး ခုခံမယ်လို့ ငါ သိထားတယ်၊ အခု မင်းတို့သခင်ကြီးက ဘယ်သူတွေကို ထပ်ပြီး အကူအညီ တောင်းထားသေးသလဲ"

လူသန်ကြီးက.....

"ဟုတ်ကဲ့၊ သခင်ကြီးက ခေါင်းထွက်ခါနီး ကျွန်တော့်ကို ပြောပြခဲ့ပါတယ်၊ ချန်းချန်အဖွဲ့က ရွှင်မိုကြည်၊ ခွန်းလွန်အဖွဲ့က လိန်ချင်၊ ဟိုနန်ထိုက်ကျိအဖွဲ့က လက်ဝှေ့ဆရာကြီး ကြူဟိုဟွာတို့ သုံးယောက်ဟာ ဟောဒီ ငါးရက်ခြောက်ရက်အတွင်းမှာ ဒီတောင်ကလပ်ပေါ် ရောက်ရှိလာလိမ့်မယ်လို့ ဆိုပါတယ်၊ ဒီဆရာကြီးတွေလာရင် ညှော်ဝတ်ကျေပွန်အောင် ပြုစုဖို့ မှာကြားခဲ့ပါတယ်၊ အခုဆိုရင် ကိုယ်တော်ကြီးဟာ ပထမဆုံး ဆိုက်ရောက်လာသူပါပဲ"

သခင်ကြီးဆိုသူ သူ့ကို ဖိတ်ခေါ်စဉ်က သခင်ကြီး ကြုံတွေ့လာရသည့် ပြဿနာအတွက် သူတစ်ယောက်တည်း ကူညီဖြေရှင်းရုံဖြင့် လုံလောက်သည်ဟု သူ အထင်ရှိခဲ့သည်။

သို့သော် ယခုကြားလိုက်ရသည့်စကားအရ သခင်ကြီးကြုံတွေ့နေရသည့်ကိစ္စမှာ တော်ရုံတန်ရုံကိစ္စမဟုတ်ကြောင်း သိရှိလာရသည်။

တော်ရုံတန်ရုံကိစ္စ မဟုတ်၍သာ "ရွှင်မိုကြည်" "လိန်ချင်" နှင့် "ကြူဟိုဟွာ" ဆိုသည့် ထိပ်ခေါင်တင် သိုင်းသမားကြီးများကို

www.burmeseclassic.com

www.burmeseclassic.com



ဓိတ်ခေါ်ခြင်း ဖြစ်ပေလိမ့်မည်။

ဤဒေသခံ နာမည်ကြီး သိုင်းသမားကြီးများ၏ အမည်ကို မျက်ခုံးဖြူ ပေါင်စုအနေဖြင့် ယခင်ကတည်းက ကြားဖူးထားသည်။

ဤသိုင်းသမားကြီးများနှင့် ယှဉ်လိုက်လျှင် သူ့နာမည်ပင် သေးငယ်မှေးမှိန်သွားသည်ဟု သူ ထင်မိသည်။

အကယ်၍ အဆိုပါ သိုင်းသမားကြီးများကို ဓိတ်ခေါ်ထားသည်ဟု သူ ကြိုတင်သိထားပါက ဤတောင်ကလပ်သို့ လာကောင်းမှ လာလိမ့်မည်။

ယခု ပိုဆိုးသည့်အချက်မှာ အိမ်ရှင်များ ရှိမနေသည့်အချက်ပင် ဖြစ်သည်။

မိမိအား မလေးမစား ပြုသလို ဖြစ်နေသည် မဟုတ်ပါလား။

သူသည် ရင်ထဲမှ မကျေနပ်မှုကို မြိုသိပ်မထားနိုင်တော့သဖြင့် ထုတ်ဖော်ပြောလိုက်မိသည်။

"ကျွင်းမြန့်ဖူတစ်ယောက်လုံးက ကူညီမယ်ဆိုမှတော့ ငါ့အကူအညီ ဘာလိုတော့မှာလဲကွာ၊ တစ်ခြားလူတွေရဲ့ အကူအညီကော လိုပါဦးမလား"

လူသန်ကြီးက.....

"ဒီလိုတော့ မဟုတ်ဘူးခင်ဗျ ကူညီမယ့်သူများလေ သခင်ကြီးအတွက် စိတ်ချရလေပါပဲ၊ ပီကင်းက ဆရာကြီးနှစ်ယောက်ကိုတောင် ထပ်ပြီး ဓိတ်ခေါ်ထားပါသေးတယ်"

"ဘုရားရေ"

မျက်ခုံးဖြူပေါင်စု ဘုရား တသွားသည်။

'ပီကင်း နေပြည်တော်က ဆရာကြီးနှစ်ယောက် ဟုတ်လား။ ဘယ်သူတွေများတုန်း။ ကြားစမ်းပါရစေကွာ"

---



"တစ်ယောက်ကိုတော့ ကျွန်တော် သိပါတယ်၊ ကျွန်တဲ့ တစ်ယောက်ကိုတော့ ကျွန်တော် မသိပါဘူး"

"အေးပါကွာ အေးပါ၊ သိတဲ့လူတစ်ယောက်ကိုပဲ ခပ်မြန်မြန်ကလေး ပြောစမ်းပါ"

"ဟုတ်ကဲ့၊ ကျွန်တော်သိတဲ့ လူတစ်ယောက်ကတော့ ကျွန်လု သိုင်းအဖွဲ့ချုပ်ကြီးရဲ့ ခေါင်းဆောင်ကြီး 'ဖန့်' ပဲ ဖြစ်ပါတယ်ခင်ဗျာ"

မျက်ခုံးဖြူပေါင်စုမှာ ကုလားထိုင်ပေါ်၌ နံ့ခွေမတတ် ဖြစ်သွားသည်။

"ခေါင်းဆောင်ချုပ်ကြီး 'ဖန့်'ကိုတောင် ဓိတ်ခေါ်ရသတဲ့လား။ နေစမ်းပါဦး။ ဒီရိုစန်းဟူဖေး ဆိုတဲ့လူက လူဘယ်နှစ်ယောက်ထောင် အဖော်အဖြစ် ခေါ်လာမှာမို့လဲ"

လူသန်ကြီးက ပြန်ဖြေလိုက်၏။

"ဘယ်သူ့မှ ခေါ်မလာပါဘူးတဲ့၊ ရိုစန်းဟူဖေး တစ်ယောက်တည်း လာမှာပါတဲ့ခင်ဗျာ"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅

အမြွာညီနော

ယွမ်စစ်ကျုံး၊ ယင်ကြည်နှင့် ထောင်ပိုင်ဇွေ့တို့သည် ဖါရ
သိုင်းသမားကြီးများ ဖြစ်ကြ၏။

ဤတောင်ထိပ်သို့ရောက်၍ ရန်သတ္တုရှုပြုမည့်သူ၏အမည်
ရှိစန်းဟူဖေးဆိုသည့် လူတစ်ယောက်ဖြစ်ကြောင်း၊ ဤတောင်ကလပ်ထိ
သခင်ကြီးသည် ရှိစန်းဟူဖေး၏ရန်ကို ကာကွယ်ရန် သူတို့ ကြားဖူးနေ
ရှိထားပြီးသည့် ကျင်းမြန့်ဖူနှင့်ကျန်လု အဖွဲ့ချုပ် ခေါင်းဆောင်ကြီး
လည်းကောင်း၊ အခြားသော ထိပ်တန်းသိုင်းပညာရှင်များကိုသေ
လည်းကောင်း၊ ဖိတ်ခေါ်နေကြောင်း၊ စသည့်အခြင်းအရာကို နားလ
သဘောပေါက်သွားကြသည်။

ရောက်လာမည့် ရန်သူက တစ်ယောက်တည်း။

---



မည်သည့်အစွမ်း ရှိမှန်းလည်း မသိသေး။

ထိုလူ၏ရန်ကို ကာကွယ်ရန် ဖိတ်ခေါ်ထားသည့် သိုင်းလောက
ပြိုင်ဘက်ကင်း ကျင်းမြန့်ဖူနှင့် လျှမ်းလျှမ်းတောက် သိုင်းသမားများ
ဖြစ်နေသည်။

ဤအဖြစ်မှာ တောင်ကလပ်သခင်ကြီးရှူး၍ ပြင်ဆင်လိုက်ခြင်း
ဖြစ်နိုင်သည်။

သို့မဟုတ်ပါက ရောက်လာမည့်ရန်သူက အလွန်ဆိုး၍လည်း
ဖြစ်ချင်ဖြစ်မည်။

ယွမ်စစ်ကျုံး၊ ယင်ကြည်နှင့် ထောင်ပိုင်ဇွေ့တို့အနက် ကျန်လု
အဖွဲ့ချုပ် ခေါင်းဆောင်ကြီး 'ဖန့်'၏ နာမည်ကို ကြားပြီးနောက် စိတ်
လှုပ်ရှားသွားသူမှာ ယွမ်စစ်ကျုံးဖြစ်၏။

ကျန်လု အဖွဲ့ချုပ်ကြီးသည် တရုတ်ပြည်တစ်ပြည်လုံးမှ
ပုတောင်းစားများကို စုစည်းထားသော သိုင်းအဖွဲ့ကြီးဖြစ်၏။

စည်းကမ်းကောင်းသလို သိုင်းပညာလည်း ထက်မြက်ကြ၏။

သူတို့သည် မျိုးချစ်ပုဂ္ဂိုလ်များ ဖြစ်ကြ၏။

တရုတ်ပြည်ကို မတရားအုပ်စိုးနေသည့် မန်ချူးကရောစ်များကို
အစဉ်သဖြင့် ဆန့်ကျင်တိုက်ခိုက်နေသူများ ဖြစ်ကြ၏။

လွန်ခဲ့သည့် တစ်လကပင် မန်ချူးကရောစ် ကန်လုန်သည်
ခေါင်းဆောင်ချုပ်ကြီးဖန့်ကို ဖမ်းဆီးရန် အမိန့်ထုတ်ခဲ့၏။

မန်ချူးကရောစ်ကိုယ်ရံတော်ကြီး ဆယ့်ရှစ်ယောက်တို့သည်
ကောက်ကျစ်သော နည်းလမ်းမျိုးစုံကိုသုံး၍ မျိုးချစ်ပုဂ္ဂိုလ်ကြီး ခေါင်း
ဆောင်ချုပ်ကြီးဖန့်ကို လက်ရဖမ်းဆီးသွားပြီး ထောင်သွင်း အကျဉ်းချ
ထားလိုက်သည်။

ဤသတင်းမှာ အလွန်တရာ လျှို့ဝှက်ထားသော သတင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

သိုင်းလောကသားထဲမှ သိရှိထားသူပင် အလွန်တရာ နည်းပါးလှသည်။

ယခု ဤလူစုထဲ၌ ပါရှိလာသည့် လိုယွမ်ဟို့သည် မန်ချူးကောရာဇ်၏ ကိုယ်ရံတော် ဆယ့်ရှစ်ဦးထဲမှ တစ်ဦးဖြစ်သည်။

သို့သော် ဤတောင်ကလပ်မှ စေတမန်နှစ်ဦးသည် ခေါင်းဆောင်ချုပ်ကြီးဖန့်ကို ဖိတ်ခေါ်ရန် ခရီးထွက်သွားကြလေပြီ။

သူတို့သည် ကျန်လုအဖွဲ့ချုပ်၏ ဌာနချုပ်တည်ရှိရာ စန်းစီးပြည်နယ် တာ့ထုံဒေသသို့ မသွားဘဲ ပီကင်းနေပြည်တော်သို့ တိုက်ရိုက်သွားနေကြ၏။

သူတို့သည် ခေါင်းဆောင်ချုပ်ကြီးဖန့် အဖမ်းခံရသည့်ကိစ္စကို သိရှိနေကြသလော။

အကယ်၍ သူတို့ သိထားပြီးဖြစ်၍ တမင်သွားရောက်ကြသည်ဆိုပါက သူတို့သွားခြင်းသည် အချည်းအနှီးသွားခြင်းသာ ဖြစ်ပေလိမ့်မည်။

မန်ချူးကောရာဇ်ကိုယ်တိုင် ဖမ်းဆီးရန် အမိန့်ပေးထားသည့်ကိစ္စကို ဤစေတမန်နှစ်ဦးအနေဖြင့် ပျက်ပြယ်ရန် မည်သို့မျှ စွမ်းဆောင်နိုင်လိမ့်မည် မဟုတ်ပါ။

လိုယွမ်ဟို့တို့သည် ခေါင်းဆောင်ချုပ်ကြီးဖန့်၏အမည်ကို ကြားပြီးနောက် အနည်းငယ် မျက်နှာပျက်သွား၏။

ထိုအချက်ကို မျက်ခုံးဖြူ ပေါင်စုက သတိပြုမိလိုက်၏။

"လိုယွမ်ဟို့ ခေါင်းဆောင်ချုပ်ကြီး ဖန့်ကို သိတယ်မဟုတ်လား"

မျက်ခုံးဖြူပေါင်စု၏ မေးခွန်းသည် လိုယွမ်ဟို့၏အစ္စိကိုကို လက်သီးနှင့် အထိုးခံလိုက်ရသလို ဖြစ်သွားစေ၏။

လိုယွမ်ဟို့က ဖြူလျော်သော မျက်နှာဖြင့် ပြန်ပြောသည်။



သို့သော် သူသည် တတ်နိုင်သမျှ ဣန္ဒြေဆည်သွားသည်။

"မသိပါဘူးဗျာ၊ မြောက်ပိုင်းဒေသတစ်ခွင်မှာတော့ ဖန့်ဟာ သူ့ရဲ့ကောင်းလို့ သိထားပါတယ်၊ နောက်ပြီး ကျားဆိုးကြီးတစ်ကောင်ကိုလဲ လက်သီးနဲ့ တစ်ချက်ထဲထိုးပြီး သတ်နိုင်ခဲ့တယ်လို့လဲ သိရှိခဲ့ပါတယ်"

မျက်ခုံးဖြူပေါင်စုသည် ယဲ့ယဲ့ကလေး ပြုံးလိုက်၏။

လိုယွမ်ဟို့တို့ကို မကြည့်ဘဲ လူသန်ကြီးကိုသာ လှမ်းမေးသည်။

"နေစမ်းပါဦး။ ငါ မေးစမ်းပါရစေဦး။ ရှိစန်းဟူဖေး ဆိုတာက ဘာကောင်လဲ၊ သူ့ရုပ်သွင်ပုံစံက ဘယ်လိုရှိသလဲ၊ သူနဲ့ မင်းသခင်ကြီးက ဘယ်တုန်းကများ ရန်ငြိုးရှိခဲ့လို့လဲ"

လူသန်ကြီးက ခေါင်းခါပြ၏။

"ဟင့်အင်း။ ဒါတော့ ကျွန်တော် မသိပါဘူးခင်ဗျာ၊ သခင်ကြီးကို ကျွန်တော်တို့အနေနဲ့ ဘာမှ မမေးရဲပါဘူး။ သခင်ကြီး ပြောသမျှကိုသာ ကျွန်တော်တို့ သိခွင့်ရှိပါတယ်"

ထိုစဉ် အစေခံများသည် ထမင်းဟင်းလျာများနှင့် အရက်အိုးများကို သယ်ဆောင်လာကြသည်။

နှင်းထုဖုံးလွှမ်းနေပြီး မြင့်မားမတ်စောက်လှသည့် ဤတောင်ကလပ်ပေါ်၌ ဤသို့သော ဟင်းလျာကောင်းကောင်းနှင့် အရက်ကောင်းကောင်း ရရှိဖို့ဆိုသည်မှာ လွယ်ကူသောကိစ္စ မဟုတ်ပါချေ။

ထို့ကြောင့် တောင်ခြေမှတက်လာသူ အားလုံး အံ့ဩသော မျက်နှာများဖြင့် ဝိုင်းကြည့်နေမိကြတော့၏။

ဟင်းလျာများနှင့် အရက်အိုးများကို ခင်းကျင်းလိုက်ရာ စားပွဲကြီးတစ်ခုလုံး ပြည့်သွားတော့သည်။

လူသန်ကြီးက မတ်တတ်ရပ်လျက် သူ့သခင်အစား ကျေးဇူးတင်စကား ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခုလို ကြွရောက်လာကြတဲ့အတွက် သခင်ကြီးဟာ အလွန်တရာ ဝမ်းမြောက်ဝမ်းသာဖြစ်မှာ သေချာပါတယ်ခင်ဗျား။ ဧည့်သည်တွေရဲ့ စားရေးသောက်ရေးအတွက် ဘာမှ လိုလေသေး မရှိစေရဘူးလို့ သခင်ကြီးက ကျွန်တော့်ကို အမိန့်ပေးထားခဲ့ပါတယ်။ ဒါကြောင့်မို့ အားမနာတမ်း စားကြသောက်ကြပါလို့ ဖိတ်မန္တကပြုပါတယ်ခင်ဗျား"

စားပွဲဝိုင်းတွင် အခြားသူများ ငြိမ်သက်နေသော်လည်း ချောင်ယွင်ချိုနှင့် ထောင်ကြည်အန်းတို့နှစ်ယောက်မှာမူ တစ်ယောက်နှင့်တစ်ယောက် ရန်စောင်နေကြပါ၏။

မည်သို့ပင်ဖြစ်စေ ဤစားပွဲဝိုင်းသည် ရန်သူအုပ်စုသုံးစုအား ရင်ထဲမှအမုန်းများကို ခေတ္တသိုသိပ်စေလျက် မျက်နှာချင်းဆိုင်ခိုင်းသော စားပွဲဝိုင်းပင် ဖြစ်လေတော့၏။

ထိုစားပွဲဝိုင်း၌ စကားအပြောဆုံးလူမှာ မျက်ခုံးဖြူ ပေါင်စု ဖြစ်လေသည်။

သူသည် တရုတ်ဘုန်းကြီးဖြစ်၍ အသားဟင်းကို မစားပါ။ ဟင်းသီးဟင်းရွက်များကိုသာ စားသုံးသည်။

ကျန်လူများကား အသေအကြေ တိုက်ခိုက်ခဲ့ပြီး နှင်းထုကြား၌ ခရီးရှည်ကြီးကို လှမ်းလျှောက်ခဲ့ရသဖြင့် အလွန်တရာ ပင်ပန်းနေကြသည်။

ယခု ဟင်းလျာဝိုင်းကြီးမှာ သူတို့အတွက် မိုးပေါ်က ကျလာသလို ပြည့်စုံကောင်းမွန်လှသဖြင့် အရက်သုံးလေးခွက်စီ ဝင်သွားပြီးသောအခါ ပလုပ်ပလောင်း စားသောက်ကြတော့၏။

သို့သော် သူတို့ အဝမစားနိုင်မီမှာပင် 'ဠီး'ခနဲ အသံကြီးကို ကြားလိုက်ကြရ၏။

---



ကောင်းကင်ယံ၌ ပြာလဲ့လဲ့ မီးကျည်တစ်ခု ထွန်းလင်းနေသည်ကို ပြတင်းပေါက်များမှ တွေ့လိုက်ကြရသည်။

ထိုအခါ ဆာလောင်မွတ်သိပ်နေသည့် စိတ်ခတ်များ တဒင်္ဂအတွင်း ပျောက်ကွယ်သွားကြလေတော့၏။

မျက်ခုံးဖြူပေါင်စုသည် အလန့်တကြား ထရပ်လိုက်၏။

"ဒါ နှင်းတောင်မြေခွေးလို့ အမိပ္ပာယ်ရတဲ့ ရှိုစန်းဟူဖေး ရောက်လာပြီဆိုတဲ့ အချက်ပေးသံပဲ"

မျက်ခုံးဖြူပေါင်စု၏စကားကြောင့် စားပွဲဝိုင်းရှိ လူအားလုံး မျက်နှာပျက်သွားကြသည်။

သူတို့ထက်ပို၍ မျက်နှာပျက်သူမှာ တောင်ကာလပ်၌ စောင့်ရှောက်ကျန်ရစ်ခဲ့သည့် သခင်ကြီး၏ လူယုံတော် လူသန်ကြီးပင်ဖြစ်၏။

သူသည် မျက်ခုံးဖြူပေါင်စုအား အကူအညီ တောင်းခံရလေတော့၏။

"ပေါင်စုကိုယ်တော်ကြီးခင်ဗျား။ ကျွန်တော့်သခင်ကြီး ပြန်မရောက်သေးခင်မှာပဲ ရန်သူက ကြိုတင်ရောက်ရှိလာပါပြီ။ ရန်သူကို ကျွန်တော်တို့အနေနဲ့ ခုခံနိုင်မှာ မဟုတ်ပါဘူးခင်ဗျား။ သခင်ကြီးရဲ့ မျက်နှာကို ထောက်ထားပြီး ပေါင်စုကိုယ်တော်ကြီးက တာဝန်ယူပေးပါလို့ မေတ္တာရပ်ခံပါတယ်ခင်ဗျာ"

မျက်ခုံးဖြူပေါင်စုသည် ကုလားထိုင်၌ ဣန္ဒြေရရ ပြန်ထိုင်လိုက်၏။

"ကိစ္စမရှိပါဘူး။ ဘာမှ မကြောက်ကြနဲ့။ ငါတစ်ယောက်လုံး ရှိပါတယ်ကွ။ မင်းသခင်ကြီး မရှိပေမယ့် အားလုံး ငါ တာဝန်ယူတယ်၊ ပေ့.လာပါစေ"

လူသန်ကြီးက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်.....ကျွန်တော် သူ့ကိုသွားပြီး မဖိတ်ခေါ်ဝံ့ပါဘူးခင်ဗျာ"

မျက်ခုံးဖြူပေါင်စုက ဂရုမစိုက်ဟန်ဖြင့်.....

"ဘာဖြစ်သလဲ ကိစ္စမရှိဘူး"

လူသန်ကြီးက.....

"မဟုတ်ဘူးခင်ဗျ၊ နှင်းထုဖုံးလွှမ်းနေတဲ့ ဟောဒီတောင်ကလပ်ကို နှင်းတောင်မြေခွေး ရှိစန်းဟူဖေး ဘယ်လိုမှ တက်မလာနိုင်ပါဘူးခင်ဗျာ၊ ကျွန်.....ကျွန်တော် ပြောချင်တာက"

မျက်ခုံးဖြူပေါင်စုက စိတ်မရှည်ဟန်ဖြင့် ခပ်ဆတ်ဆတ် ပြောသည်။

"ပြောမှာ ပြောစမ်းကွာ၊ မင်း ဘာပြောချင်တာလဲ"

"ဒီလိုပါ ပေါင်စုကိုယ်တော်ကြီးကပဲ ဒီတောင်ကလပ်ပေါ်မှာ သခင်ကြီး မရှိတဲ့အကြောင်း ပြောပေးစေလိုပါတယ်"

"ဟ.....ဒါက မင်းတို့အလုပ်ပဲ၊ သူ့ကို ဝါးခြင်းနဲ့ အပေါ်ဆွဲတင်ကြပေါ့ကွ၊ အပေါ်ရောက်လာရင် ငါ ဖြေရှင်းမယ်"

"ဒီ.....ဒီလိုပါခင်ဗျာ၊ ဒီတောင်ကလပ်ပေါ်မှာ သခင်ကြီး မရှိပေမယ့် သခင်ကြီးရဲ့မယ်တော် ရှိနေပါသေးတယ်၊ ရှိစန်းဟူဖေး ရုတ်ရုတ်သဲသဲလုပ်ရင် မယ်တော်ကြီး ထိတ်လန့်သွားနိုင်ပါတယ်၊ သခင်ကြီး ပြန်လာလို့ မယ်တော်ကြီး တစ်စုံတစ်ခုဖြစ်ရင် ကျွန်တော့်မှာ တာဝန်ရှိပါတယ်ခင်ဗျာ၊ ဒါကြောင့်မို့ပါ"

မျက်ခုံးဖြူပေါင်စု၏မျက်နှာမှာ ချက်ချင်းညှိုးပုပ်သွားလေသည်။

"ဟေ့ကောင်.....ဒီ ရှိစန်းဟူဖေး ဆိုတဲ့ကောင်ကို ငါ မနိုင်နိုင်ဘူးလို့ မင်းက ဆိုနေတာလားကွ"

"မ.....မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်က စိုးရိမ်လို့ ပြောနေတာပါ"

---



"သွား.....ခင်ဗျားတို့ကသာ သူ့ကို အပေါ်ဆွဲတင်လိုက်၊ ဖြစ်လာသမျှတာဝန် ငါ ယူမယ်၊ ငါ ဖြေရှင်းပေးမယ်"

လူသန်ကြီးမှာ မတတ်သာတော့ပါ။

နောက်ဆုံး 'ဟုတ်ကဲ့'ဟု သဘောတူလိုက်ရသည်။

လူသန်ကြီးသည် စားပွဲနှင့် မလှမ်းမကမ်းနေရာ၌ ရပ်နေသည့် သူ့လူနှစ်ယောက်အနီးသို့ ချဉ်းကပ်သွားကာ တီးတိုးညွှန်ကြားနေသည်။

မယ်တော်ကြီးကို စောင့်ရှောက်နိုင်ခြင်းမှအပ အခြားမည်သည့် အကြောင်းမှ မဖြစ်နိုင်ကြောင်း အားလုံး ရိပ်စားမိလိုက်ကြသည်။

မျက်ခုံးဖြူပေါင်စုသည် အေးစက်စက်ရယ်ပြီး ကြည့်နေ၏။ ဒီကောင် အတော်အကြောက်ကြီးတဲ့အကောင်ပဲဟု တွေးနေသည်။

လူသန်ကြီး ထွက်သွားသောအခါ အစေခံများကို လှမ်းခေါ်လျက် စားပွဲပေါ်မှ ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းခိုင်းလိုက်၏။

"ဟေ့.....ရေနွေးကြမ်းအိုးတွေပဲ ချတော့၊ နောက်ပိုင်းမှာ ဘယ်သူမှ အစားစားနိုင်ကြမှာ မဟုတ်တော့ဘူး"

အစေခံများသည် မျက်ခုံးဖြူပေါင်စု၏ အမိန့်အတိုင်း ဆောင်ရွက်ကြ၏။

ထိုစဉ် လူသန်ကြီး၏ အော်ဟစ်ပြောဆိုသံကို ကြားလိုက်ကြရသည်။

"ဧည့်သည်တော် ရောက်လာပြီဗျို့"

ခန်းမကြီး၏ တံခါးရွက်ကြီးနှစ်ခုသည် ကျွီခနဲ ပွင့်သွား၏။

လက်ဖက်ရည်ကြမ်းခွက်ကိုင်ထားသူများသည် လက်ဖက်ရည်ကြမ်းကို မသောက်နိုင်တော့ဘဲ တံခါးပေါက်သို့ ငေးကြည့်မိကြတော့သည်။ တံခါးဝ၌ အသက်နှစ်ဆယ့်သုံးနှစ်အရွယ်ရှိ လူငယ်နှစ်ယောက် ရပ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူငယ်နှစ်ယောက်သည် အခန်းထဲသို့ တစ်ချက်မျှ အကဲခတ်ပြီးနောက် ပြုံးတူဝင်လာကြ၏။

ထိုလူငယ်နှစ်ယောက်၏ အလုံးအရပ်မှာ အံ့ဩဖွယ်ကောင်းလောက်အောင် တူညီသည်။ မျက်နှာနှစ်ခုကလည်း ခွဲမရအောင် တူညီသည်။

အံ့ဩဖွယ်အကောင်းဆုံးကား လမ်းလျှောက်ပုံပါ တူညီနေခြင်းတည်း။

ထိုနှစ်ယောက်သည် ကျားသစ်အရေခွံအင်္ကျီကို ဆင်တူဝတ်ဆင်ထားသည်။

ဆံပင်များကို ကျစ်ဆံပြီး ကျစ်ထား၏။

နဖူးကိုပတ်လျက် အနီရောင်ပဝါတစ်ခု စည်းထားသည်။

ထိုပဝါထိပ်၌ ပတ္တမြားတစ်လုံးစီ ဆင်ယင်ထားသည်။ သူတို့နှစ်ယောက်၌ ကွာခြားချက်ဟူ၍ တစ်ချက်တည်းသာရှိ၏။

တစ်ယောက်က ဓားကို နောက်ကျောဘက်၌ ညာဘက်စောင်းစောင်းချိတ်ဆွဲထားပြီး တစ်ယောက်က ဘယ်ဘက်စောင်းစောင်းချိတ်ဆွဲထားခြင်းသာ ကွာခြားသည်။

သူတို့သည် မျက်ခုံးဖြူပေါင်စုရှေ့သို့ သွားရပ်ပြီး ဦးညွှတ်ဂါရဝပြုကြလေ၏။

ထိုအချိန်၌ လူသန်ကြီးသည် မျက်ခုံးဖြူပေါင်စုဘေး၌ ရပ်နေလေသည်။

ဝဲဘက်မှ လူငယ်က သူ့လက်ထဲ၌ ပါလာသည့် ဘူးတစ်ခုကို လူသန်ကြီးအား လှမ်းပေးလိုက်၏။

လူသန်ကြီးက ဘူးကို လက်ခံယူလိုက်ပြီး ချက်ချင်းဖွင့်လိုက်သည်။

---



အထဲ၌ စာတစ်စောင်ရှိရာ ဆွဲထုတ်၍ ဖတ်လိုက်၏။

တရုတ်စုတ်တံထူထူဖြင့် ရေးသားထားသည့် စာလုံးများကို ထင်ရှားပီသစွာ ဖတ်လိုက်ရသည်။

'နှင်းတောင် တောင်ကလပ်ထိပ်၌ တွေ့ဆုံရန်အတွက် ယနေ့ မွန်းလွဲပိုင်း၌ လာရောက်မည်'

'ဟူဖေး'

မျက်ခုံးဖြူပေါင်စုသည် လူသန်ကြီး၏လက်ထဲမှစာကို အထင်းသား တွေ့မြင်နေရသဖြင့် လှမ်းမတောင်းသေးဘဲ ဘေးမှ ဖတ်လိုက်သည်။

''ရှိစန်းဟူဖေးဟာ မင်းတို့ သခင်လား''

မျက်ခုံးဖြူပေါင်စုက မေးခွန်းထုတ်လိုက်ရာ သူငယ်နှစ်ဦးက ပြုံးတူ ခေါင်းညိတ်ကြ၏။

''ဟုတ်ပါတယ် ခင်ဗျာ၊ သခင်လေးဟာ မွန်းလွဲပိုင်းမှာ ဒီနေရာကို ရောက်ရှိလာပါလိမ့်မယ်၊ ဒီက သခင်ကြီးအနေနဲ့ မလာမှာကို တကြောင့်ကြောင့် တကြကြ ဖြစ်နေမှာစိုးလို့ ဒီစာကို လာပေးရတာပါ ခင်ဗျာ''

လူငယ်နှစ်ယောက်၏ အသံမှာ စူးရှနေ၏။ မျက်ခုံးဖြူပေါင်စုက လူငယ်နှစ်ယောက်ကို အကဲခတ်ပြီး.....

''မင်းတို့နှစ်ယောက်က အမြွှာညီနောင်များလားကွ''

''ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော်တို့ အမြွှာညီနောင်ပါ''

သူတို့သည် စကားဆုံးသောအခါ သူတို့ ဆောင်ရွက်ရမည့်ကိစ္စလည်း ပြီးပြီဖြစ်၍ လှည့်ထွက်သွားရန် ဟန်ပြင်လိုက်ကြ၏။

လူသန်ကြီးက လှမ်း၍တားသည်။

''နေကြပါဦး ညီလေးတို့ မုန့်စားပြီးမှ ပြန်ကြပါ၊ တတ်နိုင်သမျှ ဧည့်ဝတ်ပြုလိုက်ပါရစေဦးကွာ''

www.burmeseclassic.com

www.burmeseclassic.com



ညာဘက်မှလူငယ်က ဦးညွှတ်ဂါရဝပြုလျက် ပြုံးချို၍စွာ ပြောသည်။

''ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့သခင်ကလေးရဲ့ အမိန့်မပါရှိဘဲနဲ့ ဒီမှာ အချိန်ကြာကြာ မနေရဲလို့ပါခင်ဗျာ''

ထန်ချင်ဝင်းသည် လင်ဗန်းထဲမှ စားသောက်ဘွယ်ရာ သစ်သီးဝလံများကို ယူလျက် လူငယ်နှစ်ဦးထံသို့ ကမ်းပေးလိုက်၏။

''ဒါဖြင့်လဲ လမ်းမှာ စားသွားဖို့တော့ ယူသွားကြပါနော်''

''ဟုတ်ကဲ့၊ အဲဒီလိုတော့ ဖြစ်ပါတယ်ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်''

လူငယ်နှစ်ဦးသည် ပြုံးလျက် သစ်သီးဝလံများကို လက်ခံယူကြ၏။

ချောင်ယွင်ချီသည် စိတ်သဘောထား ကြီးမားကျယ်ပြန့်သူ မဟုတ်ပေ။

အသက်အရွယ် အသင့်အတင့် ရှိပင်ရှိငြားသော်လည်း ထန်းလုံပေကျိုးအဖွဲ့၏ ခေါင်းဆောင်ချုပ်ကြီး ဖြစ်ပင်ဖြစ်ငြားသော်လည်း မစ္ဆရိယစိတ်၊ သဝန်တိုစိတ် အလွန်များပြားသူဖြစ်၏။

မကိုင်ရှတန်ဆာကို ခြေထောက်၌ မတပ်ဆင်သကဲ့သို့ ခြေကျင်းကိုလည်း ဦးခေါင်း၌ မတပ်ဆင်သင့်ပေ။

မသင့်လျော်သော လူ့အဖွဲ့ခေါင်းဆောင် ဖြစ်သွားလျှင် ထိုအဖွဲ့သည် တိုးတက်ထွန်းကားခြင်း မရှိတော့ဘဲ တဖြည်းဖြည်း ဆုတ်ယုတ်ပျက်စီးသည့် ဆိုးကျိုးကိုသာ ခံစားရပေလိမ့်မည်။

လူငယ်နှစ်ယောက်အပေါ် ထန်ချင်ဝင်းက စေတနာထားခြင်းအတွက် သူ့စိတ်ထဲ၌ မကျေနပ်နိုင်အောင် ဖြစ်နေသည်။

သူသည် အောက်ကလိအာ စကားဖြင့် လူငယ်နှစ်ယောက်အား



ရန်စလေ၏။

''ဟင်း.....လူကလေးတွေက လက်မလောက် ရှိသေးတယ်၊ ကျောက်ကုန်းပေါ်မှာ ဓားကိုယ်စီနဲ့ ဓားတွေချိတ်ပြီး သိုင်းပညာ မတတ်ရင် ရှက်စရာကွ၊ မင်းတို့ သိုင်းပညာကော တတ်ကြရဲ့လား''

လူငယ်နှစ်ဦးက ရိုကျိုးစွာ ပြန်လည်ဖြေကြား၏။

''ကျွန်တော်တို့ မတတ်ပါဘူးခင်ဗျာ''

လူငယ်နှစ်ယောက်သည် ချောင်ယွင်ချီကို ထိတ်လန့်သော မျက်နှာများဖြင့် ပြန်ကြည့်နေကြသည်။

ချောင်ယွင်ချီက ခပ်မာမာ အမိန့်ပေးလိုက်၏။

''ဒါဖြင့်လဲ ဟန်ဆောင်ပြီး ဓားရှည်ကို ကိုင်မနေကြနဲ့၊ ဓားတွေကို ထားခဲ့စမ်း''

သူသည် ထိုင်ရာမှ ခုန်ထွက်ရင်း ကျောက်ကုန်းပေါ်မှ ဓားများကို ဖွဲ့နှုတ်ယူလိုက်၏။

လူငယ်နှစ်ဦးသည် ထိုအဖြစ်ကို မျှော်လင့်မထားသဖြင့် အံ့အားသင့်နေကြစဉ် ဓားနှစ်စင်းသည် ချောင်ယွင်ချီ၏ လက်ထဲသို့ ရောက်ရှိသွားလေတော့၏။

''ဟား ဟား ဟား ဟ ဟ အ အ''

ချောင်ယွင်ချီသည် သဘောကျစွာ ကျေနပ်စွာ အော်ဟစ်ရယ်မော နေရာမှ မရယ်နိုင်တော့ဘဲ ဖြစ်သွားရသည်။

အဘယ်ကြောင့်ဆိုသော် လူငယ်နှစ်ဦးသည် ဓားများ အလုခံလိုက်ရပြီးကတည်းက လျှပ်ပြက်သကဲ့သို့သော အရှိန်နှုန်းဖြင့် ချောင်ယွင်ချီ၏ လက်ဝဲလက်ယာသို့ ကပ်လာလျက် ချောင်ယွင်ချီ၏ လည်ပင်းကို သံမဏိပြုတ်တူများကဲ့သို့ ဗိုင်းညှစ်ကြတော့သည်။

ထို့နောက် ချောင်ယွင်ချီ၏ အောက်ခြေ ခြေထောက်များကို

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်ဖြင့် ကန်ပစ်လိုက်ပြီး ကြမ်းပြင်ပေါ်သို့ တွန်းချပစ်လိုက်ခြင်း ဖြစ်၏။

ချောင်ယွှင်ချီမှာ ကြမ်းပြင်ထက်သို့ ပက်လက်ကျသွားတော့သည်။

လူငယ်နှစ်ဦးထံမှ သူခါးလုပုံမှာ တကယ်ပင် လျင်မြန်၏။

သို့ရာတွင် လူငယ်နှစ်ဦးက သူ့လည်ပင်းကို ဝိုင်းညှစ်ပြီး ကြမ်းပြင်ပေါ် လဲကျအောင်လုပ်သည့် အပြုအမူက ပို၍ လျင်မြန်လှသည်။

မည်သူကမျှ ထိုသို့ဖြစ်လိမ့်မည်ဟု မျှော်လင့်မထားသဖြင့် ပါးစပ်အဟောင်းသား ဖြစ်နေကြတော့သည်။

ချောင်ယွှင်ချီသည် လဲကျသွားသော်လည်း သတိမလစ်ပါ။

ပြန်လည်ခုန်ထရန်နှင့် သူ့လက်ထဲမှ ဓားနှစ်ချောင်းကို အသုံးပြုရန် အဆင်သင့်ပြင်လိုက်သည်။

သို့သော် လူငယ်နှစ်ဦးသည် သူ့ထံသို့ ထပ်မံ ခုန်ဝင်လာပြီး သူ့လည်ပင်းကို လာညှစ်ကြပြန်တော့၏။

သိုင်းပညာရှင် ထန်းလုံပေကျိုး သိုင်းအဖွဲ့၏ ခေါင်းဆောင် ချောင်ယွှင်ချီမှာ မည်သို့မျှ မရှောင်တိမ်းနိုင်ဘဲ လည်ပင်းအညှစ်ခံရပြန်လေတော့၏။

လူငယ်နှစ်ဦးသည် သူ့လည်ပင်းကို ညှစ်ပြီး ထပ်မံ ဆွဲလှဲပစ်ကျပြန်၏။

"ဝုန်း"

ချောင်ယွှင်ချီမှာ ဒလိမ့်ကောက်ကွေး လွင့်စင်သွားပြန်၏။

ပထမအကြိမ် လဲကျသွားရခြင်းမှာ မမျှော်လင့်ချိန် ခံလိုက်ရခြင်းဖြစ်၍ လဲကျထိုက်သော်လည်း ယခုအကြိမ်တွင်မူ သတိထားနေပြီ ဖြစ်၍ မလဲကျသင့်ပေ။

---



သို့သော် လူငယ်နှစ်ဦး၏ လျင်မြန်မှုကို မည်သို့မျှ မတားဆီးနိုင်သဖြင့် ချောင်ယွှင်ချီမှာ ကြောင်ကျ မကျဘဲ ခွေးကျ ကျသွားရရှာပြန်သည်။

ချောင်ယွှင်ချီအဖို့ မျက်နှာကို ဓားနှင့်လှီးပစ်ချင်စရာ ရှက်ဖွယ်လိလိ အဖြစ်ဆိုးပင် ဖြစ်တော့၏။

သူသည် ရှက်စိတ် မခံချင်စိတ်တို့ဖြင့် လူသတ်ချင်စိတ်ပေါက်လာသည်။

လူငယ်နှစ်ယောက် တတိယအကြိမ် ထပ်မံ ခုန်မဝင်လာမီ ချောင်ယွှင်ချီသည် ကပျာကယာ ခုန်ထလိုက်၏။

သူသည်ဓားတစ်ချောင်းကို လက်ပြန်ကိုင်ထားပြီး ကျန်ဓားတစ်ချောင်းဖြင့် လူငယ်နှစ်ယောက်ကို အသေခုတ်ပိုင်းလိုက်၏။

"ဒိုး"

"ဝှစ်"

ထန်ချင်ဝင်းသည် ချောင်ယွှင်ချီ၏ဓားကွက်ကို အသေအချာ မြင်လိုက်ရသည်။

ဤဓားကွက်မှာ "မောင်ရင်ဓားထမ်း" ဓားကွက်ဖြစ်သည်။

အလွန်ရက်စက်သော သိုင်းကွက်ဖြစ်သည်။

ထန်းလုံပိုင်ကျိုးအဖွဲ့၏ ကိုယ်ပိုင်သိုင်းကွက်လည်း ဖြစ်သည်။

ဤဓားသိုင်းကို တော်ရုံတန်ရုံသိုင်းပညာရှင် ခုခံကာကွယ်နိုင်သည် မဟုတ်ပါ။

ချောင်ယွှင်ချီအဖို့ ဤသိုင်းကွက်သည် အသုံးတည့်ပေါင်းများခဲ့လေပြီ။

ချစ်စဖွယ် လူငယ်နှစ်ယောက်သည် ဓားချောင်ဖွေးဖွေးအောက်၌ သွေးသံရဲရဲဖြစ်တော့မည်ဟု ထန်ချင်ဝင်း မှတ်ထင်ယူဆလိုက်၏။

---

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ထိုဓားကွက်ခင်းသည်ကို မြင်သည်နှင့် အသံကုန် အော်ဟစ် တားမြစ်လိုက်သည်။

''အစ်ကိုကြီး ဒီလောက် မရက်စက်ပါနဲ့၊ သူတို့ရဲ့အသက်ကို ချမ်းသာပေးလိုက်ပါ''

သို့သော် ချောင်ယွင်ချီ၏ဓားကွက်များက လွှပ်ရှားသွားခဲ့ချေပြီ။

ထန်ချင်ဝင်း၏ အော်ဟစ်သံက ချောင်ယွင်ချီ၏ ဓားကွက်များကို အချိန်မီ တားဆီးနိုင်ခြင်း မရှိပါ။

ထိုအချိန်မှာပင် လူငယ်နှစ်ယောက်သည် ဘေးဘက်သို့ရှောင်တိမ်းခြင်းမရှိဘဲ သူ့ထံသို့ လက်ဝဲလက်ယာ ခုန်ဝင်လာကြ၏။

ထို့ကြောင့် ချောင်ယွင်ချီ၏ဓားကွက်များ ပွတ်ကာသီကာ လွဲချော်သွားရတော့သည်။

ချောင်ယွင်ချီမှာ တတိယအကြိမ် လည်ပင်းညှစ်ခံရပြန်လေသတည်း။

''ဝုန်း''

ချောင်ယွင်ချီသည် လက်ထဲမှဓားများကို အသုံးမပြုနိုင်ဘဲ လွင့်စင်ထွက်သွားပြန်လေသည်။

ထို့ပြင် လူငယ်နှစ်ဦးသည် သူ့ထံသို့ အရိပ်ပမာ ကပ်လိုက်လာကြပြီး ပြိုင်တူကန်ထုတ်လိုက်ကြပြန်၏။

''ဝုန်း''

ချောင်ယွင်ချီမှာ ထပ်မံ လွင့်စင်သွားရပြန်သည်။

သူ့အဖို့ အတော်နာသည်။

အရိုးများ ကွဲကြေသွားသလား ထင်မှတ်ရသည်။

လက်ထဲမှ ဓားနှစ်ချောင်းလည်း လွတ်ထွက်သွားတော့သည်။

အလွန်တရာ နာကျင်နေသဖြင့် ထရပ်ရန်ပင် အနိုင်နိုင်



ကြိုးစားနေရ၏။

ကျိုးယွင်ကန်က အလျင်အမြန် ခုန်ဝင်လာပြီး ဖေးဖေးမမ တွဲယူပေးသည်။

လူငယ်နှစ်ယောက်သည် သူတို့၏ဓားများကို ကောက်ယူလိုက်ကြ၏။

ချောင်ယွင်ချီမှာ အကြိမ်ကြိမ် ရှုံးနိမ့်နေရသဖြင့် မျက်နှာတစ်ပြင်လုံး မည်းနေတော့သည်။

သူ့အား ဖေးကူထားသည့် ကျိုးယွင်ကန်ကို တွန်းထုတ်လိုက်ပြီး သူ့ခါးထဲမှဓားကို ဆွဲထုတ်လိုက်၏။

သူသည် အလွန်ရက်စက်သော ဓားကွက်ခင်းကာ လူငယ်နှစ်ယောက်ဆီသို့ ခုန်ဝင်သွား၏။

ကျိုးယွင်ကန်သည် သူ၏အဖွဲ့တူ အစ်ကိုကြီး အကြိမ်ကြိမ် ခံခဲ့ရပြီကို တွေ့မြင်ပြီးခဲ့လေပြီ။

ဤလူငယ်နှစ်ယောက်သည် သာမန်လူငယ်များ မဟုတ်ကြောင်း သူ သိရှိခဲ့ပြီးလေပြီ။

ချောင်ယွင်ချီမှာမူ ဒေါသထွက်နေသူဖြစ်၍ အခြေအနေမှန်ကို မသုံးသပ်တတ်ပဲ ဖြစ်နေသည်။

သူ့အစ်ကိုကြီးအား သည်အတိုင်း လွှတ်ထားပါက ယခုတစ်ကြိမ်လည်း ခံရဦးမည်ကို ကျိုးယွင်ကန် ရိပ်မိ၏။

သူ့အစ်ကိုကြီးဘက်မှ သူ ဝင်တိုက်လျှင် နှစ်ယောက် နှစ်ယောက်ချင်း ဖြစ်သွားပြီး အင်အား ချိန်ခွင်လျှာ တူညီသွားမည်ဟု သူ ယူဆသည်။

ထို့ကြောင့် ကျိုးယွင်ကန်သည် သူ၏ဓားကို ရှမ်းခနဲ ဆွဲထုတ်လိုက်ပြီး ချောင်ယွင်ချီ၏အနီးသို့ ခုန်ဝင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ညာဘက်၌ ရပ်နေသည့်လူငယ်ကို စတင်တိုက်ခိုက်တော့သည်။

ဝဲဘက်မှလူငယ်က တိုက်ပွဲတော့စပြီဟူသည့် သဘောဖြင့် ညာဘက်မှလူငယ်ကို မျက်စ ပစ်ပြလိုက်၏။

ထို့နောက် နှစ်ယောက်စလုံး ဓားရှည်များဖြင့် ခုခံကြတော့သည်။

သူတို့သည် ချောင်ယွင်ချိုနှင့် ကျိုးယွင်ကန်တို့ နောက်ဆုတ်သွားအောင် ခပ်ကြမ်းကြမ်း တိုက်ထုတ်ပစ်လိုက်ပြီး မျက်ခုံးဖြူ ပေါင်စု ကိုယ်တော်ကြီးအား ဝဲဘက်မှလူငယ်က လှမ်း၍ တိုင်ကြားလေ၏။

"ကျွန်တော်တို့ညီအစ်ကိုဟာ ကျွန်တော်တို့သခင်လေးရဲ့ အမိန့်အရ အကြောင်းကြားစာ လာပို့တာပါခင်ဗျာ၊ ဘယ့်နှယ့် ကျွန်တော်တို့ကို အကြောင်းမဲ့ ရန်သတ္တုရှ ပြုရတာလဲ၊ ဧည့်သည်တွေကို ဒီလို စော်ကားတာ လုံးဝ မသင့်လျော်ပါဘူး။ ကြည့်ပြီး ဆုံးမပေးပါဦးခင်ဗျာ"

လူငယ်နှစ်ဦးက အသက်အရွယ်အကြီးဆုံးဖြစ်သော ပေါင်စု ကိုယ်တော်ကြီးသည် တရားသဖြင့် ဆုံးမဖျန်ဖြေပေးလိမ့်မည်ဟု အထင်ရှိခဲ့ကြသည်။

သို့သော် သူတို့ ထင်သလို ဖြစ်မလာပါချေ။

"မင်းတို့ကို ရန်သတ္တုရှပြုတာလဲ မဟုတ်၊ စော်ကားတာလဲ မဟုတ်ပါဘူး ကလေးတို့ရာ၊ မင်းတို့ရဲ့ သိုင်းပညာဘယ်လောက်ကောင်းသလဲဆိုတာ စစ်ဆေးကြည့်နေကြတာပါ၊ သူတို့မှာ မကောင်းစိတ် မရှိပါဘူးကွယ်၊ သူတို့နဲ့ အတူတူ လေ့ကျင့်ကြည့်ပါဦးကွယ်"

ဝဲဘက်မှလူငယ်က ခေါင်းညိတ် သဘောတူ၏။

"ကောင်းပါပြီ ဒီလိုဆိုလဲ စမ်းသပ်ကြည့်ကြပါတော့၊ ကျွန်တော်တို့ကို လိုအပ်တာ ရှိနေရင်လဲ သွန်သင်ညွှန်ပြကြပါခင်ဗျာ"

ချောင်ယွင်ချိုနှင့် ကျိုးယွင်ကန်တို့သည် အလွန်တရာ ရက်စက်



၍ အလွန်တရာကြောက်မက်ဖွယ်ကောင်းလှသော ဓားကွက်များဖြင့် တရကြမ်း ထိုးခုတ်တိုက်ခိုက်ကြ၏။

အဖွဲ့တူ ညီအစ်ကိုနှစ်ဦး ရင်ဘောင်တန်း တိုက်ခိုက်သောအခါ သူတို့၏ဓားကွက်များ အတော်ကလေး ကောင်းမွန်ကြောင်း အားလုံးက သတိပြုမိကြ၏။

ဤတောင်ကလပ်ပေါ်ရှိ လူအားလုံး (အစေခံများပါ အပါအဝင်) သည် သိုင်းပညာ တတ်ကျွမ်းသူများချည်း ဖြစ်ကြ၏။

အကြောင်းကြားစာ လာပို့သူ လူငယ်နှစ်ယောက်နှင့် ပေါင်စု ကိုယ်တော်ကြီး ခေါ်ဆောင်လာသည့် ဧည့်သည်နှစ်ယောက် ခန်းမကြီးထဲ၌ တိုက်ခိုက်နေကြသည် ဟူသောသတင်းကို ကြားကြသောအခါ တောင်ကလပ်ပေါ်ရှိ လူအားလုံး ခန်းမကြီးထဲသို့ လာကြည့်ကြတော့သည်။

လူငယ်နှစ်ယောက်သည် အထိုးအခုတ်၊ အဆုတ်အတက်တို့မှာ တက်ညီလက်ညီ ရှိလှသဖြင့် လူတစ်ယောက်တည်း လှုပ်ရှားတိုက်ခိုက်နေသကဲ့သို့ ထင်မှတ်ရ၏။

သူတို့နှစ်ယောက်၏ဓားကွက်များ၌ ဟာကွက် ဟူ၍ လုံးဝရှာ မတွေ့ကြရပေ။

သည်လူငယ်နှစ်ယောက်သည် ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းကစ၍ သိုင်းပညာကို သင်ယူလာခဲ့ကြဟန်တူ၏။

ချောင်ယွင်ချိုနှင့် ကျိုးယွင်ကန်တို့၏ ရက်စက်သော ဓားကွက်များကို အလွယ်တကူ ပိတ်ဆို့ကာကွယ်နိုင်ခဲ့ကြသည်။

ထိုတဒင်္ဂအချိန်အတွင်း၌ လူလေးယောက်သည် တိုက်ကွက်ပေါင်း လေးဆယ်မျှ ထုတ်၍ အသုံးပြုခဲ့ကြသည်။

သို့တိုင် ချောင်ယွင်ချိုနှင့် ကျိုးယွင်ကန်တို့မှာ အထက်စီးမှ မတိုက်ခိုက်နိုင်သေးဘဲ ရှိနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ယွမ်စစ်ကျိုးသည် တူတော်မောင်နှစ်ယောက် အနိုင်မရဘဲ ရှိခဲ့လျှင် ထန်းလုံပေကျိုးအဖွဲ့၏ ဂုဏ်သိက္ခာ နိမ့်ပါးကျဆင်းတော့မည်ကို တွေး၍ ပူနေမိသည်။

ထို့ကြောင့် အော်ဟစ်လိုက်၏။

''ချောင်ယွင်ချီနဲ့ ကျိုးယွင်ကန် ပြန်ဆုတ်ခဲ့ကြစမ်း။ သူတို့ ပညာကို ငါ စမ်းသပ်ကြည့်မယ်''

ချောင်ယွင်ချီနှင့် ကျိုးယွင်ကန်တို့သည် ဦးလေးတော်၏ အမိန့်ပေးသံကို ကြားပြီးဖြစ်သည်။

ထို့ကြောင့် ဆုတ်ခွာရန် ဟန်ပြင်သည်။

သို့သော် လူငယ်နှစ်ယောက်၏ ဓားရှည်တိုက်ကွက်များက ပိုမိုပြင်းထန်လာပြီး ထိုးစစ်ဆင်လာသဖြင့် တိုက်ပွဲစည်းအပြင်သို့ လုံးဝ မထွက်နိုင်ဘဲ ဖြစ်နေကြရသည်။

အဖွဲ့တူ ဦးလေးတော် ယွမ်စစ်ကျိုး အမိန့်ပေးပြီးသော်လည်း ဆယ်ကွက်မျှ ဆက်တိုက်ခုခံနေကြရ၏။

လူငယ်များ၏ဓားကွက်ထဲမှ ရုန်းထွက်၍ မရဘဲဖြစ်နေသည်။

ထန်ချင်ဝင်းသည် သူမ၏အစ်ကိုတော်နှစ်ယောက် ရုန်းထွက်နိုင်စေရန် သူမ ဝင်တားမည်ဟု ကြံလိုက်၏။

သူမ၏အစ်ကိုတော်နှစ်ယောက် ရုန်းထွက်သွားပြီးလျှင် ဦးလေးတော် ယွမ်စစ်ကျိုးနှင့် ထိုလူငယ်နှစ်ယောက် ဆက်လက်တိုက်ခိုက်လျှင် တိုက်ခိုက်စေတော့ဟု တွေးသည်။

''ဦးဦးယွမ်စစ်ကျိုးဟာ အစ်ကိုကြီး ချောင်ယွင်ချီနဲ့ ကျိုးယွင်ကန် တို့ထက် အသက်လဲ ကြီးတယ်၊ အတွေ့အကြုံလဲ ရင့်ကျက်တယ်၊ အစ်ကိုကြီးနှစ်ယောက်ထက်တော့ ထန်းလုံပေကျိုးအဖွဲ့ရဲ့ ဂုဏ်သိက္ခာကို ဆယ်နိုင်မှာ သေချာပါတယ်''



သူမသည် ဓားကိုင်ရင်း တိုက်ပွဲစည်းအတွင်းသို့ အော်ဟစ်ကာ ခုန်ဝင်လာ၏။

''အစ်ကိုတော်နှစ်ယောက် မြန်မြန်ဆုတ်ကြပါ''

ချောင်ယွင်ချီအား တိုက်ခိုက်နေသည့်လူငယ်၏ဓားသည် လျှပ်တစ်ပြက် ထန်ချင်ဝင်းထံသို့ ဝင်လာသဖြင့် ထန်ချင်ဝင်းက လျှင်မြန်စွာ ခုခံလိုက်ရသည်။

ထိုတဒင်္ဂအတွင်းမှာပင် လူငယ်နှစ်ယောက်၏ ပင့်ကူအိမ် တိုက်ကွက်အတွင်း၌ ထန်ချင်ဝင်းပါ ထပ်မံ အမိခံလိုက်ရတော့၏။

လူငယ်နှစ်ယောက်၏ဓားချက်များသည် ထန်ချင်ဝင်းတို့ သုံးယောက်ထံသို့ ဖယ်ဆက်သလို အဆက်မပြတ် ဝင်နေသည်။

ထန်ချင်ဝင်း မျှော်လင့်ထားသကဲ့သို့ သူမ၏အစ်ကိုတော် နှစ်ယောက်မှာ တိုက်ပွဲစည်းအတွင်းမှ ဆုတ်ခွာခြင်း မပြုနိုင်ကြပါ။

ချောင်ယွင်ချီမှာ တိုက်ခိုက်ရင်း နဖူးမှ ချွေးများ သီးလာလေ၏။

''ငါတို့ မိုးနဂါးတောင်ပိုင်းအဖွဲ့ (ထန်းလုံပေကျိုး)ရဲ့ သိုင်းပညာဟာ အစဉ်အလာအရ ထက်ထက်မြက်မြက် ရှိခဲ့ပါတယ်၊ ဒီလူငယ်လေး နှစ်ယောက်ကျမှ ငါတို့အဖွဲ့ကြီး အရှက်ကွဲရတော့မှာလား''

သူသည် အစိုးရိမ်ကြီးလာသဖြင့် အပြင်းအထန် ထိုးနှက် တိုက်ခိုက်တော့သည်။

မည်သို့ပင်ဖြစ်စေ သူတို့သုံးယောက်၏ဓားကွက်များမှာ သဲထဲ ရေသွန်သာ ဖြစ်နေကြရသည်။

အထက်စီးရောက်ချင်းရောက်လျှင် လူငယ်နှစ်ဦးကသာ ရောက်သွားပါသည်။

အဘိုးအိုယင်ကြည်က ယွမ်စစ်ကျိုးအား တိုးတိုး ပြောလေ၏။

''နောင်ကြီး ယွမ်စစ်ကျိုး။ သူတို့ သုံးယောက်တော့ ကြာရင်

www.burmeseclassic.com

www.burmeseclassic.com



နစ်လေဖြစ်မှာပဲဗျ။ နောင်ကြီးမှ ဝင်မကူရင် မလွယ်တော့ဘူး''

ယွမ်စစ်ကျိုး ခေါင်းညိတ်ပြလေ၏။

''ကဲ.....ဒီပွဲ သိပ်ကြည့်လို့မကောင်းဘူး ဖြစ်နေတယ်၊ လူများတဲ့ဘက်က အရေးနိမ့်နေသလိုဖြစ်တော့ ကျုပ်က ကျုပ်လူတွေဘက်က ဝင်ပါရတော့မှာပဲ''

ယွမ်စစ်ကျိုးသည် ညာဘက်၌ တိုက်ခိုက်နေသည့် လူငယ်အနီးသို့ ခုန်ဝင်သွားပြီး လူငယ်၏ ကျိုကူရွဲသွေးကြောပေါ်သို့ လက်ညှိုးဖြင့် ထိုးစိုက်လိုက်သည်။

ကျန်လက်တစ်ဘက်က လူငယ်၏ဓားကို လုယူသည်။

သူ့တိုက်ကွက် ပြင်းထန်သည်ကို လူတိုင်း သိနေကြသဖြင့် လူငယ်ကလေးအတွက်သာ စိုးရိမ်ကြသည်။

သို့သော် ဝင်းလက်နေသော ဓားတစ်ချောင်းသည် ယွမ်စစ်ကျိုး၏ နောက်ကျောဆီသို့ လျှပ်တစ်ပြက် ရောက်ရှိလာလေ၏။

ယွမ်စစ်ကျိုးသည် ဤဓားချက်ကို လုံးဝ မျှော်လင့်မထားချေ။

လက်ဝဲဘက်၌ရှိနေသည့် လူငယ်သည် ထန်ချင်ဝင်းနှင့် ကျိုးယွင်ကန်တို့ နှစ်ယောက်ကို တိုက်ခိုက်နေသဖြင့် မည်သည့်နည်းနှင့်မျှ သူ့ဘက်သို့ ဓားဦးလှည့်လာနိုင်မည်မဟုတ်ဟု ယူဆထားသည်။

ယခုမူ သူ ထင်သလို ဖြစ်မလာချေ။

''ဦးဦးယွမ်စစ်ကျိုး သတိထား''

ထန်ချင်ဝင်း၏ ရုတ်တရက် အော်ဟစ်သတိပေးသံသည် ခန်းမကြီးထဲ၌ လွင့်ပျံ့သွား၏။

ယွမ်စစ်ကျိုးသည် ညာဘက်လူငယ်အား တိုက်ခိုက်ခြင်းကို ရုတ်သိမ်းပြီး ရိပ်ခနဲ မြင်လိုက်ရသောဓားချက်ကို ရှောင်တိမ်းလိုက်သည်။

သို့သော် ရှိုးခနဲမြည်သံနှင့်အတူ လူငယ်၏ဓားချက်သည် သူ၏

———— ————



အကျီကျောပြင်ကို ထိုးခွဲသွား၏။

အပေါ်ယံအသားကိုလည်း ရှပ်၍ ခွဲသွားသည်။

သွေးများသည် ရဲခနဲ ဖြစ်သွားသည်။

''ဘဘကြီး။ သတိထားပါခင်ဗျာ''

ဓားနှင့်ရှပ်ခွဲသွားသည့် လူငယ်က သတိပေးသွားသည်။

၎င်း ပြောသည့်စကားအရ ယွမ်စစ်ကျိုးကို သက်သက်ညှာညှာ ပြုလုပ်သွားပါသည်ဟု ဆိုလိုရာ ရောက်ပေသည်။

ယွမ်စစ်ကျိုးမှာ ရှက်လည်းရှက်၊ ဒေါသလည်း ထွက်လာသဖြင့် မျက်နှာတစ်ပြင်လုံး ရဲရဲတွတ်နေတော့သည်။

သို့သော် သူသည် တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်သူ၊ စိတ်ကို တည်ငြိမ်အောင် ထားနိုင်သူဖြစ်၍ ဒေါသကြောင့် ကသောင်းကနင်း ဖြစ်မသွားခဲ့ပါချေ။

လူငယ်နှစ်ယောက်အား အထင်သေးစိတ် လုံးဝပျောက်သွားပြီး အထူးသတိစိုက်ထားကာ တိုက်ခိုက်တော့သည်။

သူ့တိုက်ကွက်များက အသေးစိတ်လာပြီး ပို၍စနစ်ကျလာ၏။

သူ၏လက်ဝါးတိုက်ကွက်များသည် နှစ်ပေါင်းများစွာက အသုံးပြု လေ့ကျင့်လာသည့် တိုက်ကွက်များဖြစ်ရာ သာမန်သိုင်းသမားများနှင့် တိုက်ခိုက်ရာတွင် မည်သည့်ချွတ်ယွင်းချက်မျှ ရှာမရဘဲ ရှိသည်။

သို့သော် ဤလူငယ်နှစ်ယောက်ကို တိုက်ခိုက်ရာတွင်မူ သူ၏ ထက်မြက်သော လက်ဝါးတိုက်ကွက်သည် ထူးထူးခြားခြား အောင်မြင်မှု မရဘဲ ရှိနေလေသည်။

တစ်ခုတော့ ရှိပါသည်။

ယွမ်စစ်ကျိုးသည် သံသေတ္တာရှည်ကို တစ်ဘက်က ကိုင်လျက် တိုက်ခိုက်နေရသဖြင့် လွတ်လပ်မှုတော့ မရှိပါချေ။

———— ————

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ ချောင်ယွင်ချီ၊ ကျိုးယွင်ကန်၊ ထန်ချင်ဝင်းနှင့် ယွမ်စစ်ကျုံးတို့လေးယောက်ကတစ်ဘက်၊ လူငယ်နှစ်ယောက်က တစ်ဘက် အကြိတ်အနယ် တိုက်ခိုက်နေကြသည်။

ယင်ကြည်သည် လေးယောက် နှစ်ယောက်တိုက်ပွဲကို မသက်မသာကြည့်ရှုရင်း စိတ်ဓာတ်ကျစွာ တွေးတောနေသည်။

''ဟင်း.....မိုးနဂါးတောင်ပိုင်းအဖွဲ့ သိက္ခာကျမှုတော့ ငါတို့ရဲ့ မိုးနဂါးမြောက်ပိုင်းအဖွဲ့ (ထန်းလုံနန်းကျုံး)လဲ ဘယ်သိက္ခာ ရှိတော့မလဲ၊ လူများစုကြီးနဲ့ အနိုင်ယူတယ်ဆိုတဲ့ ကဲ့ရဲ့စကားခံရမှာက လူအများကြီး တိုက်တာတောင် ရှုံးကြသတဲ့ဆိုတဲ့ ကဲ့ရဲ့စကားထက် ပိုခံသာပါသေးတယ်၊ ဒီတော့ မထူးတော့ဘူး''

ယင်ကြည်သည် တိုက်ပွဲစည်းအတွင်းသို့ လျှပ်တစ်ပြက် ခုန်ဝင်ပြီးနောက် လက်ဝဲဘက်ရှိ လူငယ်၏ရင်ဝကို ဓားရှည်ဖြင့် ဝင်ထိုးတော့သည်။

''ကောင်းတယ်၊ ဘဘကြီး ဝင်လာတာ ပိုကောင်းပါတယ်''

ယွမ်စစ်ကျုံးနှင့် တိုက်ခိုက်နေသည့် လက်ယာဘက်မှ လူငယ်၏ ဓားသည် ယင်ကြည်၏ လက်ကောက်ဝတ်ကို လျှပ်တစ်ပြက် ထိုးစိုက်လာသည်။

ယင်ကြည်မှာ ထိတ်လန့်သွား၏။

''ဒီလူငယ်နှစ်ယောက်ဟာ အပြန်အလှန် အသက်ကယ်တဲ့ နေရာမှာတော့ တကယ့်ကို လျင်မြန်ကြတာပဲ၊ တစ်ဘက်က ရန်သူတွေကို ရှောင်ပြီး ခုလို ဝင်ကယ်ဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး''

ထန်ချင်ဝင်းမှာ အကြိတ်အနယ် တိုက်ခိုက်နေရသဖြင့် ပါးပြင်နှစ်ဘက်လုံး ရဲရဲနီလာသည်။

ထောင်ကြည်အန်းသည် ချွေးစို့မောပန်းနေသည့် ထန်ချင်ဝင်း၏



အဖြစ်ကို မကြည့်ရက်တော့ပေ။

''ညီမ ခဏလောက် အနားယူပါဦး''

သူ၏ဓားရှည်ကြီးကိုထုတ်လျက် တိုက်ပွဲအတွင်းသို့ ဝင်ရန် ဟန်ပြင်နေသည်။

''ဟော့.....မင်းကို ဘယ်သူက မျက်နှာလို မျက်နှာရ လုပ်ခိုင်းလို့လဲ''

ချောင်ယွင်ချီက တိုက်ခိုက်နေရင်းမှ လှမ်းအော်သည်။

သို့သော် ထောင်ကြည်အန်းက ဂရုမစိုက်ဘဲ တိုက်ပွဲစည်း အတွင်းသို့ ခုန်ဝင်၏။

ထောင်ကြည်အန်း၏ ဓားကွက်မည်မျှပင် ကောင်းစေကာမူ လူငယ်နှစ်ယောက်၏ တိုက်ကွက်၊ ခုခံကွက်များကို မည်သို့မျှ မထိုးဖောက်နိုင်ဘဲ ရှိနေ၏။

လူငယ်နှစ်ယောက်၏သိုင်းကွက်များမှာ ရန်သူများလာလေလေ ပို၍အကွက်စေ့လေလေ ဖြစ်နေသည်မှာ အလွန်ထူးခြားနေသည်။ တန်ခိုးရှိသည့် ဓားသိုင်းပညာပါပေ။

ထန်းလုံအဖွဲ့သားများ အကျဉ်းအကျပ် ကျနေသည်ကို မြင်တွေ့ရသောအခါ ရှူးယွမ်ရှန့်သည် ယွမ်စစ်ကျုံးထံမှ သေတ္တာကို လုယူရန် အခွင့်ကောင်းကြုံပြီဟု ယူဆ၏။

ထို့ပြင် ထောင်ကြည်အန်းတို့ သားအဖကိုပါ တုံ့ပြန်သတ်ဖြတ်နိုင်လိမ့်မည်ဟု သူ မျှော်လင့်ပြန်သည်။

သူသည် လိုယွမ်ဟိုကို အချက်ပြရင်း.....

''သိပ်စည်ကားနေပြီ နောင်ကြီးရေ နောင်ကြီးနဲ့ ကျုပ်ပါ အတူတူ ဝင်လိုက်ကြရအောင်ဗျို့''

လိုယွမ်ဟို့နှင့်သူသည် ငယ်စဉ်တောင်ကျေး ကလေးဘဝ

www.burmeseclassic.com

www.burmeseclassic.com



ကတည်းက အဖွဲ့တူ ဆရာတူ ပညာအတူတူ သင်ကြားခဲ့သူများဖြစ်၏။

ရွှံ့ယွမ်ရှုန့်က ဤသို့ အော်ပြောသည်နှင့် လိုယွမ်ဟို့သည် ချက်ဆို နားခွက်က မီးတောက်သွားသည်။

မည်သည့်အဓိပ္ပာယ်နှင့် ပြောခြင်းဖြစ်သည်ကို ချက်ချင်း နားလည်သည်။

တိုက်ပွဲစည်းအတွင်းသို့ ရွှံ့ယွမ်ရှုန့်နှင့်အတူ ခုန်ဝင်တော့သည်။

ထန်ချင်ဝင်းသည် အလွန်ပါးနပ်သည့် မိန်းကလေးဖြစ်၏။

လိုယွမ်ဟို့နှင့် ရွှံ့ယွမ်ရှုန့်တို့ ဝင်လာသည်ကို မြင်သည်နှင့် သူမ၏ ဦးလေးတော် ယွမ်စစ်ကျုံးကို အော်ဟစ်သတိပေးတော့သည်။

"ဦးဦးယွမ်စစ်ကျုံး သံသေတ္တာကို သတိထား"

ယွမ်စစ်ကျုံးသည် ယခုအခါ၌ လက်ဝါးချည်းသက်သက် မတိုက်နိုက်တော့ပါ။

ဓားရှည်ကို ထုတ်၍ တိုက်ခိုက်နေသည်။

ထန်းလုံပေကျုံးအဖွဲ့၏ နံပါတ်တစ်ဖြစ်သူကိုယ်တိုင် လူငယ်နှစ်ယောက်အား နိုင်အောင် မတိုက်ခိုက်နိုင်သဖြင့် ရှက်ဒေါသထွက်ကာ အပြင်းထန်ဆုံးတိုက်ကွက်ကို သုံးနေတော့၏။

တစ်ကြိမ်တွင် လူငယ်၏ နဖူးစည်း၌ တပ်ဆင်ထားသည့် ပတ္တမြားကို ပြတ်ကျသွားအောင် ခုတ်ချနိုင်လိုက်လေ၏။ ထိုအခါ လူငယ်နှစ်ယောက်စလုံး မျက်နှာပျက်သွားတော့သည်။

♛ ♛ ♛



အခန်း (၆)

မာယာဝိတ္တမြားရှင်

လူငယ်နှစ်ယောက်သည် တိုက်ခိုက်နေရင်းမှ နေရာချင်း လဲလိုက်ကြသည်။

သူတို့၏ မျက်နှာများမှာလည်း ရုတ်ချည်းတင်းမာသွားကြသည်။

သူတို့၏ လှုပ်ရှားမှုများမှာ ပို၍ လျင်မြန်လာပြီး သူတို့အား ဝိုင်းတိုက်နေသူများကို ယခုမှ ရန်သူများအား တိုက်ခိုက်သလို တိုက်တော့သည်။

သံသံချင်း ထိခိုက်သံများ ပေါ်လာပြီးနောက် ကျိုးယွင်ကာန်နှင့် ရွှံ့ယွမ်ရှုန့်တို့၏ဓားများ ကျိုးသွားသည်။

လူငယ်နှစ်ယောက်၏ ဝဲဘက်လက်များထဲ၌ ချွန်ထက်သော

www.burmeseclassic.com

www.burmeseclassic.com



ဓားတိုတစ်ချောင်းစီ ရောက်ရှိလာပြန်သည်။

ဝဲဘက်မှလူငယ်က အော်ပြော၏။

"ကျွန်တော် သူ့ကို တုံ့ပြန်မယ်"

တိုက်ပွဲမှ ထိုးခုတ်ထိရိုက်သံများ တချွမ်းချွမ်း ပေါ်လာပြန်၏။

ချောင်ယွင်ချီနှင့် ယင်ကြည်တို့၏ဓားများ ကျိုးသွားကြပြန်သည်။

ထို့ကြောင့် ချောင်ယွင်ချီ ခုန်ဆုတ်၍ ရှောင်သည်။

သို့သော် ခုန်အဆုတ် နောက်ကျသွားသဖြင့် ရှီးခနဲ အသံနှင့်အတူ ဝဲဘက်နံပါး၌ ဓားမြှောင်တစ်ချက် ထိသွားသည်။

မြန်လိုက်သည့်ဖြစ်ခြင်း။

လက်ယာဘက်မှလူငယ်သည် ယွမ်စစ်ကျိုးကို သဲသဲမဲမဲ တိုက်ခိုက်နေတော့၏။

ဓားနှစ်လက်ကိုင်၍ တိုက်ခိုက်နေသဖြင့် ဓားရောင်တဝင်းဝင်းကိုသာ တွေ့နေရတော့သည်။

ယွမ်စစ်ကျိုးမှာ တဖြည်းဖြည်း ကြောက်စိတ်ဝင်လာ၏။

လူငယ်၏ဓားသိုင်းပညာကို ခန့်မှန်း၍ မရတော့ဘဲ ရှိလာသည်။

လူငယ်၏ဓားများနှင့် သူ့ဓား မထိမိစေရန် တဖြည်းဖြည်း နောက်သို့သာ ဆုတ်ပေးနေမိတော့သည်။

လက်နက်ချင်း ထိပ်တိုက် မဆုံဝံ့တော့ပေ။

---



ဝဲဘက်မှလူငယ်သည် သူ့နောင်တော်ဖြစ်ဟန်တူသည့် လူငယ်နှင့် ကျောချင်းကပ်ထားပြီး အခြားသောရန်သူများကို အဆက်မပြတ် ခုခံနေသည်။

မည်သူမျှ သူ့ခံစစ်ကို ကျိုးပေါက်အောင် မတိုက်နိုင်ကြချေ။

ယင်ကြည်၊ ချောင်ယွင်ချီ၊ ကျိုးယွင်ကန်နှင့် ထန်ချင်ဝင်းတို့သည် သူတို့၏ ယွမ်စစ်ကျိုးတစ်ယောက် ခန်းမထောင့်တစ်နေရာသို့ တွန်းပို့ ခံနေရသည်ကို ရင်လေးဖွယ်ရာ တွေ့မြင်နေကြရသည်။

မကြာမီ ထောင်ကြည်အန်းနှင့် လိုယွမ်ဟို့တို့၏ လက်နက်များ ပြတ်ထွက်ကုန်ကြပြန်သည်။

ထန်ချင်ဝင်း၏ ဓားရှည်တစ်စင်းသော အကောင်းပကတိ ကြွင်းကျန်လျက် ရှိတော့သည်။

စင်စစ် ဤအခန်းရှိ လူအားလုံးတွင် သူမ၏ သိုင်းပညာမှာ အညံ့ဆုံးဖြစ်၏။

လူငယ်နှစ်ဦးအား သစ်သီးများစားရန် ဖိတ်မန္တကပြုခြင်းက ဤသို့ သက်ညှာခြင်းခံရဟန် တူပေ၏။

လက်ယာဘက်မှ အမြဲတန်း တိုက်ခိုက်နေသူ လူငယ်သည် ယခုအခါ ယွမ်စစ်ကျိုးကို သဲကြီးမဲကြီး တိုက်ခိုက်လျက်ရှိရာ နောက်ဆုံး ယွမ်စစ်ကျိုး၏ဓားကိုပါ ချိုးပစ်နိုင်ခဲ့တော့သည်။

ယွမ်စစ်ကျိုး၏ မျက်နှာတစ်ပြင်လုံး သွေးဆုတ်ဖြူလျော်သွား၏။

---

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ ဓားကျိုးဖြင့် လူငယ်၏မျက်နှာသို့ ပစ်ပေါက်လိုက်ရာ လူငယ်က ဓားဖြင့် ရိုက်ထုတ်ပစ်လိုက်၏။

ခုနစ်စင်ကြယ်ယွမ်စစ်ကျိုးမှာ လက်နက်မဲ့ဘဝသို့ ရောက်ရှိလျက် ရှိနေလေပြီ။

"ကျုပ် ပတ္တမြားကို ပြန်လျော်ပေး"

"ကျုပ် ပတ္တမြားကို ပြန်လျော်ပေး"

လူငယ်သည် ပါးစပ်မှ တတွတ်တွတ် ရေရွတ်ပြီး ယွမ်စစ်ကျိုးအား အသေအလဲ တိုက်ခိုက်နေသည်။

မျက်ခုံးဖြူပေါင်စုသည် ပစ္စက္ခအခြေအနေကို ထိန်းမရနိုင်ကြောင်း သိမြင်လာတော့သည်။

ယွမ်စစ်ကျိုးအား တိုက်ခိုက်နေသည့်လူငယ်သာ ယခုထက်ပို၍ စိတ်ဆိုးလာပါက ယွမ်စစ်ကျိုး သေတော့မည်မှာ သေချာနေသည်။ ယွမ်စစ်ကျိုးသည် သူကိုယ်တိုင် ခေါ်လာခဲ့သည့် ဧည့်သည်တော်ဖြစ်၍ ဤသို့ အစော်ကားခံရပြီး သေလျှင် သူ့တာဝန် ဖြစ်နေသည်။

မိမိအနေဖြင့် ယွမ်စစ်ကျိုးကို ဝင်ကယ်ရန် တာဝန် ရှိနေသည်။

သို့သော်.....

ဤလူငယ်နှစ်ယောက်၏ ဓားသိုင်းစွမ်းရည်မှာ သူ့တစ်သက်နှင့်တစ်ကိုယ် မမြင်ဘူးသော ဓားသိုင်းစွမ်းရည်ဖြစ်နေ၏။

တစ်ယောက်ချင်းနှစ်ယောက်ချင်း တိုက်စဉ်က သာမန် သိုင်းကွက်များ ဖြစ်သော်လည်း လူများစုက အုံနှင့်သင်းနှင့် ဝိုင်းတိုက်သောအခါ လက်ဖျားခါလောက်သည့် ဓားသိုင်းကွက်များ ဖြစ်လာသည်။



အကယ်၍ မိမိက ယွမ်စစ်ကျိုးကို ဝင်ကယ်ရန် တိုက်ခိုက်ချိန်တွင် လူငယ်နှစ်ယောက်သည် ယခုဓားသိုင်းထက် စွမ်းရည်ပိုထုတ်လိုက်ပါက ကိုယ့်အရှက် ကိုယ်ခွဲသည်နှင့် တူနေချေတော့မည်။

ထို့ကြောင့် မျက်ခုံးဖြူပေါင်စုမှာ မည်သို့ ဆုံးဖြတ်ရမည်မှန်း ဝေခွဲမရ ဖြစ်နေရှာလေတော့၏။

ထိုအချိန်၌ ယွမ်စစ်ကျိုး၏ အခြေအနေမှာ အဆိုးရွားဆုံး ဖြစ်နေလေပြီ။

အင်္ကျီမှာ အပိုင်းပိုင်းအစစဖြစ်နေပြီး မျက်နှာတွင်လည်း သွေးများ ပေကျံလျက် ရှိနေ၏။

လက်မောင်းနှင့်ရင်ဘတ်တွင်လည်း ဓားဒဏ်ရာများ ရရှိထားသည်။

ယွမ်စစ်ကျိုးသည် အညှံ့ခံ တောင်းပန်လိုက်ချင်သည့်စိတ်များ တဖွားဖွား ပေါ်လာလျက်ရှိ၏။

ထန်းလုံပေကျိုးအဖွဲ့၏ နံပါတ်တစ် သိုင်းသမားဟူသော အသိက ထိုစိတ်များကို ကြိုးစားဖျောက်ဖျက်ပစ်နေရသည်။

တောင်းပန် အညှံ့ခံလိုသည့် စကားလုံးများကို အတင်းမျိုချပစ်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကြီး ကျွန်တော့် ပတ္တမြားကို ပြန်လျှော်ပေးမလား။ မပေးဘူးလား ပြောဗျာ"

လူငယ်က ထိုးခုတ်တိုက်ခိုက်ရင်း တွင်တွင်ကြီး အော်ဟစ်မေး မြန်းနေလေ၏။

ထိုစဉ် လူသန်ကြီးသည် မျက်ခုံးဖြူပေါင်စု အနီးသို့ ချဉ်းကပ်လာပြီး တီးတိုးပြောလေ၏။

"ကိုယ်တော်ကြီး အခုလောက်ဆိုရင် တော်လောက်ပြီလို့ ထင်ပါတယ်၊ ဒီလူငယ်နှစ်ယောက် တောင်ကလပ်အောက် ဆင်းသွားအောင် မောင်းနှင်ပေးပါတော့ခင်ဗျာ"

"အင်း"

မျက်ခုံးဖြူပေါင်စု၏နှုတ်မှ 'အင်း'ဟူသော စကားသံကြားလိုက်ရသော်လည်း သူသည် ထို့ထက်ပို၍ လှုပ်ရှားခြင်း မပြုချေ။

"နှိုး"

စူးရှသော အော်မြည်သံသည် ကောင်းကင်ယံသို့ ထိုးတက်သွား၏။

ပြာလဲ့လဲ့မီးရောင်သည် ကောင်းကင်၌ ထွန်းလင်းနေလေသည်။

လူသန်ကြီးသည် သူ့သခင်ကြီး၏ စစ်ကူများ ရောက်ရှိလာပြီကို သိရှိလိုက်သဖြင့် အလွန်တရာ ဝမ်းသာအားတက်သွားသည်။

စိတ်ထဲမှလည်း ကြိတ်၍ ပြောနေမိသည်။

---



"ဒီမျက်ခုံးဖြူ တရုတ်ဘုန်းကြီးအိုကြီးကလဲ ပါးစပ်က ပြောသလောက် မဟုတ်ပါဘူး။ လက်တွေ့ကျတော့ ဘာမှ မယ်မယ်ရရ တာဝန်မယူဘူး။ တော်ပါသေးရဲ့၊ သခင်ကြီးရဲ့စစ်ကူတွေ ထပ်ရောက်လာပေလို့ပဲ"

လူသန်ကြီးသည် ဝိုင်းကြည့်နေသည့် အစေခံများနှင့် မောင်းတက်ကို ဆွဲတင်သည့် ဗလကောင်းကောင်းလူကြီးများအား ခန်းမထဲမှ ထွက်ခွာရန် အချက်ပေးလိုက်၏။

သူကိုယ်တိုင်လည်း အပြင်သို့ ပြေးထွက်သွားသည်။

ထိုလူသန်ကြီး၏ အမည်မှာ 'ယီ'ဖြစ်၏။

သူသည် ဤတောင်ကလပ်အိမ်ရှိ သခင်ကြီး၏ ဘဏ္ဍာစိုး ဖြစ်သည်။

သူသည် တစ်ခေတ်တစ်ခါက သိုင်းလောကထဲတွင် ကျင်လည်ခဲ့ဖူးသည်။

လက်ရည်ကောင်း သိုင်းသမားလည်း ဖြစ်ခဲ့ဖူး၏။

လက်ရုံးရည်၊ နှလုံးရည်ကောင်းသူဖြစ်၍ သခင်ကြီး၏ ဘဏ္ဍာစိုး လာဖြစ်နေရသည်။

သူသည် ဝါးခြင်းကြီးကို အောက်သို့ချပေးရန် အချက်ပေးလိုက်၏။

မကြာမီ ဝါးခြင်းကြီးကို ပြန်ဆွဲတင်နိုင်းလိုက်၏။

---

www.burmeseclassic.com

www.burmeseclassic.com



ဝါးခြင်းကြီး အပေါ်သို့ရောက်သောအခါ အလှအပ ပစ္စည်းများနှင့် ပန်းများကို တွေ့ရသဖြင့် အံ့ဩသွားသည်။

''ဘုရားရေ၊ လူတွေတော့ အရင်လိုက်မလာဘဲ ပစ္စည်းတွေချည်း တင်ပေးလိုက်ပါလား။ သခင်ကြီးအတွက် လက်ဆောင်လာပို့တာနဲ့တူတယ်''

သူသည် ပစ္စည်းများကို ဆွဲထုတ်စေပြီး ဝါးခြင်းကြီးကို အောက်သို့ ပြန်ချပေးစေပြန်၏။

ဒုတိယအကြိမ် ဆွဲတင်လိုက်သောအခါ ဝါးခြင်းကြီး၌ ဆယ့်ခြောက်နှစ်အရွယ်ခန့်ရှိ မိန်းမပျိုကလေးတစ်ယောက်နှင့် အသက်လေးဆယ်ခန့်ရှိ အမျိုးသမီးကြီးနှစ်ယောက်တို့ ပါလာလေသည်။

ထိုသုံးယောက်စလုံး ဝတ်စားဆင်ယင်ပုံ သင့်တင့်သော်လည်း အထက်တန်းကျသည့် ရုပ်ရည်မရှိကြောင်း ဘဏ္ဍာစိုးကြီးယဲ့ အကဲခတ်မိလေ၏။

မိန်းမပျိုကလေးက ဝါးခြင်းကြီးထဲမှ ပထမဆုံး ထွက်လာပြီး ဘဏ္ဍာစိုးကြီးယဲ့ကို ရယ်ရယ်မောမော နှုတ်ဆက်သည်။

“ရှင်ဟာ ဘဏ္ဍာစိုးကြီးယဲ့ မဟုတ်လား။ ရှင့်အကြောင်း ကျွန်မကြားဖူးထားပါတယ်၊ ဘဏ္ဍာစိုးကြီးယဲ့ဟာ ဗလကောင်းကောင်း လက်ဖဲ့ရှည်ရှည်နဲ့တဲ့''

ဘဏ္ဍာစိုးကြီးယဲ့မှာ သူ့အား လက်တံရှည်သည်ဟုပြောလျှင်

———— ————



စိတ်ဆိုးမြဲဖြစ်၏။

သို့သော် ယခု ပြုံးစစနှင့် ပြောနေသော မိန်းမပျိုလေးကိုမူ စိတ်ဆိုး၍မရဘဲ ရှိနေလေ၏။

''ဟုတ်ပါတယ်၊ ကျုပ်ဟာ ယဲ့ ပါပဲ''

မိန်းကလေးက ရယ်လျက် ဆက်ပြောသည်။

''ကျွန်မ နာမည်က 'ခင်' ဖြစ်ပါတယ်၊ သူကတော့ 'ကျိုမာ'တဲ့၊ ဟိုတစ်ယောက်ကတော့ 'ဝေစိန်'တဲ့၊ ဝေစိန်ဟာ ဟင်းချက် သိပ်ကောင်းတယ်၊ သခင်မလေးဟာ ဝေစိန်ချက်တဲ့ဟင်းနဲ့မှ ခံတွင်းတွေ့တယ်၊ ဒါကြောင့် သူ့ကို ခေါ်လာရတာပါ''

ကျိုမာနှင့် ဝေစိန်ဆိုသူတို့မှာ အသက်လေးဆယ်ခန့်ရှိ အမျိုးသမီးကြီးနှစ်ယောက်၏ အမည်များဖြစ်၏။

ဘဏ္ဍာစိုးကြီးယဲ့သည် သခင်မလေးဆိုသူ ဘယ်မှာလဲဟု မေးကြည့်ချင်သည်။

သို့သော် 'ခင်'ဆိုသူ မိန်းကလေးက စကားတတွတ်တွတ် ပြောနေသဖြင့် သူ မေးချင်သည်ကို မေးခွင့်မကြုံနိုင်အောင် ဖြစ်နေရှာသည်။

ခင်သည် ဝါးခြင်းထဲမှ မြွေပါတစ်ကောင်၊ ကြက်တူရွေးတစ်ကောင်နှင့် သစ်ပင်များကို ထုတ်ယူနေသည်။

ဤပစ္စည်း အသေးအဖွဲ့များကို အဘယ်ကြောင့် သယ်ယူလာရ

———— ————

www.burmeseclassic.com

www.burmeseclassic.com



သနည်းဟု ဘဂ္ဂျာစိုးကြီးယီ တွေးတောလျက် စိတ်ထဲ၌ မေးမြန်းနေမိလေသည်။

'ခင်'က တတွတ်တွတ် ဆက်ပြောနေသည်။

''အင်း.....ဒီတောင်ကလပ်ဟာ တကယ်မြင့်တာပဲရှင့်၊ ဆိုးတာက ဒီမှာ ပန်း မရှိတာပဲ၊ ပန်းမရှိရင်တော့ ကျွန်မတို့ရဲ့သခင်မလေး မကြိုက်မှာ သေချာတယ်၊ သူက ပန်းကို သိပ်မြတ်နိုးတာရှင့်၊ ကျွန်မ မေးစမ်းပါရစေဦး။ ဒီတောင်ကလပ်ကြီးပေါ်မှာ လူတွေသူတွေနဲ့ အဆက်ပြတ်နေတာကို ဘဂ္ဂျာစိုးကြီးယီ စိတ်ပျက်မနေဘူးလား။ ပျင်းမနေဘူးလားရှင့်''

ဘဂ္ဂျာစိုးကြီးယီ စိတ်ညစ်နေသည်။

ယခုအချိန်တွင် ခန်းမဆောင်ကြီး၌ ဆွေးရဲရဲ သံရဲရဲ ဖြစ်နေလောက်ပေပြီ။

သခင်ကြီးသည် အဘယ့်ကြောင့် စကားအလွန်များသော ငြည့်သည်တော်များကို ဖိတ်ခေါ်ခဲ့ရသနည်းဟု တွေးနေ၏။

ဘဂ္ဂျာစိုးကြီးယီသည် သည်းမခံနိုင်တော့သဖြင့်.....

''နေစမ်းပါဦး၊ မိန်းကလေးပြောနေတဲ့ သခင်မလေးက ဘယ်သူလဲ၊ ဒီတောင်ထိပ်က သခင်ကြီးရဲ့ ဆွေတော်မျိုးတော်များလား''

'ခင်' ဆိုသည့် မိန်းကလေးက ဘဂ္ဂျာစိုးကြီးယီကို မျက်စောင်းထိုး၍ ပြောသည်။

---



''အို.....ရှင်စဉ်းစားကြည့်ပါလား၊ ရှင့်ကို ကျွန်မတစ်ခါမှ မမြင်ဖူးဘူး၊ ဒါပေမယ့် ရှင့်ကို ဘဂ္ဂျာစိုးကြီးယီလို့ တစ်ချက်တည်း ခန့်မှန်းနိုင်ခဲ့တယ်၊ ကျွန်မတို့ရဲ့ သခင်မလေးလိုလူမျိုးကို ရှင်တစ်ချက်တည်းနဲ့ မစဉ်းစားနိုင်ဘူးလား။ ညံ့ပါ့ရှင်''

သူမက နှုတ်ခမ်းကလေးကို မဲ့၍ ဆက်ပြော၏။

''ကျွန်မနာမည်ကိုတောင် 'ခင်'လို့ ထုတ်မပြောရင် ရှင် သိမှာမဟုတ်ဘူး။ ဟင်းဟင်း..... တစ်ခုတော့ ရှိတယ်နော်၊ ကျွန်မ သခင်မလေးဘယ်သူဆိုတာ မှန်အောင် မစဉ်းစားနိုင်ဘဲနဲ့တော့ အရမ်းလျှောက်မပြောနဲ့၊ တော်ကြာ သခင်မလေး စိတ်ဆိုးသွားဦးမယ်''

ဘဂ္ဂျာစိုးကြီးယီသည် မိန်းကလေးသယ်ချထားသည့် ပစ္စည်းများကို သယ်ယူပေးရန် ရှေ့သို့ တိုးသွား၏။

''အောင်မလေး၊ မကာပ်နဲ့ မကာပ်နဲ့၊ ရှင်ကပ်လို့ မဖြစ်သေးဘူးရှင့်၊ ဟောဒီ ဂန္ဓမာပန်းတွေက သိပ်နုတယ်ရှင့်၊ လန်းရှားဂန္ဓမာလို့ ခေါ်တယ်၊ ယောကျ်ားတွေ အနားကပ်လာရင် အလိုလို ညှိုးနွမ်းသွားတတ်တယ်ရှင့်''

ဘဂ္ဂျာစိုးကြီးယီမှာ လန့်သွားပြီး လမ်းခုလတ်၌ ရပ်တန့်သွားလေ၏။

ထိုစဉ် သူ့နောက်မှ ချိုအေးသော စကားသံကို ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"စောင်းတော့ တီးချင်တယ်၊ ကျွန်မ တီးခတ်တဲ့အသံကို သူများတွေ ကြိုက်၊မကြိုက်ဆိုတာ အတိအကျ မသိတော့ စောင်းတီးရမှာလဲ ခပ်ခက်ခက်ပဲ"

ဘဏ္ဍာစိုးကြီးယီသည် အလန့်တကြား လှည့်ကြည့်မိ၏။ အဘယ့်ကြောင့်ဆိုသော် စောစောက ကြက်တူရွေးသည် ပန်းခြင်းကြီးတစ်ခုပေါ်၌နားရင်း လှမ်းပြောနေသောကြောင့်တည်း။

ဘဏ္ဍာစိုးကြီးယီမှာ ဦးနှောက်ခြောက်သွား၏။

ရူးချင်သလိုလို ဖြစ်သွား၏။

"ကဲကဲ..... မိန်းကလေး။ မင်းစကားပြောနေတာတွေ ခဏရပ်ပြီး မင်းရဲ့သခင်မလေးကို ကြိုဆိုပါဦးကွာ"

သူသည် သူ့လူများအား ဝါးခြင်းကြီးကို တောင်အောက်သို့ချရန် အမိန့်ပေးလိုက်ရလေ၏။

ဘဏ္ဍာစိုးကြီးယီက တောင်ခြေအောက်မှ တက်လာမည့် သခင်မလေး ဆိုသူကို စောင့်မျှော်နေစဉ် ကျီးမာနှင့်ဝေစိန်တို့က သူတို့၏ သခင်မလေး နူးနူးညံ့ညံ့ထိုင်ခုံ၌ ထိုင်နိုင်စေရန် ငြင်းခုံဆွေးနွေးနေကြ၏။

ဘဏ္ဍာစိုးကြီးယီမှာ သောကမအေးဘဲ ဖြစ်နေသည်။

သခင်မလေးဆိုသူ တောင်ပေါ်သို့ မြန်မြန်ရောက်စေလိုလှပြီ။

ခန်းမဆောင်ကြီးထဲ၌ အကုန်သေကုန်ပြီလားဟုလည်း တွေးနေမိပြန်သည်။



နောက်ဆုံး စိတ်မရှည်တော့သဖြင့် အိမ်စေတစ်ယောက်ကို လှမ်းခေါ်၏။

"ဟေ့.....မင်း လာခဲ့စမ်း။ ဒီမှာစောင့်ပြီး သခင်မလေးကို ရိုရိုသေသေ ဆက်ဆံပြီး ကြိုဆိုခဲ့၊ ဟိုမှာ အရေးကြီးနေတယ်၊ ငါ သွားလိုက်ဦးမယ်"

အိမ်စေက ဘာစကားမျှ ပြန်မပြောရသေးမီ ဘဏ္ဍာစိုးကြီးယီသည် သုတ်သီးသုတ်ပျာ ထွက်သွားလေတော့၏။

သူ ခန်းမကြီးထဲပြန်ရောက်သောအခါ အခြေအနေမှာ သူ ပိုးရိမ်နေသလို မဆိုးရွားလှသေးကြောင်း ရင်အေးဖွယ်ရာ တွေ့ရှိရလေ၏။

ယွမ်စစ်ကျုံးမှာ အတိုက်ခံမြဲ ခံနေရသေးသော်လည်း လဲကျမသွားသေးချေ။

သို့သော် ပုံပျက်ပန်းပျက် ဖြစ်လျက်နေလေပြီ။

ဝဲဘက်ခြေထောက်၌ ဖိနပ် မရှိတော့။

ကျစ်ဆံမြီးတစ်ဝက်ပျက်နေသဖြင့် ဆံပင်များ ဖရိုဖရဲဖြစ်လျက်ရှိနေချေပြီ။

ဘဏ္ဍာစိုးကြီးယီ မရှိခိုက် ယင်ကြည်၊ ချောင်ပွင်ချီနှင့် ကျီးပွင်ကန်တို့သည် တောင်ကလပ်မှ အိမ်စေများနှင့်အတူ လက်နက်များဆွဲကိုင်ပြီး ယွမ်စစ်ကျုံးကို ဝင်ကယ်ကြသေး၏။

လေးငါးကြိမ် ဝင်ကယ်သည့်တိုင် ကယ်၍မရနိုင်ဘဲ ဖြစ်ခဲ့ပြီ၊

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် သည်အတိုင်း ရပ်ကြည့်နေကြရတော့သည်။

လိုပွယ်ဟို့နှင့် ရှုံးပွယ်ရှုန့်တို့ကလည်း တစ်မှောင့် ယွမ်စစ်ကျိုး လက်မှ သံသေတ္တာကို ရရှိရန် နှစ်ကြိမ်တိုင်တိုင် ဝင်လုကြသည်။

သို့သော် ယွမ်စစ်ကျိုးအား တိုက်ခိုက်နေသော လူငယ်ကို မဆိုထားနှင့် ကျောချင်းကပ် ခုခံနေသောလူငယ်ကိုပင် မထိုးဖောက်နိုင်ကြရှာ။

နောက်ဆုံး၌ သူတို့လည်း စိတ်ဓာတ်ကျစွာ ရပ်နေကြရတော့သည်။

ဘက္ကာစိုးကြီးယီသည် လူရုံးမလှတဲ ဖြစ်နေသည့် ယွမ်စစ်ကျိုးကိုကြည့်ကာ ဆုံးဖြတ်ချက်ချလိုက်သည်။

"သခင်ကြီးက အရေးကြီးတဲ့ကိစ္စနဲ့ အပြင်ကိုထွက်သွားခဲ့တယ်၊ တောင်ကလပ်ရဲ့ ကိစ္စအဝဝကို ငါ့လက်ထဲ ဝကွက်အပ်သွားခဲ့တယ်၊ ဒီတောင်ကလပ်ပေါ် ရောက်လာတဲ့ဧည့်သည်တစ်ယောက်ကို စာလာပို့တဲ့ လူငယ်လေးနှစ်ယောက်က သတ်သွားတယ်ဆိုရင် သခင်ကြီးကို ငါ ဘယ်လိုမှ မျက်နှာပြဖို့မှာ မဟုတ်တော့ဘူး။ ဒီတော့ ငါ့အသက်အသေခံပြီး ဒီယွမ်စစ်ကျိုးဆိုတဲ့လူကို ကယ်တင်ရမယ်"

ဘက္ကာစိုးကြီးယီသည် တစ်ချိန်က သူကောင်းစား ကျော်ကြားခဲ့စဉ်က အသုံးပြုခဲ့သော ရွှေရောင်စားရှည်ကြီးကိုဆွဲ၍ ခန်းမကြီးထဲသို့ ဝင်လာခဲ့လေ၏။

---



ဘက္ကာစိုးကြီးယီ၏ အမူအရာမှာ ဟန်မာန်ပါလှသဖြင့် လိုပွယ်ဟို့ ရှုံးပွယ်ရှုန့်တို့ပင် လမ်းဖယ်ပေးလိုက်ကြရလေ၏။

"ဟေ့.....ညီလေးတို့ ရပ်တန်းက ရပ်ကြပါတော့၊ ဒီလောက်တိုက်ခိုက်ရရင် တော်ရောပေါ့ကွာ၊ ဒီတောင်ကလပ်ပေါ်မှာ ညီလေးတို့ စိတ်တိုင်းကျ လုပ်နိုင်ခွင့် ရှိတယ်လို့ ထင်ရင်တော့ မှားလိမ့်မယ်"

လူငယ်တစ်ဦးက ပြန်ပြောသည်။

"ကျွန်တော်တို့က ဒီကို ရန်ဖြစ်ဖို့ လာတာ မဟုတ်ပါဘူး။ သူတို့က ကျွန်တော်တို့ကိုစပြီး စော်ကားတာပဲ၊ အခုလဲ ကျွန်တော်တို့ရဲ့ ပတ္တမြားအတွက် ပြန်အလျော်တောင်းနေတာပဲ၊ ကျွန်တော်တို့ ပတ္တမြား ပြန်ရရင် သူ့အသက်ကို ခွင့်လွှတ်မှာပါဗျ"

ရှမ်းခနဲ အသံတစ်ချက် ကြားလိုက်ရပြီးနောက် ယွမ်စစ်ကျိုး၏ ဝဲဘက်ပခုံးပေါ်၌ ဓားတစ်ချက် အဆွဲခံလိုက်ရသည်။

သွေးများ ရဲခနဲ ကျလာ၏။

ဘက္ကာစိုးကြီးယီသည် စကားဖြင့် တားမြစ်၍ မရတော့ကြောင်း ရှင်းလင်းစွာ သိလိုက်ပြီဖြစ်၍ သူ၏ဓားကြီးကို ကိုင်မြှောက်၍ ပြေးဝင်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်-

"အို.....ဘယ့်နှယ် သွေးရဲရဲ သံရဲရဲနဲ့ ရန်ဖြစ်နေကြတာလဲရှင်၊ ဒီလိုတိုက်ခိုက်တာမျိုးကို ကျွန်မ မကြည့်ပါရစေနဲ့ရှင်၊ ကျေးဇူးပြုပြီး

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲကို ရပ်လိုက်ကြပါ''

ချိုအေးလှသောအသံ၌ ဩဇာတိက္ကမ အပြည့်အဝ ပါရှိနေသည်။

လူတိုင်းလိုလို အသံရှင်ကို လှည့်ကြည့်မိကြလေ၏။

အဝါရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် မိန်းကလေးသည် ခန်းမကြီးထဲတံခါးဝ၌ စိုးရိမ်ကြောင့်ကြသော မျက်နှာထားဖြင့် ရန်ပွဲကို ကြည့်နေသည်။

မျက်လုံးများက ရွှန်းလဲ့တောက်ပလှသလို ကိုယ်ဟန်ကလည်း နန်းဆန်ဆန် ခွဲ့နှောင်းလှသည်။

ပြစ်မျိုး မှဲ့မထင်ဆိုသည့် မိန်းကလေးမျိုးမှာ ဤမိန်းကလေးမျိုးကို ရည်ညွှန်းခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

မိန်းကလေး၏ ချိုသာသောအသံက ငြိမ့်ညောင်းစွာ ထွက်ပေါ်လာပြန်သည်။

''ဟို.....မောင်လေးတွေက ဘာဖြစ်လို့ ဒီလောက်တောင် အကျိုးမဲ့ သန်နေရတာလဲကွယ်၊ ဟိုတဘက်ကြီးမျာ ကြည့်လို့ရှုလို့တောင် မကောင်းတော့ပါဘူးကွယ်၊ ရန်ပွဲကို ရပ်ကြပါတော့''

ယွမ်စစ်ကျူး တိုက်ခိုက်နေသည့်လူငယ်က ဖြေရှင်းချက် ထုတ်သည်။

''သူသူ.....ကျွန်တော့်ပတ္တမြားကို ဖျက်ဆီးပစ်တယ်၊ ပြန်လဲ



အလျော်မပေးဘူးခင်ဗျ''

မိန်းကလေးက အံ့ဩသွားသည်။

''ဘာ.....ပတ္တမြားလဲကွဲ့''

ကျန်လူငယ်တစ်ယောက်က ကြမ်းပေါ်၌ကျနေသည့် ပတ္တမြား ထက်ခြမ်းကွဲကို ကောက်ယူလျက်ပြသည်။

''ကြည့်ပါ မမရာ၊ ဒါ ကျွန်တော်တို့ ပတ္တမြားပါ၊ သူ ဖျက်ဆီး ပစ်လိုက်တာပါ''

ထိုလူငယ်သည် ပြောရင်း ဝမ်းနည်းသဖြင့် ငိုမဲ့မဲ့ဖြစ်လာသည်။

''ဩော်.....ဒီပတ္တမြားကိုး၊ တကယ့်အကောင်းစားပဲကွဲ့၊ ဒီပတ္တမြား တန်ဖိုးကြီးတာတော့ မှန်ပါတယ်ကွယ်၊ ဒါပေမယ့် လူ တစ်ယောက်ရဲ့အသက်ထက်တော့ ပိုပြီး တန်ဖိုးမရှိနိုင်ပါဘူး။ ဒီပတ္တမြား အတွက် မမ လျော်ပေးလို့ မရနိုင်ဘူးလားကွဲ့''

သူမသည် စကားဆုံးသည်နှင့် 'ခင်'ဆိုသော မိန်းကလေးဘက် သို့ လှည့်၍ ပြောလိုက်သည်။

''ခင်ရေ ငါ့ကို ဟိုပတ္တမြားတစ်စုံ ယူပေးပါကွယ်''

''ဘယ်ပတ္တမြားလဲမမ''

''ဟိုလေ မာယီ ပတ္တမြားဆိုတာလေ၊ ယူလာပြီး ဒီလူငယ်လေး နှစ်ယောက်ကို လျော်လိုက်ပါကွယ်''

ခင်သည် တွေ့ဆိုင်းတွေ့ဆိုင်း ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မာယိပတ္တမြား ဆိုသည်မှာ လွန်စွာတန်ဖိုးကြီးသည့် ပတ္တမြား ဖြစ်၏။

''သခင်မလေး မာယိပတ္တမြားဟာ''

သခင်မလေးဆိုသည့် မိန်းကလေးက နူးညံ့ ချိုသာစွာ ဖျောင်း ဖျောင်းဖျဖျ အမိန့်ပေးသည်။

''ခင် ဒီလို မလုပ်နဲ့လေကွယ်၊ မာယိပတ္တမြား တန်ဖိုးရှိတာက ဟိုက ဘဘကြီးအသက်ထက်တော့ ပိုပြီး တန်ဖိုးမရှိနိုင်ပါဘူးကွယ်၊ နောက်ပြီး ဒီလူငယ်လေးနှစ်ယောက်ရဲ့ ဥပဓိရုပ်ကလဲ အင်မတန် ကောင်းပါတယ်၊ မာယိပတ္တမြားမှသာ သူတို့နဲ့ သင့်လျော်ပါလိမ့်မယ်ကွယ်''

မာယိပတ္တမြားသည် မြင်းရုပ်ပါရှိသော ပတ္တမြားဖြစ်၏။

ထိုမြင်းရုပ်၌ ကကြိုးတန်ဆာ အစုံအလင် ပါရှိသဖြင့် အလွန်တရာကြည့်၍ ကောင်းသည်။

မီးရောင် သို့မဟုတ် နေရောင်၌ ထောင်ကြည့်လိုက်လျှင် တိမ်ညွှန့်စားမည့်နှယ် ကြွရွနေသည့် မြင်းရုပ်ကို တွေ့ကြရသည်။

သာမန် သူဌေးသူကြွယ်များ၏လက်၌ ထိုမာယိပတ္တမြား မရှိတတ်ပေ။

မိန်းမပျို၏ အစီအမံကြောင့် တိုက်ပွဲသည် ရုတ်ချည်း ရပ်ဆိုင်း သွားသည်။

လူငယ်နှစ်ယောက်အဖို့ သူတို့ ပတ္တမြားအစား အလျော်ရခြင်း



သာ ပဓာန ဖြစ်သဖြင့် တိုက်ပွဲ ရပ်ဆိုင်းရန် ဝန်မလေးကြပေ။

မိန်းမပျို့သည် မာယိပတ္တမြားကို ကိုင်လျက် ပတ္တမြားဆုံးရှုံး ခံရသူ လူငယ်၏ လက်ထဲသို့ ပေးအပ်လိုက်တော့သည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)

## သံသေတ္တာထဲက လျှို့ဝှက်ချက်

ပတ္တမြား ဆုံးရှုံးသွားသည့်လူငယ်သည် ထက်ခြမ်းကွဲသွား သည့် သူ၏ပတ္တမြားကို ကောက်ယူလျက် ကြေကွဲစွာ ပြောနေ၏။

''ကျွန်တော်တို့ညီအစ်ကိုဆီမှာ ဒီလို ပတ္တမြား တစ်ယောက် တစ်လုံးစီ ရှိခဲ့ကြတယ်၊ အခုတော့ ကျွန်တော့်မှာ မရှိတော့ဘူးပေါ့ဗျာ''

သခင်မလေး အခေါ်ခံရသူ မိန်းမပျိုသည် ထိုလူငယ်နှစ် ယောက်၏ ရုပ်ဆင်းသွင်ပြင် တူညီပုံနှင့် တစ်ဦးကိုတစ်ဦး အလွန်တရာ ကြင်နာပုံကို ရိပ်မိသိရှိ၏။

''မင်းတို့ ပတ္တမြားအတွက် သိပ်ပြီး ဝမ်းနည်းနေကြသလား။ ကိစ္စမရှိပါဘူးကွယ်၊ အဆင်ပြေအောင် မမ လုပ်ပေးနိုင်ပါတယ်''

---



သူမသည် ပတ္တမြားနှစ်ခြမ်းကိုယူ၍ မာယီပတ္တမြား၏ မြင်းရုပ် မျက်စိတွင် တစ်ဘက်တစ်ခြမ်းစီ တပ်ဆင်ပေးလိုက်သောအခါ မြင်းပတ္တမြား၏အလှမှာ ပို၍တောက်ကြွားလာလေတော့၏။

ကျန်လူငယ်တစ်ယောက်သည် သခင်မလေးဆိုသူ၏ စိတ်ကူး အကြံအစည်ကို သိပ်သဘောကျသွားသည်။

နဖူးပေါ်မှ ပတ္တမြားကို ဖြုတ်ယူလျက် သူ့ဓားဖြင့် ထက်ဝက် ခြမ်းပစ်လိုက်သည်။

ထိုနောက် သခင်မလေး ပြုလုပ်သည့်အတိုင်း သူ ရရှိထားသည့် မြင်းပတ္တမြား၏ မျက်စိနှစ်လုံးတွင် တပ်ဆင်လိုက်သည်။

အမြွာညီနောင်၏ ပတ္တမြားများသည် အသွေးတူ အဆင်တူ ဖြစ်သွားကြလေတော့၏။

လူငယ်နှစ်ဦးသည် တောက်ကြွားနေသည့် သူတို့၏ မြင်း ပတ္တမြားများကို ကြည့်လျက် ကျေနပ်ပီတိ ဖြစ်နေကြသည်။

လူငယ်နှစ်ဦးစလုံး မိန်းမပျိုကို ဦးညွတ်ဂါရဝပြုကြသည်။

''ကျေးဇူးတင်ပါတယ် မမရယ်၊ ကျွန်တော်တို့ ညီအစ်ကိုဟာ ပတ္တမြားကို အသက်လောက် မြတ်နိုးကြပါတယ်၊ မမရဲ့ ကျေးဇူးကြောင့် ကျွန်တော်တို့ရဲ့ ပတ္တမြားနှစ်လုံး အဆင်တူ အသွင်တူ ဖြစ်သွားတဲ့အပြင် အင်မတန်လှပတဲ့ မြင်းပတ္တမြားကို ရလိုက်တဲ့အတွက် အင်မတန်မှ ကျေးဇူးတင်မိပါတယ်''

www.burmeseclassic.com

www.burmeseclassic.com



ပွဲစစ်ကျုံးအား တိုက်ခိုက်ခဲ့သည့်လူငယ်က ပွဲစစ်ကျုံးအား လှည့်ပြော၏။

"ဒီတစ်ခါတော့ ဆရာကြီး ငြိမ်ငြိမ်နေပါ၊ ဒီတစ်ခါ ထပ်ပြီး ကျုပ်တို့ ပတ္တမြားကို ဖျက်ဆီးမယ်ဆိုရင်တော့ ကျုပ်တို့ ဒေါသကို ဆက်မထိန်းတော့ဘူး"

ပွဲစစ်ကျုံးမှာ စကားပင် မပြောနိုင်တော့ပေ။

တစ်ကိုယ်လုံး စုတ်ပြတ်ပေရေလျက် ရှိနေ၏။

လူငယ်နှစ်ယောက်သည် အခန်းထဲရှိ လူအားလုံးကို ဦးညွှတ် ဂါရဝပြုကာ လက်တွဲ၍ ထွက်သွားကြ၏။

သို့သော် ခြေလှမ်းငါးလှမ်းမျှ ရသောအခါ ရုတ်တရက် တစ်စုံတစ်ခုကို သတိရဟန်ဖြင့် တုံ့ခနဲ ရပ်သွားကြ၏။

ထို့နောက် သမင်လည်ပြန် လှည့်ကြည့်ရင်း သခင်မလေး ဆိုသူအား လှည့်မေးလိုက်ကြသည်။

"မမရဲ့ အမည်နာမကို သိခွင့်မရှိဘူးလားခင်ဗျာ၊ တကယ်လို့ ကျွန်တော်တို့သခင်လေးက မေးမြန်းလို့ ကြင်နာပြီး ရက်ရောတဲ့ မမရဲ့ နာမည်ကို မပြောနိုင်ရင် ကျွန်တော်တို့ အင်မတန် အသုံးမကျရာ ရောက်သွားပါလိမ့်မယ်ခင်ဗျာ"

မိန်းမပျိုက လူငယ်များကို ပြန်၍ မေးခွန်းထုတ်လိုက်သည်။

"မင်းတို့ရဲ့ သခင်က ဘယ်သူများလဲကွဲ့"

---



"ကျွန်တော်တို့ သခင်လေးက ဟူမျိုးဆက်ကပါ"

ထိုစကားကို ကြားလိုက်ရသောအခါမိန်းကလေးသည် အနည်းငယ် မျက်နှာပျက်သွား၏။

"သြော်.....မင်းတို့သခင်က ရှိစန်းဟိုဖေးကိုး"

လူငယ်နှစ်ယောက်သည် ခါးများကို ကိုင်းညွှတ်လျက် ဂါရဝပြုသည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ သခင်လေးရဲ့ နာမည်ဟာ 'နှင်းတောင်မြေခွေး'လို့ အဓိပ္ပာယ်ရတဲ့ 'ရှိစန်းဟိုဖေး'ပါပဲ ခင်ဗျာ"

မိန်းမပျိုက ခန့်ညားသောအပြုံးကို ပြုံးလိုက်၏။

"မမကတော့ 'မြှောင်'မျိုးဆက် ဖြစ်ပါတယ်ကွယ်"

အခန်းထဲရှိ လူအားလုံး ခေါင်းထောင်သွားကြ၏။

မြှောင်မျိုးဆက်ဆိုလျှင် 'သူမ၊ သူမ၊ သူမ' သည် သူတို့အတွေး မဆုံးမီ မိန်းမပျို၏အသံက ဆက်လက်ပေါ်ထွက်လာသည်။

"မမရဲ့ ဖေဖေကတော့"

သူမသည် စကားကို အနည်းငယ် တန့်လိုက်၏။

ထိုသို့ တန့်လိုက်ခြင်းက အခန်းတွဲရှိ လူအားလုံး၏ သိချင်စိတ်ကို ပိုမိုနိူးဆွသလို ဖြစ်သွား၏။

"မမရဲ့ဖေဖေက 'သိုင်းလောက ပြိုင်ဘက်ကင်း' 'မိုးအောက် မြေပြင် ပြိုင်ဘက်ကင်း'လို့ နာမည်ကျော်ကြားတဲ့ 'ကျွင်းမြန့်ဖူမြှောင်'

---

www.burmeseclassic.com

www.burmeseclassic.com



ရင်ဖုန့်'ပဲ ဖြစ်ပါတယ်ကွယ်''

အခန်းထဲရှိ လူအားလုံး၏ 'ဟာ' ခနဲ အသံကြီးသည် ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သူတို့ သိပ်အံ့ဩသွားကြသည်။

သိုင်းလောကကြီးတစ်ခုလုံး ဖိန့်ဖိန့်တုန်အောင်ကြောက်ရသော ကျင်းမြန့်ဖူမြောင်ရင်ဖုန့်၏ သမီးသည် သိုင်းသမားတစ်ယောက်အသွင် လုံးဝ မရှိဘဲ အလွန်တရာ နူးညံ့ပျော့ပျောင်းနေသည်။

သည်အချက်ကို ခန်းမဆောင်အတွင်းရှိ လူအားလုံး နားမလည်နိုင်ဘဲ ရှိကြလေသည်။

သိုင်းသမားတစ်ယောက်၏ သား သို့မဟုတ် သမီးသည် သိုင်းသမား သို့မဟုတ် သိုင်းသမားတစ်ဦးသာ ဖြစ်ရမည်ဟု သူတို့ အစွဲ ရှိကြသည်။

ဤမိန်းကလေးကို သိုင်းပညာရှင်တစ်ယောက်၏ သမီးပါဟု ဆိုလျှင် မည်သူကမျှ ယုံကြည်ကြမည် မဟုတ်ချေ။

ကဗျာဆရာ သို့မဟုတ် စာပေပညာရှင်တစ်ဦး၏ သမီးဟုသာ ထင်မှတ်ကြပေလိမ့်မည်။

'ကျင်းမြန့်ဖူမြောက်ရင်ဖုန့်' ဟူသော နာမည်ကို ကြားလိုက်သည်နှင့် လူငယ်နှစ်ဦးတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

———— ————



ထို့နောက် သူတို့လက်ထဲ၌ ရှိနေသည့် မြင်းပတ္တမြားတစ်စုံကို စားပွဲပေါ်သို့ အသာအယာ တင်လိုက်ကြသည်။

စကားတစ်ခွန်းမှ မပြောတော့ဘဲ အခန်းထဲမှ လျှင်မြန်စွာ ထွက်ခွာသွားကြသည်။

မိန်းမပျိုသည် ပြုံး၍ ကျန်ရစ်ခဲ့၏။

သူမ၏အမည်နာမကို မေးပြီး သူမ၏အမည်နာမကို မပြောရသေးမီ ကျောခိုင်းထွက်သွားသော လူငယ်နှစ်ဦးကို ငေးကြည့်နေသည်။

'ခင်'သည် စားပွဲပေါ်၌ ကျန်ရစ်ခဲ့သည့် မြင်းပတ္တမြားတစ်စုံကို ထိပ်းယူလိုက်ပြီး တတွတ်တွတ် ပြောနေ၏။

''သခင်မလေးရယ်၊ ဒီလူငယ်နှစ်ယောက်ဟာ အဆိုးအကောင်းကာမှ သိတတ်ဟန် မတူပါဘူး။ ဒီလောက်အဖိုးတန်တဲ့ မြင်းပတ္တမြားတွေကိုတောင် ပြန်ထားပစ်ခဲ့ကြသတဲ့၊ လောကမှာ ဒီလောက်မိုက်တဲ့ လူမိုက်တွေလဲ ရှိကြသေးတာပဲနော်''

မိန်းမပျိုက ခင့်ကို တားမြစ်လိုက်၏။

''ခင် ဒီလို မပြောရဘူးကွယ့်၊ သူတို့မှာ အကြောင်းရှိလို့ ဖြစ်လိမ့်မယ်''

ထိုစဉ် မျက်နုံးဖြူပေါင်စုသည် ရှေ့သို့တက်လာပြီး နှုတ်ဆက်စကား ပြောကြားလေ၏။

''လက်စသတ်တော့ မိန်းကလေးဟာ ကျင်းမြန့်ဖူမြောင်ရင်

———— ————

www.burmeseclassic.com

www.burmeseclassic.com



ဖုန်ရဲ့ သမီးကလေးကို။ ကျွင်းမြန်ဖူမြောင်ရင်ဖုန် ကျန်းမာပါရဲ့နော်"

မိန်းမပျိုက ဦးညွှတ် အရိုအသေပေးပြီး ပြန်မေးသည်။

"ကိုယ်တော်ကြီးဟာ ပေါင်စုကိုယ်တော်ကြီး မဟုတ်လား"

"ဟုတ်ပါတယ် မိန်းကလေးရယ်၊ မိန်းကလေးရဲ့ အမည်ကိုရော သိခွင့် မရှိဘူးလား"

"ကျွန်မနာမည်က 'ယိုလန်'လို့ ခေါ်ပါတယ်၊ ကဲ.....ဖြည်း ဖြည်းပေါ့၊ အားလုံးပဲ ထိုင်ကြပါဦးရှင်၊ ကျွန်မကတော့ တောင်ကလပ်က မယ်တော်ကြီးဆီ ဝင်ပြီး နှုတ်ခွန်းဆက်သလိုက်ပါဦးမယ်"

သိုင်းလောကပြိုင်ဘက်ကင်း သို့မဟုတ် မိုးအောက်မြေပြင် ပြိုင်ဘက်ကင်း ကျွင်းမြန်ဖူနှင့် ပတ်သက်၍ မည်သူမဆို လက်မထောင် ဂုဏ်ယူနိုင်၏။

ကျွင်းမြန်ဖူ၏သမီးရင်း ယိုလန်သည် မာနထောင်လွှားမှု မရှိဘဲ နိမ့်ချတတ်ရာနှင့် ပြည့်စုံလှချေ၏တကား။

အခန်းထဲရှိလူအားလုံး စိတ်သက်သာရာ ရသွားကြသည်။

တောင်ကလပ်မှ အိမ်စေများသည် ဧည့်သည်များ ထိုင်နိုင်ရန် ထိုင်ခုံများ ပြင်ဆင်ပေးကြလေ၏။

ထောင်ပိုင်ဇွေ့တို့သားအဖသည် တစ်ယောက်ကိုတစ်ယောက် လှည့်ကြည့်ရင်း ပြိုင်တူတွေးနေကြသည်။

"အင်း.....ဒီမိန်းကလေးတစ်သိုက်ကို လမ်းမှာတွေ့လို့ကတော့ ကျွင်းမြန်ဖူရဲ့သမီးလို့ လုံးဝ သိမှာမဟုတ်ဘူး။ မသိရင် ငါတို့ သားအဖ တိုက်ခိုက်လုယက်မိကြမှာပဲ။ အဲဒီလိုသာ လုပ်မိရင်တော့ ငါတို့သားအဖ အကြီးအကျယ် ပြဿနာတက်တော့မှာပဲ၊ ဘယ်လိုမှ ရှင်းနိုင်တော့မှာ မဟုတ်ဘူး"



ယွမ်စစ်ကျုံးသည် အင်္ဂလိက်အိုးဖြင့် စွန်းပေနေသော သွေးများကို သုတ်သင်ပစ်နေ၏။

ကံကောင်းပါသည်။

လှူငယ်သည် သူ့အား သတ်မည်ဆိုပါက သူ ဆယ်ခါပြန် သေနိုင်ပေသည်။

ယခုမူ အပေါ်ယံကြော ဒဏ်ရာများသာ ရရှိခဲ့ပေသည်။

ထန်ချင်ဝင်းသည် သူမ၏ဦးလေးတော် ယွမ်စစ်ကျုံးရှိရာသို့ တိုးကပ်သွားပြီး ဒဏ်ရာများကို သုတ်သင်ပေးသည်။

ဆေးထည့်ပေးသည်။

ပတ်တီးစည်းပေးသည်။

ထိုအချိန်၌ 'ချွမ်း'ခနဲ အသံကြားလိုက်ရပြီး ယွမ်စစ်ကျုံး၏ လက်ထဲမှ သံသေတ္တာသည် ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားလေတော့၏။

အခန်းထဲရှိ သိုင်းသမားအားလုံးလိုလို ယင်းသေတ္တာကို မျက်စောင်း ထိုးနေကြသူချည်းဖြစ်ရာ သံသေတ္တာအောက်သို့ လွတ်ကျ သွားသည်နှင့် လက်နက်ကိုယ်စီ ဆွဲလျက် သံသေတ္တာရှိရာသို့ ဝှန်းခနဲ

www.burmeseclassic.com

www.burmeseclassic.com



ခုန်ဝင်လာကြလေတော့သည်။

ယွန်စစ်ကျိုးသည် သံသေတ္တာနှင့် အနီးကပ်ဆုံးလူဖြစ်၏။

မည်းခနဲ ဝင်ရောက်လာသူအားလုံးကို ဓားယမ်းဖယ်ထုတ်ပစ်သည်။

သူသည် ခါးကိုကိုင်း၍ သူ့သံသေတ္တာကို ပြန်ကောက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် ကြီးမားသော အားလှိုင်းကြီးတစ်ခုက သူ့ဆီသို့ ရုတ်တရက် ဝင်လာလေတော့၏။

ယွန်စစ်ကျိုးမှာ ထိတ်လန့်တကြား ဖြစ်သွားပြီး ကမန်းကတန်း ခြေလှမ်းငါးလှမ်းမျှ ဆုတ်ပေးလိုက်ရတော့သည်။

သူ့လက်များနှင့် ထိလုဆဲဆဲ သံသေတ္တာကြီးသည် မျက်ခုံးဖြူပေါင်စု၏ လက်ထဲသို့ ရောက်ရှိသွားလေ၏။

ယွန်စစ်ကျိုးနှင့်အတူ သိုင်းသမားအားလုံး မျက်ခုံးဖြူပေါင်စုကို ထိတ်ထိတ်လန့်လန့် ဝိုင်းကြည့်နေမိကြသည်။

သည်တရုတ်တိုက်ကြီးအိုကြီး၏ သိုင်းပညာသည် သူတို့အားလုံးထက် မြင့်မားနေသဖြင့် ထိုသံသေတ္တာ ယူခြင်းအတွက် မည်သူမျှ မကန့်ကွက်ရဲကြပေ။

ကန့်ကွက်ရဲသူသည် တောင်ကလပ်အောက်သို့ မုချ လွင့်ပစ်ခံရပေလိမ့်မည်။

သို့သော် သူတို့ထဲ၌ သတ္တိခဲတစ်ယောက် ပေါ်လာသည်။



ထိုသူကား ချောင်ပွင့်ချီတည်း။

"ကိုယ်တော်ကြီးခင်ဗျား ဒီသံသေတ္တာလေးဟာ ကျွန်တော်တို့ ကျွန်းလုံအဖွဲ့ကြီးရဲ့ အစဉ်အဆက်ပိုင်လာတဲ့ ပစ္စည်းဖြစ်ပါတယ်၊ ဒါကြောင့် မို့ ကျွန်တော်တို့ပစ္စည်းကို ပြန်ပေးဖို့ မေတ္တာရပ်ခံပါတယ်"

မျက်ခုံးဖြူပေါင်စုက တဟားဟား ရယ်ပြီး ပြန်မေးလေ၏။

"ဟားဟားဟား.....ဒါ မင်းတို့ပစ္စည်းလား"

ချောင်ပွင့်ချီက.....

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ အဖွဲ့ပိုင်ပစ္စည်းပါ"

"ကောင်းပြီ၊ မင်းတို့အဖွဲ့က အစဉ်အဆက် ပိုင်လာတဲ့ပစ္စည်းဆိုရင် ဒီသံသေတ္တာထဲမှာ ဘာပါတယ်ဆိုတာ မင်းတို့ သိရမှာပေါ့၊ နောက်ပြီး ဒီသံသေတ္တာရဲ့ အတိတ်ဇာတ်ကြောင်းကိုလဲ သိရမှာပေါ့၊ ကဲ.....ဆိုစမ်း၊ ဒီအထဲမှာ ဘာပစ္စည်းပါလဲ၊ ဒီသေတ္တာရဲ့ ဇာတ်လမ်းက ဘာလဲ"

ချောင်ပွင့်ချီမှာ စကားမပြောနိုင်ဘဲ ဆွံ့အသလို ဖြစ်သွားသည်။

မျက်ခုံးဖြူပေါင်စုက သံသေတ္တာကို လှမ်းပေးရင်း.....

"လာယူလေကွာ၊ ရော့ပါ၊ လာယူပါ"

ချောင်ပွင့်ချီသည် ရုတ်တရက် ဝမ်းသာသွား၏။

သူ့လက်ကို ဖျတ်ခနဲ ဆန့်တန်းမိသည်။ သံသေတ္တာကိုယူရန် လက်လှမ်းမိ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့လက်ကို ဆတ်ခနဲ ပြန်ချပစ်ပြန်၏။

သူ့ဆရာသခင် ထန်ကွေ့နုံးသည် ဤသံသေတ္တာကို တရိုတသေ သိမ်းဆည်းခဲ့ကြောင်း သူ သိ၏။

ဤသံသေတ္တာ၌ စိတ်ဝင်စားဖွယ်ရာ ဇာတ်ကြောင်းရှိသည်မှာ သေချာသော်လည်း သူ့ဆရာသခင် ထန်ကွေ့နုံးက ယင်းဇာတ်ကြောင်းနှင့် ပတ်သက်၍ တစ်ခွန်းတစ်ပါဒမျှ ဖွင့်ဟ မပြောခဲ့ချေ။

ထို့ကြောင့် သူ့အနေဖြင့် သံသေတ္တာအတွင်း မည်သည့်ပစ္စည်း ရှိနေခဲ့သည်ကို လုံးဝ မသိခဲ့ပါချေ။

အဘိုးအို ယွမ်စစ်ကျုံးနှင့် အဘိုးအို ယင်ကြည်တို့သည် ထန်းလုံအဖွဲ့၏ ဝါစဉ်ကြီး ဆရာကြီးများ ဖြစ်ကြ၏။

သို့သော် ထိုသံသေတ္တာအတွင်း၌ မည်သည့်ပစ္စည်း ရှိသည်ကို သူတို့ မသိကြချေ။

ထို့ကြောင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး မျက်နှာပျက်နေကြတော့သည်။

ထိုစဉ်.....

''သံသေတ္တာထဲမှာ ဓားကောင်းတစ်လက် ရှိနေပါတယ်ခင်ဗျာ''

ထန်းလုံအဖွဲ့၏ ဒုတိယအဆင့် သိုင်းသမားအဖြစ် ရပ်တည်နေရသော ကျိုးယွင်ကန်၏ အသံက အံ့သြဖွယ်ရာ ထွက်ပေါ်လာသည်။

သူသည် ထန်းလုံအဖွဲ့ကြီး၏ ခေါင်းဆောင်ချုပ်ကြီး ထန်ကွေ့နုံး



၏ အချစ်တော်တပည့်လည်း မဟုတ်ခဲ့ပါ။

ထိုသို့ မဟုတ်ခဲ့သဖြင့် ထန်ကွေ့နုံးက အဖွဲ့၏သစ္စာကို ဖောက်ဖျက်ပြီး အရေးမပါ အရာမရောက်လှသော ဒုတိယအဆင့် တပည့်ကလေးအား လျှို့ဝှက်သည့်ကိစ္စကြီးကို ဖွင့်ဟထုတ်ဖော် ပြောခဲ့မည်လည်း မဟုတ်ပါ။

အဘယ်ကြောင့် ဤသို့ အတိအကျ ပြောရဲရသနည်း။

ယွမ်စစ်ကျုံးက လှမ်းငေါက်လိုက်၏။

''ဟေ့ကောင်၊ မင်းက ဘာသိလို့လဲ၊ ဒီလောက်အရေးကြီးတဲ့ အချိန်မှာ ဘာတွေ ရမ်းသမ်းပြီး လျှောက်ပြောနေရတာလဲ''

ဝင်စစ် ယွမ်စစ်ကျုံးသည် ထိုစကားကို ဆုံးသည်အထိ မငေါက်ငန်း လိုက်ရပါ။

ပထမစကားတစ်ဝက်သည် အများ ကြားနိုင်သည့်အဆင့်သို့ ရောက်ရှိလာပြီး ကျန်တစ်ဝက်မှာ လည်ချောင်းထဲ၌ ပျောက်ကွယ်သွားခဲ့သည်။

မျက်ခုံးဖြူ ပေါင်စုက သူ့စကားကို ကြားမှဖြတ်၍ ပြောလိုက်သောကြောင့်တည်း။

''မှန်တယ်၊ ဓားကောင်းတစ်လက်ပဲ၊ ဘယ်သူ့ဓားဆိုတာကိုတော့ မင်း သိရဲ့လား''

ထန်းလုံအဖွဲ့သားအားလုံး ပါးစပ်အဟောင်းသား ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

ကျိုးယွင်ကန်သည် အဘယ့်ကြောင့် အပ်ကျမတ်ကျ သိနေသနည်း။

မျက်ခုံးဖြူပေါင်စုက.....

''ကဲ.....ပြောစမ်းပါဦး။ ဒီစားကောင်းက ဘယ်လိုကြောင့် မင်းတို့ ထန်းလုံအဖွဲ့ရဲ့လက်ထဲ ရောက်လာခဲ့ရတာလဲ''

ယွပ်စစ်ကျိုးသည် ကျိုးယွင်ကန် နောက်ထပ်ပြောမည့်စကားများကို တစ်ခွန်းမလွတ်တမ်း နားစွင့်နေသည်။

ထန်းလုံအဖွဲ့သား အားလုံးသည်လည်း ကျိုးယွင်ကန်ကို ယခုမှ မြင်တွေ့ရသော လူတစ်ယောက်ပမာ စူးစူးစိုက်စိုက် ဝိုင်းကြည့်နေမိကြလေ၏။

ကျိုးယွင်ကန်သည် သူ့စကား လွန်သွားပြီကို သတိပြုမိလိုက်၏။ မတတ်နိုင်တော့။

ဆက်ပြောရပေတော့မည်။

သူ့အနေဖြင့် လွယ်လွယ်ကူကူ မပြောလျှင် ဤအခန်းရှိ လူအားလုံးက သူ့ကို အတင်းအကြပ် ပြောနိုင်းမည်မှာ သေချာနေသည်။

သူက တုန်တုန်ယင်ယင်ဖြင့် ဆက်ပြော၏။

''ဒီစားဟာ ထန်းလုံအဖွဲ့ရဲ့ ဘိုးစဉ်ဘောင်ဆက်က ပစ္စည်းဖြစ်ပါတယ်၊ ဒီစား ရှိသူဟာ ထန်းလုံအဖွဲ့ရဲ့ ခေါင်းဆောင်ချုပ်ကြီး ဖြစ်ရတဲ့



ထုံးစံ ရှိပါတယ်''

မျက်ခုံးဖြူပေါင်စုက ခေါင်းယမ်းလျက် အားရပါးရ အော်ဟစ်ရယ်မောတော့၏။

''ဟားဟားဟား..... မှားပြီ၊မှားပြီ၊ ငါ ထင်သားပဲ၊ မင်း ဘယ်နည်းနဲ့မှ မသိနိုင်ပါဘူးလို့၊ အခုကတည်းက ပြောတာ လွဲနေပြီ''

ကျိုးယွင်ကန်၏ တုန်လှုပ်နေသောစိတ်များ ပြန်ငြိမ်သွားသည်။

''ကိုယ်တော်ကြီးကကော သိထားလို့လား''

မျက်ခုံးဖြူပေါင်စုက အားရကျေနပ်စွာ ခေါင်းညိတ်ပြလေ၏။

''သိထားပါတယ်ကွ၊ သိထားပါတယ်၊ ဒီကိစ္စကို လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော်ကတည်းက ငါသိထားခဲ့တာပါကွ၊ ရှိစန်းဟူဖေးနဲ့ ဒီတောင်ကလပ်ထိပ်က သခင်ကြီးတို့ရဲ့ မသင့်မြတ်မှုကလဲ အဲဒီအချိန်ကပဲ စတင်ခဲ့တာပဲကွ၊ ဒါတွေကို သိမထားဘဲနဲ့ ငါက မင်းတို့လူသိုက်ကို ဒီတောင်ကလပ်ထိပ်ပေါ် ဘယ်ခေါ်လာခဲ့ပါ့မလဲကွာ''

မျက်ခုံးဖြူပေါင်စု၏စကားကြောင့် ထန်းလုံအဖွဲ့သားများမှာ အသည်းအူများ လန့်သွားသကဲ့သို့ ခံစားသွားကြရသည်။

စင်စစ် ထောင်ပိုင်ရွှေ၊ ထောင်ကြည်အန်။ လိုယွမ်ပင်နှင့် ရှုံးယွမ်ရှန့်တို့ပါ ထိတ်လန့်မှုကို အကြီးအကျယ် ခံစားသွားကြရ၏။

သူတို့သည် သေမထူး နေမထူး ဖြစ်ကြရတော့မည်ဟု ယုံကြည်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘယ့်ကြောင့်ဆိုသော် မျက်ခုံးဖြူပေါင်စုသည် သူတို့ သိမထားသည့်အရာများကို ကြိုတင်သိထားပါလျက် လုံးဝ ဖွင့်ပြောခြင်းမရှိဘဲ ဤတောင်ကလပ်ထိပ်သို့ သူတို့အား အတင်းအကြပ် ခေါ်ဆောင်ခြင်းကို ခံခဲ့ရသောကြောင့်တည်း။

"အင်း.....ဒီတရုတ်ဘုန်းကြီးအိုကြီးကတော့ ငါတို့ကို မကောင်းကြံပြီ၊ ငါတို့အားလုံး လိုချင်နေတဲ့ သံသေတ္တာလဲ သူ့လက်ထဲ ရောက်သွားပြီ၊ နောက်တစ်ဆင့် ငါတို့ကို သူ သတ်ဖို့ပဲ ရှိတော့တယ်"

ထိုအတွေးကို လူတိုင်း တွေးလိုက်ကြသဖြင့် အားလုံးတိုင်ပင်ထားသည့်အလား လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြ၏။

သူတို့သည် သိုးငယ်အလား လည်စင်းပေးရမည့် အဖြစ်မျိုးကို မလိုလားပေ။

ကျားရိုင်းနှင့်တွေ့သော တောကျွဲကဲ့သို့ အပြင်းထန်ဆုံး ခုခံကာကွယ်ပြီးမှ အသေခံလိုကြသည်။

ရုတ်တရက် ဖြစ်ပေါ်လာသည့်အတွေးများက ရန်သူတော်များအား စိတ်တူကိုယ်တူ ဖြစ်သွားစေ၏။

ထို့ကြောင့် သိုင်းသမားများသည် မျက်ခုံးဖြူပေါင်စုအား ချက်ချင်း ဝိုင်းဝန်း ပိတ်ဆို့လိုက်ကြလေ၏။

စင်စစ် သူတို့ ကိုင်ထားသည့် လက်နက်များသည် တောင်ကလပ်ထိပ်ရှိ အစေခံများထံမှ ထပ်မံရရှိထားသည့် လက်နက်များသာ



ဖြစ်သည်။

ယွမ်စစ်ကျူးမှာ ကိုင်စရာလက်နက် မရှိသဖြင့် လှုငယ်နှစ်ယောက်ကြောင့် ကျိုးပြတ်သွားသည့် သူ၏ဓားကျိုးကို ကောက်ကိုင်လိုက်ရတော့သည်။

မျက်ခုံးဖြူပေါင်စုကား သူ့အား ဝန်းရံသူအားလုံးကို ပြုံးစိစိဖြင့်ကြည့်နေလျက်ရှိပြီး ဤသူအားလုံးကို ကလေးများအလား မလေးမစားသဘောထားကြောင်း သူ့အမူအရာက ပြသနေသည်။

ပေါင်စုက လူအားလုံးကို တစ်ပတ်လှည့်ကြည့်လျက် အေးစက်စက်ေ◌းသည်။

"ဘာလဲ၊ မင်းတို့က ငါ့ကို ဝိုင်းတိုက်ကြမလို့လား"

ဝိုင်းရံထားသူများသည် မည်သည့်စကားမျှ မပြောဘဲ ရှုးရှုးစိုက်စိုက် ဝိုင်းကြည့်နေကြ၏။

ထိုလူအုပ်သည် မျက်ခုံးဖြူပေါင်စုကို ဘုံရန်သူအဖြစ် သတ်မှတ်လိုက်၍သာ ယခုကဲ့သို့ ရန်သူအချင်းချင်း ခေတ္တပေါင်းစည်းသွားခြင်းဖြစ်သည်။

ဘုံရန်သူကို တိုက်ခိုက်ရာတွင် ညီညီညွတ်ညွတ်ဖြစ်ရန် ဦးဆောင်မည့်သူ လိုသည်။

ထိုအချက်ကို လိုယွမ်ဟို့ နားလည်သဘောပေါက်၏။

လိုယွမ်ဟို့က အော်ဟစ်သတိပေး၏။

www.burmeseclassic.com

www.burmeseclassic.com



"အားလုံးကို ကျုပ် ပြောမယ်၊ ဒီတရုတ်ဘုန်းကြီးအိုကြီးဟာ ကျုပ်တို့ကို မကောင်းကြံတာ သေချာနေပြီ ဒီတော့ သူ့ကို စုပေါင်းအားနဲ့ ခုခံတိုက်ဖျက်ကြရမယ်၊ ဒါဆိုရင် သူမခံနိုင်ပါဘူး။ ကျုပ်တို့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကိုတော့ တောင်အောက်ကို ပြန်ရောက်တော့မှပဲ ဖြေရှင်းယူကြမယ်"

လိုယွမ်ဟိုး၏စကားကို အားလုံးက နားလည်သဘောပေါက်ကြ၏။ မျက်ခုံးဖြူပေါင်စု၏ သိုင်းပညာ မည်မျှကောင်းမွန်သည်ကို သူတို့ မျက်မြင်ကိုယ်တွေ့ သိရှိပြီးကြလေပြီ။

မညီညွတ်တဲ့ တိုက်ခိုက်လို့ကတော့ တရုတ်ဘုန်းကြီးအိုကြီးအား မည်သို့မျှ အနိုင်မရနိုင်ကြောင်း နားလည်သဘောပေါက်ထားကြသည်။

ဆီမီးခွက်တစ်ခွက်သည် အမှောင်ထုကို အနည်းငယ်မျှသာ ပယ်ဖျက်နိုင်မည်ဖြစ်သော်လည်း ဆီမီးခွက်တစ်သိန်းအားကမူ အမှောင်ထုကို ကောင်းစွာ ရှင်းလင်းပယ်ဖျက်နိုင်ပေသည်။

"ဒုံး"

ထိုစဉ် အဆောင်ကြီး၏ပြင်ပမှ ဒုံးကျည်မီးရှူးပစ်သံလိုလို ပေါက်ကွဲသံလိုလို ကြားလိုက်ရသဖြင့် မျက်ခုံးဖြူပေါင်စုအား စက်ဝိုင်းကျဉ်းထဲသို့ တဖြည်းဖြည်း ပို့ဆောင်နေသူများ၏ ခြေလှမ်းများသည် ရုတ်တရက် ရပ်တန့်သွား၏။

မည်သည့်အချိန်က အဆောင်အပြင်သို့ ရောက်နေမှန်း မသိသော ဘဂ္ဂဲာစိုးကြီးယီသည် ပျာယီးပျာယာဖြင့် ခန်းမဆောင်ထဲသို့ ဝင်လာ၏။



သူ့အမူအရာက အလွန်တရာအရေးကြီးသော အခြေအနေကို ဖော်ညွှန်းနေသည်။

သူပြောသည့်စကား၏ အခြေအနေ အပြည့်အစုံကို သိုင်းသမားများ သဘောမပေါက်ကြသော်လည်း ထိုစကားသည် အန္တရာယ်တစ်ရပ်ကို ရည်ညွှန်းကြောင်း နားလည်လိုက်ကြ၏။

ဘဂ္ဂဲာစိုးကြီးယီက–

"အခြေအနေ မကောင်းဘူးဗျို့"

လူအားလုံး၏အာရုံသည် မျက်ခုံးဖြူပေါင်စုထံ၌ မရှိကြတော့ပေ။

ဘဂ္ဂဲာစိုးကြီးယီထံသို့ ရောက်ရှိသွားကြလေပြီ။

"ဘယ်လို အခြေအနေမကောင်းတာလဲ၊ ရှိစန်းဟူပေ၊ ရောက်လာလို့လားဗျ"

ချောင်ပွင်ချီက အော်ဟစ်၍ မေးလိုက်၏။

ဘဂ္ဂဲာစိုးကြီးယီက ပြန်ဖြေသည်။

"မဟုတ်ဘူးဗျို့၊ ကျုပ်တို့ တောင်ကလပ်ထိပ်ပေါ် ဆွဲတင်တဲ့ ကြိုးနဲ့ စက်သီးတိုင်ကို ဖျက်ဆီးလိုက်တာဗျ၊ ဘယ်သူ လုပ်လိုက်မှန်းကို မသိပါဘူးဗျာ၊ ယမ်းထုပ်တွေနဲ့ ဖျက်ဆီးပစ်တာဗျ"

ဘဂ္ဂဲာစိုးကြီးယီ၏စကားက မျက်ခုံးဖြူပေါင်စုအပါအဝင်

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားအားလုံး၏ အရှိက်ကို ထိုးနှက်လိုက်သည်။

လူအားလုံး မရှုနိုင် မရှိက်နိုင်ဖြစ်သွားသည်။

ထိုသို့ ငိုင်သွားချိန်မှာ တခဏမျှသာ ဖြစ်သည်။

လူအားလုံးသည် တိုင်ပင်ထားသည့်အလား ဝုန်းခနဲ ပြေးထွက်သွားကြလေသည်။

သူတို့အားလုံး မည်သည့်နေသို့ ပြေးထွက်သွားကြပါသနည်း။

သူတို့ပြေးထွက်သွားသည့်နေရာမှာ ဝါးခြင်းကြီးနှင့် စက်သီးတိုင်ရှိရာအရပ်သို့သာ ဖြစ်ပေ၏။

သူတို့အားလုံးကို တောင်ကလပ်အောက်သို့ ပြန်ပို့နိုင်သည့် ဝါးခြင်း ကြိုးနှင့် စက်သီးတိုင်တို့သည် 'ယိ' ပြောသလို အမှန်တကယ် ပျက်စီးသွားမသွား သူတို့ သိလိုလှသည်။

''ဟာ''

လူအားလုံး စိတ်ပျက်ညည်းညူသွားကြလေ၏။

ဝါးခြင်းကြီး ဖွာလန်ကြဲနေသလို ကြိုးများမှာ အပိုင်းပိုင်းအစစ ဖြစ်နေသည်။

စက်သီးတိုင်လည်း ပျက်စီးသွားပေပြီ။

'ယိ'ပြောသည့်'အခြေအနေမကောင်းဘူးဗျို့' ဆိုသည့် စကားသည် ဤသည်ကို ရည်ညွှန်းခြင်းသာတည်း။

ယင်းပေါက်ကွဲသည့်အချိန်တွင် ဤနေရာ၌ အစေခံများ



ဝါးခြင်းဆွဲတင်သည့် လူသန်ကြီးများ မရှိ၍ တော်ပေသေးသည်။

အကယ်၍ လူတစ်ယောက်ယောက်သာ ရှိနေလျှင် မုချသေပေလိမ့်မည်။

အဘိုးအိုယင်ကြည်က မျက်ခုံးဖြူပေါင်စုအား မေးလိုက်၏။

''ကိုယ်တော်ကြီး၊ ရှိစန်းဟူဖေးဟာ ဒီလို လုပ်တတ်သလား။ ဒါ သူ့လုပ်နည်းလုပ်ဟန်လား''

မျက်ခုံးဖြူပေါင်စုက.....

''သူ ဘယ်လိုလုပ်တတ်သလဲဆိုတာကိုတော့ ကျုပ်လဲ သေသေချာချာ မသိဘူးဗျ၊ ဒါပေမယ့် အခုလိုလုပ်တဲ့လူကတော့ ဟောဒီက တောင်ကလပ်သခင်ကြီးရဲ့ရန်သူဆိုတာတော့ ကျုပ် သိတယ်ဗျ၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ကို ဟောဒီတောင်ကလပ်ပေါ်မှာ အစာငတ်၊ ရေငတ်သေအောင်လုပ်တာကိုတော့ ဗေဒင်မေးဖို့ မလိုဘူးဗျ''

အဘိုးယင်ကြည်က.....

''ဟာ.....ဒါကတော့ဗျာ ကျုပ်တို့နဲ့ ဒီရန်သူနဲ့ ဘာရန်ငြိုးရန်စမှ မရှိဘဲဗျာ၊ ဒီလိုလုပ်တာတော့ မတရားပါဘူး''

မျက်ခုံးဖြူပေါင်စုက ရယ်ရင်း.....

''ဟားဟားဟား''

''ခင်ဗျားနဲ့ ရန်ငြိုးရန်စ မရှိပေမယ့် ခင်ဗျားက ရန်ငြိုးရန်စရှိတဲ့သခင်ကြီးရဲ့ တောင်ကလပ်ပေါ်ကို ရောက်နေတာကိုးဗျ၊ နောက်ပြီးစု

www.burmeseclassic.com

www.burmeseclassic.com



ရှိသေးသဗျ။ သံသေတ္တာ ခင်ဗျားလက်ထဲမှာ ရှိနေမယ်ဆိုရင်လဲ ခင်ဗျားဟာ သူနဲ့ ရန်ငြိုးဖွဲ့ပြီးသား ဖြစ်သွားပြီဆိုတာ မှတ်ပေတော့''

သိုင်းသမားအားလုံး ယောင်ယမ်း၍ နောက်ဆုတ်သွားကြလေ၏။

အားလုံး ကြောက်သွားကြသည်။

မျက်ခုံးဖြူပေါင်စုသည်ပင်လျှင် စိတ်ပျက်အားလေျာ့သွားသည့် အမူအရာရှိသည်။

သို့သော် သူက အားလုံးထက်တော့ အေးဆေးတည်ငြိမ်မှုရှိ၏။ သူ ဦးဆောင်၍ အဆောင်ကြီးရှိရာသို့ ပြန်လာ၏။

သူ့နောက်မှ သိုင်းသမားများ တိတ်ဆိတ်စွာ လိုက်လာသည်။

သူတို့အားလုံး ခန်းမကြီးထဲရောက်ပြီး၍ မကြာမီမှာပင် 'မြောင်ယိုလန်' အခန်းထဲမှ ထွက်လာ၏။

သူမသည် ဆိုးရွားသော အခြေအနေကို သိရှိပြီးနေလေပြီ။

''ရှိစန်းဟူဖေးကတော့ နှင်းတောင်မြေခွေးဆိုတဲ့ နာမည်နဲ့ လိုက်အောင် ကျွန်မတို့အပေါ် ညစ်ပတ်နေပြီ၊ အင်မတန် ယုတ်မာတဲ့ အပြုအမူပဲ''

မျက်ခုံးဖြူပေါင်စုက သံယောင်လိုက်၍ ပြောသည်။

''ဟုတ်တယ် မိန်းကလေး။ ကျုပ်တို့အားလုံး ကံတူ အကျိုးပေါ ဖြစ်ကုန်ပြီ၊ ဒီတောင်ကလပ်ထိပ်က ဘယ်လို ပြန်ဆင်းရမလဲ ဆိုတာပဲ



စဉ်းစားရတော့မယ်၊ အဲဒီနည်းလမ်းကို မစဉ်းစားနိုင်ဘူးဆိုရင်တော့ ကျုပ်တို့အားလုံး ဒီတောင်ကလပ်ပေါ်မှာပဲ အသက်သေဆုံးကြရတော့မယ်''

ထိုအခါ မြောင်ယိုလန်က အားပေးနှစ်သိမ့်သည်။

''သြော်.....အသက်သေမှာကိုတော့ မစိုးရိမ်ကြပါနဲ့ရှင်၊ ရက်ပိုင်းအတွင်းမှာ ကျွန်မရဲ့ဖေဖေ ဒီတောင်ကလပ်ပေါ်ကို လိုက်လာမှာပါ၊ ဒါဆိုရင် ကျွန်မတို့ ဘယ်သေတော့မလဲ''

ထိုစကားကို ကြားလိုက်ရသောအခါမှ မျက်နှာအပျက်ပျက် ဖြစ်နေကြသည့် သိုင်းသမားအားလုံး 'ဟင်း'ခနဲ သက်ပြင်းချနိုင်ကြတော့သည်။

''ဟင်.....ဟုတ်သားပဲ၊ သိုင်းလောကပြိုင်ဘက်ကင်း ကျွင်းမြို့မှုရဲ့ သမီးတစ်ယောက်လုံး တောင်ပေါ်မှာ ရှိနေတဲ့နောက်တော့ ဘာစိုးရိမ်စရာ ရှိတော့မလဲ၊ သူ လာကယ်မှာပေါ့''

ထိုအတွေးကို လူတိုင်း တွေးကြသည်။

အားလုံး စိတ်သက်သာရာ ရသွားကြသည်။

သို့သော် မျက်ခုံးဖြူပေါင်စုကမူ ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်း၍ ပြောလိုက်သည်။

''သူ့ရဲ့ကောင်းကြီး မြောင်ရင်ဖုန့် သိုင်းပညာစွမ်းကတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် ဒီလောက် မတ်စောက်တဲ့ တောင်ကလပ်ကို သူ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ် တက်လာနိုင်မှာလဲ''

မြောင်ယိုလန်က ပြုံး၍ ပြော၏။

''ကျွန်မဖေဖေဟာ စိတ်ကူးဉာဏ် အင်မတန်ကောင်းပါတယ်၊ သူကောင်းကောင်း တက်လာနိုင်မှာပါ''

မျက်ခုံးဖြူပေါင်စုက.....

''သူဘယ်လောက် ဉာဏ်ကောင်းနိုင်မှာလဲ၊ နှင်းတွေ အရည်ပျော်တဲ့ နွေမှာဆိုရင်တော့ ဒီပေါ်ကို ဘယ်လိုတက်ရမယ်ဆိုတာ သူ အကြံထုတ်ချင်ထုတ်နိုင်မယ်၊ ဒီလိုရာသီမျိုးမှာတော့ မလွယ်ပါဘူး''

''နှင်းတွေ အရည်ပျော်အောင် စောင့်မယ်ဆိုရင် သုံးလလောက် စောင့်ရမယ်၊ ဒီတောင်ကလပ်ထိပ်မှာ ရိက္ခာက ဘယ်နှစ်လစာရှိမှန်း မသိဘူး''

ပေါင်စုသည် ဘဏ္ဍာစိုးကြီးယီဘက်သို့ လှည့်၍မေးလိုက်၏။

''ဘဏ္ဍာစိုးကြီး ရိက္ခာက ဘယ်နှစ်လစာ ရှိသလဲ''

ဘဏ္ဍာစိုးကြီးယီက.....

''အခု ဒီမှာရှိတဲ့ရိက္ခာက ရက်နှစ်ဆယ်ကျော်ပဲ ရှိတယ်၊ ရိက္ခာ သွားဝယ်တဲ့လူက သန်ဘက်ခါမှ ပြန်ရောက်လာမယ်''

ဘဏ္ဍာစိုးကြီးယီက ဆက်ပြောသည်။

''ရက်နှစ်ဆယ်စာဆိုတာက ကျွန်တော်တို့ တောင်ကလပ်ပေါ်မှာ ရှိနေတဲ့လူတွေအတွက် ပြောတာပါ၊ ခုနက ခင်ဗျားတို့အတွက် တည်ခင်း

---



လိုက်တဲ့အတွက် ဆယ်ရက်စာရိက္ခာ ကုန်သွားပြီ အခုဆိုရင် ခင်ဗျားတို့ပဲ ချွေတာကြည့်ကြပါတော့ဗျာ''

ဘဏ္ဍာစိုးကြီးယီ၏စကားကို ကြားလိုက်ရသောအခါ စောစော က ပျောက်ကွယ်သွားသည့် စိုးရိမ်ထိတ်လန့်မှုများသည် လူအသီးသီး၏ မျက်နှာပေါ်၌ ပြန်လည်အရိပ်ထင်လာပြန်၏။

သူတို့သည် ရှိစန်းဟူဖေးကိုသာ တွင်တွင်ကျိန်ဆဲကြတော့၏။

မြောင်ယိုလန်က အေးအေးဆေးဆေးပင် ပြောသည်။

''ဒီလိုဆိုရင်တော့ အခြေအနေ သိပ်မကောင်းဘူးလို့ ဆိုရမှာ ပေါ့၊ ရှိစန်းဟူဖေးက ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ၊ ကျွန်မတို့တွေနဲ့ လူနဲ့ ဘာရန်ငြိုးမှမရှိပဲ၊ နောက်ပြီး ဒီကာသခင်ကြီးကလဲ ရှိစန်းဟူဖေးကို ဘာကြောင့် ဒီလောက်ကြောက်ရွံ့နေရတာလဲ၊ ရှိစန်းဟူဖေးမှာ ဘာ ပညာတွေ ရှိနေလို့လဲ''

သည်မေးခွန်းများမှာ လူတိုင်း သိလိုနေကြသည့်မေးခွန်းများ သာ ဖြစ်သည်။

သိုင်းသမားများ သိသည့်မှာ သံသေတ္တာထဲ၌ ရတနာများ ရှိသည် ဆိုသည့်အချက်သာဖြစ်သည်။

ယခုအခါ သံသေတ္တာထဲ၌ ဓားကောင်းတစ်လက် ရှိနေသည်ကို အားလုံး သိလိုက်ကြပြီ။

ထိုအချက်များမှလွဲသော အခြားအချက်များကို သူတို့မသိ

www.burmeseclassic.com

www.burmeseclassic.com



ကြပေ။

မျက်ခုံးဖြူပေါင်စုက.....

"ကောင်းပြီ၊ ဒီပြဿနာရဲ့အဖြေကို ရှာချင်ရင် လူအားလုံး စိတ်ဝမ်းညီညီညွတ်ညွတ်နဲ့ ဆွေးနွေးတိုင်ပင်ကြရမယ်၊ အားလုံးတက်ညီလက်ညီ ကြိုးပမ်းကြရမယ်၊ အချင်းချင်း သတ်ဖြတ်နေလို့ကတော့ အားလုံး အသေဆောကြမှာပဲ၊ ဒါဆို ရှိစန်းဟူဖေးကလဲ သဘောကျမှာပဲ"

ကျန်လူအားလုံး ခေါင်းညိတ်ကြ၏။ ထို့ကြောင့် ပေါင်စုကို ဝိုင်း၍ ထိုင်လိုက်ကြသည်။

ရာသီဥတုကလည်း အလွန်အေးချမ်းလာပြီဖြစ်၍ ပေါင်စုက အစေခံများအား မီးဖိုများ၌ လောင်စာများ ထပ်ထည့်ရန် အမိန့်ပေးလိုက်သည်။

မီးဖိုထဲ၌ မီးရှိန်များ တက်လာသောအခါ ခန်းမကြီးအတွင်း၌ အတော်ကလေး နွေးနွေးထွေးထွေးဖြစ်လာသည်။

သိုင်းသမားများသည် မျက်ခုံးဖြူပေါင်စု ထပ်ပြောမည့်စကားများကို စိတ်ပါဝင်စားစွာ စောင့်၍ နားထောင်နေကြ၏။

သူတို့အားလုံးထဲ၌ ပေါင်စုသည် အသက်အကြီးဆုံး၊ အတွေ့အကြုံ အများဆုံး၊ သိုင်းပညာအကောင်းဆုံးဖြစ်သည် မဟုတ်ပါလော။

သူ့ထံမှ ကြားရမည့်စကားများသည် အားလုံးအသက်ရှင်နိုင်ရန် နည်းလမ်းကောင်း ဖြစ်နိုင်သည်။

---



အစေခံများကလည်း ဧည့်သည်များအတွက် ရေနွေးကြမ်းများ လိုက်လံချပေး၏။

ပေါင်စုက ရေနွေးကြမ်းတစ်ပန်းကန်ကို ကောက်သောက်ပြီး ဦးကျူးစကား ပြောကြားလိုက်၏။

"တယ်လဲ ကောင်းတဲ့ လက်ဖက်ခြောက်ပဲ"

သိုင်းသမားများမှာ အတော်ကလေး စိတ်အနှောင့်အယှက် ဖြစ်သွားကြသည်။

သူတို့ ကြားချင်သည်က တခြားစကား။ ပေါင်စု ပြောနေသည်က လက်ဖက်ခြောက် ဦးကျူးစကား။

ထိုလူစု၌ လူ့ဘာအသွက်ဆုံးဖြစ်သည့် ချောင်ပွင့်ရှီကပင် တောင်းဆိုလိုက်သည်။

"ကိုယ်တော်ကြီး သံသေတ္တာရဲ့ ဇာတ်ကြောင်းကိုသိရင် ပြောပြပါလား။ ကျွန်တော်တို့က ဘာမှ မသိထားတော့ သိချင်ပါတယ်"

အခြားလူများကလည်း ဝိုင်းဝန်းထောက်ခံကြသည်။

သူတို့အားလုံး သေလူကဲ့သို့ဖြစ်နေ၍ အချင်းချင်း ညီညွတ်နေကြသည်။

တစ်ဦးနှင့်တစ်ဦး ရန်လိုသောသဘော မရှိကြတော့ပေ။

မျက်ခုံးဖြူပေါင်စုက သံသေတ္တာကို ချောင်ပွင့်ရှီ၏ လက်ထဲသို့ ပြန်လည်ထိုးအပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ထန်းလုံ့ပေကျူးအဖွဲ့ရဲ့ ခေါင်းဆောင်ချုပ်ကြီး ဖြစ်ခဲ့တယ်၊ ဒီအထဲမှာ စားကောင်းတစ်လက် ရှိမရှိဆိုတာ သေသေချာချာ လေ့လာဖို့ လိုတယ်၊ ကဲ.....ကိုယ်တိုင်ကိုယ်ကျ ဖွင့်ကြည့်ပေတော့"

ချောင်ယွင်ရှီမှာ ထိတ်ထိတ်လန့်လန့်နှင့် လက်ခံယူလိုက်သည်။

သူလှမ်းယူလိုက်စဉ် သံသေတ္တာထဲမှ သံမဏိမြွေးတွေများ ပြေးထွက်လာမည်လောဟု တထိတ်ထိတ် စိုးရိမ်နေ၏။

ထောင်ကြည်အန်းသည် ထိုသံသေတ္တာထဲမှ မြွေးများကို ထွက်စေခဲ့သည် မဟုတ်ပါလော။

သူ့လက်ထဲကို သံသေတ္တာရောက်လာသည့် အချိန်အထိ မည်သည့်မြွေးမှ ထွက်မလာသဖြင့် ချောင်ယွင်ရှီ 'ဟင်း' ချနိုင်သွားသည်။

သို့သော် ချောင်ယွင်ရှီသည် သံသေတ္တာကို လုံးဝ မဖွင့်ဝံ့ပါ။

လူအားလုံးက သံသေတ္တာကို ဝိုင်းကြည့်နေကြ၏။

သံသေတ္တာသည် သံချေးအစက်အပြောက်များဖြင့် မလှမပ ဖြစ်နေသည်။

ပိန်သည့်နေရာက ပိန်၊ ချိုင့်သည့်နေရာက ချိုင့်နေသေး၏။

သံသေတ္တာ၏ အပြင်အဆင်က နှစ်ပေါင်းလေးငါးရာ ကြာမြင့်နေပြီဖြစ်ကြောင်း ဖော်ပြလျက်ရှိနေသည်။

ထိုအချက်မှလွဲ၍ ထိုသံသေတ္တာအကြောင်း မည်သူမျှ မသိရှိကြတော့ချေ။

---



ချောင်ယွင်ရှီ တွေးနေသည်။

"ငါသာ ဒီသံသေတ္တာကို ဖွင့်မပြဝံ့ရင် ထောင်ကြည်အန်း ငါ့ကို အထင်သေးသွားလိမ့်မယ်၊ ငါ့ကို လှောင်ရယ်ရယ်လို့ ဆုံးမှာ မဟုတ်တော့ဘူး"

သူသည် အသေသာ ခံချင်ခံမည်။

ထောင်ကြည်အန်း၏ အလှောင်အပြောင်ကိုတော့ မခံနိုင်ပေ။

ထို့ကြောင့် ဖြစ်ချင်ရာဖြစ်ဟူသော သဘောဖြင့် သံသေတ္တာကို ဆွဲဖွင့်တော့သည်။

အကြိမ်ကြိမ်ဖွင့်သော်လည်း သံသေတ္တာက ပွင့်မလာချေ။

မျက်ခုံးဖြူပေါင်စုက ရယ်၍ပြောသည်။

"ဟာ.....ဘယ်လိုလဲ၊ ထန်းလုံ့အဖွဲ့ဟာ သူ့ရဲ့ ဘိုးစဉ်ဘောင်ဆက်ပစ္စည်းကို ဘယ်လို ဖွင့်ရမှန်းတောင် မသိဘူးတဲ့လား"

ချောင်ယွင်ရှီ၏မျက်နှာတစ်ပြင်လုံး ရဲရဲနီလျက် ရှိနေချေပြီ။

ချောင်ယွင်ရှီသည် သေမည်ကို ကြောက်ပြီး သံသေတ္တာမဖွင့်ရဲဟု အထင်မခံလိုသဖြင့် သံသေတ္တာကို အသက်စွန့်ဖွင့်ပါမှ သောကိန်း မရောက်ဘဲ အရှက်ကွဲကိန်း ရောက်နေတော့၏။

သူသည် သံသေတ္တာကို အကြိမ်ကြိမ် ဆွဲဖွင့်၏။

ဖွင့်မရသဖြင့် သံသေတ္တာကို ဇင်ပြန်ခေါင်းပြန် လှေ့လာပြီး လျှို့ဝှက်ချက်ခလုတ်ကို ရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက် ခလုတ်လည်း မရှိ၊ ပြောင်ခလုတ်လည်း မရှိပေ။

ချောင်ယွင်ချီသည် အကြမ်းပတမ်း ဖွင့်ပြန်၏။

သံသေတ္တာ၏အဖုံးသည် အနည်းငယ်မျှ ကြွလာခြင်း မရှိချေ။

ချောင်ယွင်ချီ၏စိတ်ထဲ၌ ဤသံသေတ္တာသည် ဖွင့်မရသော သေတ္တာဟု ထင်မြင်လာ၏။

ထန်ချင်ဝင်းသည် ချောင်ယွင်ချီ အကြမ်းပတမ်း ဖွင့်နေသည်ကို မျက်တောင်မခတ်ဘဲ ငေးစိုက်ကြည့်နေ၏။

အဘယ့်ကြောင့် ဤသံသေတ္တာကို ဖွင့်မရဘဲ ဖြစ်နေရသနည်း။

ဤသံသေတ္တာ၌ လျှို့ဝှက် ခလုတ်ရှိရမည်ဟု သူမ တွေး၏။

ချောင်ယွင်ချီရှာ၍ မတွေ့ခြင်းမှာ သံသေတ္တာ၏ အဝိက သော့ချက်နေရာများကို မသိ၍သာ မတွေ့ခြင်းဖြစ်မည်ဟု သူမယူဆသည်။

သူမ၏ ဦးခေါင်းထဲ၌ ဖျတ်ခနဲ အသိဉာဏ် ပွင့်သွားသည်။

သူမကို 'ကျောက်မျက်နှာ မြေခွေး'ဟု ခေါ်ဆိုကြသည် မဟုတ်ပါလော။

သူမက လှမ်းပြောလိုက်၏။

"အစ်ကို ကျိုးယွင်ကန်၊ အစ်ကို ချောင်ယွင်ချီ မဖွင့်တတ်လို့ ဒုက္ခရောက်နေပြီ၊ အဲဒါ ဖွင့်ပေးလိုက်ပါလားဟင်"

ကျိုးယွင်ကန် ထိတ်လန့်သွားသည်။

"ဟာ.....ငါမှ မဖွင့်တတ်တာပဲ"

---



"အစ်ကို ကျိုးယွင်ကန်က တကယ်မဖွင့်တတ်ဘူးလား"

"ငါက ညာပြောရမလား၊ အစ်ကိုကြီး ချောင်ယွင်ချီတောင် မဖွင့်တတ်တဲ့ဥစ္စာ ငါက ဘယ်လို ဖွင့်တတ်မှာလဲ"

ထန်ချင်ဝင်းက လှောင်ပြုံးပြုံးလိုက်၏။

ကျိုးယွင်ကန်၏စကားကို သူမ လုံးဝ မယုံကြည်ချေ။

ချောင်ယွင်ချီ၏လက်ထဲမှ သံသေတ္တာကို ဖျတ်ခနဲ လှမ်းယူလိုက်ပြီး ကျိုးယွင်ကန်ထံသို့ လှမ်းပေးလိုက်သည်။

"ကျွန်မ သိပါတယ်၊ အစ်ကိုကျိုးယွင်ကန် **မဖွင့်တတ်ဘူးဆိုရင် ဟောဒီ** တောင်ကလပ်ပေါ်မှာရှိတဲ့ ဘယ်သူမှ **မဖွင့်တတ်တော့ဘူး ရော့**"

ကျိုးယွင်ကန်သည် ငြင်းပယ်ရန် ကြိုးစားပြန်၏။

သို့သော်.....

"ကျိုးယွင်ကန် ဘာမှငြင်းမနေနဲ့၊ ဖွင့်တတ်ရင် ဖွင့်လိုက်"

ယွမ်စစ်ကျုံး၏ အေးစက်စက် အမိန့်ပေးသံကြောင့် ကျိုးယွင်**ကန်** တုန်ခနဲဖြစ်သွားပြီး ထန်ချင်ဝင်း လှမ်းပေးသည့် သံသေတ္တာကို ကယောင်ကတမ်းဖြင့် လှမ်းယူလိုက်လေ၏။

ကျိုးယွင်ကန်သည် သံသေတ္တာကို စားပွဲပေါ် တင်လိုက်၏။

ထို့နောက် အသေအချာ လေ့လာသည်။

လူအားလုံး၏မျက်လုံးများသည် ကျိုးယွင်ကန်၏ အပြုအမူကို မမှိတ်မသုန် စောင့်ကြည့်နေကြ၏။

---

www.burmeseclassic.com

www.burmeseclassic.com



ကျိုးပွင့်ကန် ဘာလုပ်မလဲ။

ကျိုးပွင့်ကန်သည် ချောင်းပွင့်ချို လုပ်သလို အဖုံးကို ဆွဲဖွင့်ကြည့်သည် မရှိ။

ထောင့်လေးထောင့်ကို ဖိနှိပ်ကြည့်သည်။

မပွင့်။

အတန်ကြာ နေရာအနှံ့အပြား လျှောက်နှိပ်ကြည့်သည်။

သံသေတ္တာကား မည်သို့မျှ ထူးခြားမလာ။

ကျိုးပွင့်ကန်သည် သူ့အား မျက်တောင်မခတ်ဘဲ ဂရုစိုက်ကြည့်နေသူများကို တစ်ချက်မျှ စောင်းငဲ့ကြည့်လိုက်ပြီးနောက် သံသေတ္တာ၏ အောက်ဘက် အလယ်ဗဟိုသို့ လက်မဖြင့် နှိပ်ချလိုက်သည်။

''ဖျောက်''

သံသေတ္တာ၏အဖုံးသည် မြည်သံနှင့်အတူ ပွင့်သွားလေတော့သည်။

ပွမ်စစ်ကျုံး၊ ယင်ကြည်နှင့် ချောင်းပွင့်ချိုတို့သည် မကျေနပ်သော မျက်လုံးများဖြင့် ကျိုးပွင့်ကန်ကို မျက်စောင်းထိုး ကြည့်လိုက်၏။

''ဒီကောင် သံသေတ္တာအကြောင်း ဘာ့ကြောင့် ဒီလောက်တောင် သိနေရတာလဲ''

ထိုအတွေးသည် ပွမ်စစ်ကျုံး၊ ယင်ကြည်နှင့် ချောင်းပွင့်ချိုတို့၏ ဦးခေါင်းထဲ၌ ပြိုင်တူထွက်ပေါ်လာသည်။



သံသေတ္တာထဲ၌ ဓားတစ်လက် ရှိနေသည်။

ဓားချည်းသက်သက် ရှိနေသည် မဟုတ်ပါ။

သူ့ဓားအိမ်နှင့်သူ အပြည့်အစုံ ရှိနေခြင်းဖြစ်ပါသည်။

ဓားကို ကတ္တီပါစပေါ်၌ သေသပ်စွာ တင်ထားခြင်းဖြစ်သည်။

ထိုကတ္တီပါစများသည် အမှန်တကယ်အားဖြင့် ဆွေးမြေ့နေချေပြီ။

သို့သော် အထိအကိုင် မရှိသဖြင့် ပုံပန်းမပျက်ဘဲ ရှိနေသည်။

သိုင်းသမားအားလုံး စုပြုံ၍ ရှေ့တိုးလာကြ၏။

သူတို့အဖို့ ဤဓားသည် အံ့ဖွယ်ပစ္စည်းတစ်ရပ်ဖြစ်နေသည်။

မမြင်လိုက်ရလျှင် လူဖြစ်ရှုံးသွားမည်ဟု အထင်ရှိနေကြ၏။

အခွင့်အခါသင့်လျှင် ဓားကို အပိုင်ယူမည် ဟူသော စိတ်ကလည်း ရှိနေကြသေးသည်။

မျက်ခုံးဖြူပေါင်စုက သူ၏ရှည်လျားသော လက်ညှိုးကြီးဖြင့် ဓားအိမ်ပေါ်သို့ လက်ညှိုးထိုးပြ၏။

''ဟော့.....အားလုံးကြည့်စမ်း။ ဓားအိမ်ပေါ်မှာ စာတွေရှိတယ်''

စာလုံးများကား သေးငယ်လှသည်။

ဤစာလုံးများကို တော်ရုံတန်ရုံမျက်စိဖြင့် ဖတ်နိုင်မည် မဟုတ်ပေ။

သို့သော် သိုင်းပညာကောင်းလှသော မျက်ခုံးဖြူပေါင်စုသည်

www.burmeseclassic.com

www.burmeseclassic.com



ထိုစာများကို ဖတ်နိုင်စွမ်း ရှိနေလေ၏။

"အပြစ်မဲ့သူတစ်ဦး အသတ်ခံရလျှင် ငါ့ဖခင် အသတ်ခံရသလို မိန်းကလေးတစ်ယောက် မုဒိမ်းအကျင့်ခံရလျှင် ငါ့မိခင် အကျင့်ခံရသလို ငါ မှတ်ယူသည်၊ လောက သိစေ"

စာမှာ ရှင်းသည်။

ပြတ်သည်။

အဓိပ္ပာယ် ရှုပ်နေခြင်း၊ မြုပ်နေခြင်း၊ တိမ်နေခြင်း လုံးဝမရှိပေ။

လုံးဝ ကဗျာမဆန်ပေ။

အရိုးဆုံး အရှင်းဆုံး စကားပြေဖြင့် ရေးသားထား၏။

မကောင်းမှုကို လုံးဝ မနှစ်မြို့သည့် သစ္စာရှင်တစ်ယောက်၏ လောကကို ကြေငြာစာတမ်း ဖြစ်နေသည်။

အဓိပ္ပာယ်ရှင်းလင်းလွန်းသဖြင့် ကြားလိုက်ရသူတိုင်း ကြက်သီး ထသွားကြသည်။

မျက်ခုံးဖြူပေါင်စုက စာသားကို ရွတ်ပြပြီးနောက် သိုင်းသမား များအား ပြုံး၍ မေးလိုက်၏။

"ဒီစာသားရဲ့ အတိတ်သမိုင်းကြောင်းကို ခင်ဗျားတို့ထဲက ဘယ်သူ သိကြသလဲ"

သိုင်းသမားများသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေမိကြ၏။



သူတို့ မသိကြပါ။

မသိကြောင်း ဝန်မခံလိုသဖြင့် ငြိမ်နေကြသည်။

နှုတ်သွက်သော ချောင်ပွင့်ချီက ငြိမ်သက်တိတ်ဆိတ်ခြင်းကို ဖြိုခွဲလိုက်သည်။

"မသိပါဘူး ကိုယ်တော်ကြီး၊ တကယ်လို့ ကိုယ်တော်ကြီးသိရင် ကျွန်တော်တို့ ဒီအကြောင်းတွေကို ကြားနာပါရစေခင်ဗျား"

မျက်ခုံးဖြူပေါင်စု ကျေနပ်သွား၏။

သည်အကြောင်းကို သူ ပြောချင်သည်။

တောင်းပန်မည့်သူ မရှိဘဲ ပြောလျှင် သူ့စကားက တန်ဖိုးရှိမည် မဟုတ်ပေ။

"ကောင်းပြီ၊ ကျုပ် ပြောပြမယ်"

သူ့စကားကြောင့် အားလုံး နားစွင့်လိုက်ကြသည်။

သည်အကြောင်းကို သူတို့အားလုံး စိတ်ဝင်စားကြသည်။

စကား တစ်လုံး တစ်ပါဒမျှ လွတ်မသွားစေလိုပေ။

www.burmeseclassic.com



## အခန်း (၈)
## မိုးပျံမြေခွေး

မျက်ခုံးဖြူပေါင်စုက ချောင်းတစ်ချက်ဟန့်ရင်း.....

"ဒီစာသားဟာ ကောရာဇ် လီချွမ့်ဝှမ်ကိုယ်တိုင် ရေးသားခဲ့တဲ့ စာသားပဲ ဖြစ်တယ်"

ကြားနာနေကြသည့် သိုင်းသမားအားလုံး 'ဟယ်'ခနဲ ဖြစ်ကုန်ကြသည်။

"ကောရာဇ် လီချွမ့်ဝှမ်ဟာ ဟောဒီဓားကိုကိုင်ပြီး မိုင်ပေါင်းငါးရာပတ်လည်ကို စစ်သည်ဆယ်သိန်းနဲ့ ချီတက်တိုက်ခိုက်အောင်မြင်ခဲ့တယ်"

သိုင်းသမားများ အံ့ဩမည်ဆိုက အံ့ဩလောက်ပါသည်။

———— ————



အဘယ့်ကြောင့်ဆိုသော် ကောရာဇ် လီချွမ့်ဝှမ်နတ်ရွာစံခဲ့ပြီးသည်မှာ နှစ်ပေါင်းတစ်ရာကျော်ခဲ့လေပြီ။

သို့သော် ကောရာဇ် လီချွမ့်ဝှမ်၏အမည်သည် ယခုထက်တိုင် သိုင်းလောကသားတို့၏ အသည်းနှလုံးထဲ၌ စွဲနေဆဲဖြစ်သည်။

မျက်ခုံးဖြူပေါင်စုသည် အံ့ဩနေသည့် သိုင်းသမားများ၏ မျက်နှာများကို တစ်ချက်ဝေ့ကြည့်ပြီး လှမ်းမေးလိုက်၏။

"ဘာလဲ၊ ခင်ဗျားတို့က မယုံကြဘူးလား"

သူသည် သံသေတ္တာထဲမှ ဓားကို လှမ်းယူလိုက်ပြီး ကြေငြာစာတမ်း မရှိသည့် ဓားအိမ်တစ်ဘက်ကို လှန်ပြလိုက်သည်။

"ဟောဒီမှာ ကြည့်ကြ"

ဓားအိမ်တစ်ဘက်၌ လီချွမ့်ဝှမ်ဟု ကမ္ပည်းထိုးထားသည်။

သိုင်းသမားများ၏ အံ့ဩမှုမှာ အထွတ်အထိပ်သို့ ရောက်သွားကြသည်။

မျက်ခုံးဖြူပေါင်စုတည်းဟူသော တရုတ်ဘုန်းကြီးအိုကိုလည်း အလွန်တရာ လေးစားသွား၏။

"ဒီတရုတ်ဘုန်းကြီးအိုကြီးဟာ ရှေ့မိနောက်မီ ပုဂ္ဂိုလ်ကြီးပဲ"

လူအားလုံး ထိုအတွေးကို တွေးကြသည်။

မျက်ခုံးဖြူပေါင်စုက သူ့စကားကို ဆက်ပြော၏။

"ကောရာဇ် လီချွမ့်ဝှမ်ရဲ့ နာမည်ရင်းကတော့ လီကျစ်စိန်ဘဲ့

———— ————

www.burmeseclassic.com

www.burmeseclassic.com



ပထမပိုင်းမှာ လီကျစ်စိန်ဆိုတဲ့ နာမည်ရင်းနဲ့ တိုက်ခိုက်ခဲ့တာပဲ၊ အဲဒီအချိန်က အရေးကြီးတဲ့ စစ်စခန်းကြီး ကိုးဆယ့်ရှစ်ခု ရှိခဲ့တယ်၊ ဒီအထဲက စခန်းနှစ်ဆယ့်လေးခုဟာ အလိုလိုပဲ လီကျစ်စိန်ရဲ့လက်အောက်ကို ဝင်လာတယ်၊ သစ္စာ ခံလာတယ်၊ လီကျစ်စိန်ကို ကေရာဇ် လီချွမ့်ဝှမ်လို့ ဘွဲ့ပေးပြီး ကေရာဇ်အဖြစ် တင်မြှောက်ကြတယ်''

''ကေရာဇ်လီချွမ့်ဝှမ်ဟာ နောက်လိုက်အင်အားတွေစုပြီး တဖြည်းဖြည်း တိုက်လာလိုက်တာ ဆယ်နှစ်ကျော် ကြာမြင့်လာခဲ့တယ်၊ ဆယ်နှစ်ဟာ သူ့ရဲ့ပန်းတိုင်လို့ ပြောနိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်မှာ ပီကင်းမြို့တော်ကို အောင်ပွဲခံနိုင်ခဲ့လို့ပဲ၊ သူဟာ 'တာ့ရွှန် နိုင်ငံတော်'ကို တည်ထောင်နိုင်ခဲ့တယ်''

သိုင်းသမားများသည် မျက်တောင်ပင် မခတ်နိုင်ကြဘဲ မျက်ခုံးဖြူပေါင်စုကို ငေးမောကြည့်နေမိကြသည်။

ငြိမ်သက်တိတ်ဆိတ်သော ခန်းမကြီးထဲ၌ မျက်ခုံးဖြူပေါင်စု၏အသံကသာ အသံပြဓာ အပြည့်အဝဖြင့် ဆက်လက်လွှမ်းမိုးနေ၏။

''လီချွမ့်ဝှမ်ကို အရှုံးပေးသွားတဲ့ ကေရာဇ်ကတော့ ကေရာဇ်ကြီး ကျုံးကျင်းပဲ၊ နန်းစွန့်ကေရာဇ်ကြီး ကျုံးကျင်းဟာ သူ့လည်ပင်းသူ ကြိုးကွင်းစွပ်ပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားတယ်''

မျက်ခုံးဖြူပေါင်စုသည် ထိုစကားဆုံးသောအခါ သက်ပြင်းရှည်ကြီး ချလိုက်သည်။

———— ————



''ဟင်း .....တကယ်လို့ ဟိုပြည်တွင်းသစ္စာဖောက် ဝူစန်းကွေ့ကသာ နယ်ခြားမှန်ချုပ်တွေကို ဖိတ်ခေါ်မလာခဲ့ဘူးဆိုရင် တရုတ်ပြည်ကြီးကို ကေရာဇ်လီချွမ့်ဝှမ်ဟာ ငြိမ်းချမ်းသာယာစွာ အုပ်စိုးနိုင်မှာ သေချာပါတယ်''

ချောင်ပွင်ချီက တောက်တစ်ချက်ခေါက်လိုက်ပြီး.....

''ဟင်း.....ပြည်တွင်းသစ္စာဖောက်တွေဟာ ဟိုတုန်းကတည်းက ရှိခဲ့တာပါပဲလား''

မျက်ခုံးဖြူပေါင်စုက လေးနက်စွာ ပြောသည်။

''သဖန်းသီးကို ဖျက်ဆီးတာ သဖန်းသီးထဲက ပိုးပဲ၊ ဘယ်နိုင်ငံမဆို၊ ဘယ်အသင်းအဖွဲ့မဆို ညီညွတ်နေရင် ဘယ်လိုရန်သူကိုမှ မကြောက်ဘူး။ ရင်ဆိုင်နိုင်တယ်၊ နေရာဒွာနကို အမိုပြုပြီး၊ အင်အားကြီးမားတဲ့ရန်သူကို အနိုင်ယူနိုင်တယ်၊ ပိကျောင်းဟာ အကောင်ငယ်ပေမဲ့ ရေထဲကျရင် ဆင်တစ်ကောင်လုံးကို ရေထဲဆွဲချိနှစ်မြှုပ်နိုင်တယ်။ အဲ.....ကိုယ့်အတွင်းက သစ္စာဖောက်ပြီဆိုရင်တော့ အဲဒီနိုင်ငံ၊ အဲဒီအသင်းအဖွဲ့ဟာ တစ်ခဏလေးနဲ့ ပျက်စီးပြီသာ မှတ်ပေတော့၊ 'ဝူစန်းကွေ့၊ ဝူစန်းကွေ့၊ တကဲ့ကို ဆိုးယုတ်တဲ့ သစ္စာဖောက်ပါပဲ၊ ကိုယ့်တိုင်းပြည်ကို ရောင်းစားတဲ့လူပေါ့''

နားထောင်နေကြသည့် သိုင်းသမားများသည် သူတို့ကိုယ်တိုင် လူကောင်းများ မဟုတ်ကြသည့်တိုင် တိုင်းပြည်ကို သစ္စာဖောက်သည့်

———— ————

www.burmeseclassic.com

www.burmeseclassic.com



ဝူစန်းကွေ့ကိုတော့ နာကျည်းမုန်းတီးမိကြသည်။

ထိုစဉ် မျက်ခုံးဖြူပေါင်စုက ဆက်၍ပြောပြလေ၏။

"ရှေးရှေးပဝေဏီအသီကာစပြီး လီချွမ့်ဝှမ်လက်ထက်မတိုင်မီအထိ သူ့ရဲ့ကောင်းသိုင်းသမားတွေ ပေါ်ပေါက်ခဲ့တယ်၊ ဆိုးယုတ်တဲ့ ကေရာဇ်တွေ တိုင်းသူပြည်သားတွေကို မတရား နှိပ်စက်ညှင်းပန်းတဲ့ ဘုရင်တွေ၊ နိုင်ငံခြားသား နယ်ချဲ့မှုန်ကိုတွေကို တော်လှန်ဖြုတ်ချခဲ့တယ်၊ တော်လှန်ခဲ့ကြဖူးတယ်။ ဒါပေမဲ့ သူတို့ဟာ လီကျစ်စိန်လောက်တော့ မအောင်မြင်ခဲ့ဘူး၊ လီကျစ်စိန်လို ကေရာဇ်ဘွဲ့ မခံနိုင်ခဲ့ကြဘူး၊ ဒါပေမဲ့"

မျက်ခုံးဖြူပေါင်စုသည် စိတ်ပျက်လက်ပျက် သက်ပြင်းရှည်ကြီး ချလိုက်သည်။

"ဒါပေမဲ့"

ဟူသောစကားအရလည်းကောင်း၊ သက်ပြင်းချသံကြီးကြောင့်လည်းကောင်း သူတို့ ရှေ့ဆက်ကြားရမည့်သတင်းသည် ကေရာဇ်လီချွမ့်ဝှမ်၏ သတင်းကောင်း မဟုတ်ကြောင်း ရိပ်မိလိုက်ကြသည်။

"ဒါပေမဲ့ သူဟာ ကံခေရှာတယ်၊ ကေရာဇ်အဖြစ် တစ်လကျော်ပဲ ခံနေလိုက်ရတယ်၊ ပီကင်းမြို့တော်ကို နယ်ချဲ့ မန်ချူးတွေ လာတိုက်တော့တာပဲ"

ချောင်ယွင်နှီက ဖြတ်၍ မေးလိုက်သည်။

"ဟိုသစ္စာဖောက် ဝူစိန်ကွေ့ စိတ်ခေါ်လာတယ် ဆိုပါတော့"

---



မျက်ခုံးဖြူပေါင်စုက ခေါင်းညိတ်သည်။

"ဒါပဲပေါ့၊ ဒီသစ္စာဖောက်သာ ခေါ်မလာရင် ဒီမန်ချူးတွေ ဘယ်ပီကင်းအထိ ရောက်လာနိုင်မလဲ"

တစ်ချိန်လုံး ငြိမ်သက်နေသည့် ယွမ်စစ်ကျူးကလည်း ဝင်မေးသည်။

"ကေရာဇ် လီချွမ့်ဝှမ်က ပြန်မခုခံဘူးလား"

မျက်ခုံးဖြူပေါင်စုက ခြောက်ကပ်စွာ ရယ်မောလိုက်၏။

အသက်မပါသော ရယ်သံကြီးက ကေရာဇ်လီချွမ့်ဝှမ်၏ ဇာတ်သိမ်းမကောင်းပုံကို ကြိုတင်နိမိတ်ပြနေခြင်းသာဖြစ်သည်။

"သူဟာ သူ့ရဲကောင်း ကေရာဇ်ပဲ၊ တရုတ်တစ်ပြည်လုံးကို စည်းလုံးညီညွတ်အောင် မလုပ်နိုင်ခင်မှာ မန်ချူးတွေ ရောက်လာတော့ အပြန်ဆုံး ခုခံရတော့တာပေါ့၊ သူကိုယ်တိုင် ဓားဆွဲပြီး ခုခံတယ်၊ ဒါပေမဲ့ သူ အရေးနိမ့်ခဲ့တယ်၊ သစ္စာဖောက် ဝူစိန်ကွေ့ဟာ ဌာနေ တိုင်းသား ဖြစ်နေတော့ ပီကင်းမြို့တော်ရဲ့ ပျောက်ကွက်ဟာကွက်တွေကို သိနေတယ်၊ နောက်ဆုံး လီချွမ့်ဝှမ်ဟာ အမနောက်ရှူးရှူးကို ထွက်ပြေး သွားခဲ့ရတယ်၊ အဲဒီအချိန်ကစပြီး တရုတ်ပြည်ကြီးဟာ နယ်ချဲ့ မန်ချူး တွေရဲ့ ဖိနပ်အောက် ကျရောက်သွားခဲ့ရတော့တာပဲ"

ယခုနားထောင်နေသည့် သိုင်းသမားများထဲ၌ မျက်ခုံးဖြူပေါင်စု ၏စကားကို နားဝင်ချိုချို နားမထောင်နိုင်သူတစ်ဦး ပါဝင်နေ၏။

---

www.burmeseclassic.com

www.burmeseclassic.com



သူသည် လိုယွမ်ဟိုတည်း။

သူသည် မန်ချူးကောရာဇ်၏ကိုယ်ရံတော်တပ်မှ တပ်မှူးတစ်ဦး ဖြစ်နေသည် မဟုတ်ပါလော။

သူ၏စိတ်ထဲက ပြောနေမိ၏။

"ဒီတရုတ်တုန်းကြီးဟာ လူအများစု လက်မခံနိုင်တဲ့ လုပ်ကြံပြောခဲ့ကြတဲ့ သမိုင်းမှားကြီးကို ပြန်ပြီး ပြန့်ဖြူးနေတာပဲ"

ထိုစဉ် ချောင်ယွင်ချီက ထ၍ မေးမြန်းသည်။

"ကိုယ်တော်ကြီး ကောရာဇ်လီချွမ့်ဝှမ်ဟာ သစ္စာဖောက် ဝူစိန့်ကွေ့နဲ့ တစ်ခါမှ ရင်မဆိုင်ခဲ့ဘူးလား"

မျက်ခုံးဖြူပေါင်စုသည် ခေါင်းကြီးကို ငါးလက်မခန့် ထုတ်ကြည့်လိုက်၏။

ထို့နောက် ဖျောင်းခနဲ ပြန်သွင်းလိုက်၏။

"ရင်ဆိုင်တွေ့တာပေါ့၊ ဒါပေမဲ့ ဝူစိန့်ကွေ့ဆိုတဲ့ သစ္စာဖောက်က တစ်ယောက်ချင်း ဘယ်ယှဉ်နိုင်လိမ့်မလဲ၊ လီချွမ့်ဝှမ်ကောရာဇ်ကြီးဟာ သိုင်းပညာ အင်မတန်ကောင်းဆိုပဲ"

ချောင်ယွင်ချီက.....

"သိုင်းပညာ ဒီလောက်ကောင်းရဲ့သားနဲ့ အရှုံးပေးပြီး ထွက်ပြေးရသလား"

မျက်ခုံးဖြူပေါင်စုက မကျေနပ်သောလေသံဖြင့် ပြန်ပြောတော့





သည်။

"ဟ.....ဟိုကောင်က သစ္စာဖောက်ပဲ၊ ဒီလို တစ်ယောက်ချင်း ဘယ်တိုက်ဝံ့မလဲ၊ အုံနဲ့သင်းနဲ့ အကောက်ကြံတော့ ကောရာဇ် လီချွမ့်ဝှမ်ခမျာ မြားထိသွားရရှာတယ်၊ သူ့တပ်တွေကိုလဲ နောက်ဆုတ်ဖို့ အမိန့်ပေးရတော့တယ်၊ နယ်ချဲ့မန်ချူးတွေဟာ ပြည်တွင်းသစ္စာဖောက် တစ်ယောက်ကို လက်ကိုင် ရထားရုံတင်မကဘူး၊ အင်အားကလဲ အင်မတန် တောင့်တင်းနေတယ်၊ ဒါကြောင့်မို့ ကောရာဇ်လီချွမ့်ဝှမ် ဆုတ်ပေးရတာပေါ့"

မျက်ခုံးဖြူပေါင်စုက စိတ်ထိခိုက်သောလေသံဖြင့် ဖြည်းဖြည်းချင်း ဆက်ပြောနေသည်။

ကောရာဇ်လီချွမ့်ဝှမ်ဟာ ဝူချန်းမြို့ရောက်တဲ့အထိ ဆုတ်ပြေးရတယ်၊ မြားထိမှန်ထားတဲ့ ကောရာဇ်လီချွမ့်ဝှမ်ဟာ ဆုတ်ပြေးရင်းက 'ကျို့ကုန်းတောင်'မှာ ဝန်းရံပိတ်ဆို့ခံလိုက်ရတယ်"

ချောင်ယွင်ချီက.....

"မန်ချူးတွေက ဝိုင်းပိတ်ကြတာပေါ့၊ ဟုတ်လား"

မျက်လုံးဖြူပေါင်စုက ခေါင်းညိတ်ပြ၏။

"ဒါပေါ့၊ နယ်ချဲ့ဆိုတဲ့ကောင်တွေဟာ ဘယ်မှာကောင်းခဲ့လို့လဲကွာ၊ မျိုးချစ်သူရဲကောင်းတွေ များများသတ်ပစ်နိုင်မှ သူတို့ရဲ့ နန်းသက် ရှည်ကြာမှာ မဟုတ်လား၊ ဒီတော့ ကောရာဇ်လီချွမ့်ဝှမ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အလောင်းကို မရမချင်း သူတို့ ဘယ်ကျေနပ်လိမ့်မလဲ''

မျက်ခုံးဖြူပေါင်စုက.....

''တကယ်တော့ မန်ချူးတွေချည်းပဲဆိုရင် ကေရာဇ် လီချွမ့်ဝှမ်ကို သူတို့ ဒီလို မပိုင်းနိုင်ပါဘူး။ ဟိုသစ္စာဖောက် ဝူစိန်ကွေ့ ပါနေလို့ပါ။ အသားဝါဝဲက လောက်ထွက်တယ်ဆိုတာ ဒါမျိုးပါပဲ''

မြောင်ယိုလန်သည် သံသေတ္တာထဲမှ ဓားကြီးကို ငေးကြည့်ရင်း ကေရာဇ်လီချွမ့်ဝှမ်ကို မြင်ယောင်မိလာသည်။

စင်စစ် သူ မြင်ယောင်လာသည့်ရုပ်သွင်မှာ ကေရာဇ်လီချွမ့်ဝှမ်၏ ရုပ်သွင်ဖြစ်ချင်မှ ဖြစ်မည်။

သို့သော် ကြည်ညိုလေးစားစိတ်ဖြင့် တွေးတောလိုက်သဖြင့် သူ၏အတွေးအတွင်း၌ ကေရာဇ်လီချွမ့်ဝှမ်၏ရုပ်ပုံလွှာမှာ အလွန်တရာ ခံ့ညားနေပေသည်။

ထို့ပြင် ကေရာဇ်အဖြစ် ရရှိရန် ဆယ်နှစ်ကျော်မျှ ကြိုးစားလာခဲ့သော်လည်း တကယ့်ကေရာဇ်အဖြစ် တစ်လကျော်ကျော် စိုးစံသွားရခြင်းအတွက် စိတ်ထိခိုက်ကြေကွဲမိတော့သည်။

မျက်ခုံးဖြူပေါင်စုက သူ့စကားကို ဆက်ပြန်သည်။

''ကေရာဇ်လီချွမ့်ဝှမ် ဆယ်နှစ်ကျော်ကျော် အချိန်အတွင်းမှာ တရုတ်ပြည်ရဲ့ မိုင်ငါးရာဒေသကို ဘာကြောင့် အောင်မြင်ခဲ့ရသလဲ၊ ဒီအချက်ကို ဆန်းစစ်ကြည့်ရင် ကေရာဇ်လီချွမ့်ဝှမ် တော်တဲ့အချက်အပြင်



တခြားအချက်တစ်ချက်ကိုလဲ တွေ့ကြရတယ်၊ အဲဒါကတော့ ကေရာဇ်လီချွမ့်ဝှမ်ရဲ့ ကိုယ်ရံတော်ကြီးလေးဦးပါပဲ၊ သူတို့ဟာ သိုင်းပညာ ထူးချွန်သလောက် ကေရာဇ်ကြီးအပေါ်မှာလဲ သိပ်သစ္စာ ရှိကြတယ်၊ သူတို့ရဲ့ မျိုးဆက်နာမည်တွေက ဟူ၊ မြောင်၊ ဖန့် နဲ့ ထန် ဆိုတာပဲ''

အဘိုးအိုယင်ကြည်နှင့် ထန်ချင်ဝင်းတို့သည် ပါးနပ်လွန်းသူများဖြစ်၍ နောက်ပိုင်း၌ အရေးပါလာမည့်သူများမှာ ဤကိုယ်ရံတော်ကြီးလေးဦးသာ ဖြစ်ကြောင်း ရိပ်မိလိုက်ကြ၏။

ပေါင်စုသည် စကားကို တစ်ရစ်ချင်း ပြောသွား၏။

ပထမအရစ်၌ ကေရာဇ်လီချွမ့်ဝှမ်အကြောင်း။ ဒုတိယအရစ်၌ ကိုယ်ရံတော်ကြီးလေးဦးအကြောင်း။

ယခု ကိုယ်ရံတော်ကြီးလေးဦး၏ဇာတ်လမ်းသည် စတင်သန္ဓေပျိုးလာပေပြီ။

ထန်ချင်ဝင်းသည် မြောင်ယိုလန်ကို လှမ်းကြည့်မိ၏။

မြောင်ယိုလန် မည်သည့်အရာများကို စိတ်ဝင်စားနေသနည်း ဟု သိချင်သည်။

သူမ တွေ့လိုက်ရသည်မှာ မြောင်ယိုလန်သည် ပေါင်စုစကားကို သိပ်စိတ်ဝင်စားပုံလည်း မပြ၊ စိတ်မဝင်စားပုံလဲ မပြဘဲ မီးညှပ်တစ်ခုကိုကိုင်လျက် မီးကျီးခဲများကို ဖြန့်ပေးနေကြောင်း တွေ့ရသည်။

တလျှံလျှံရဲနေသော မီးကျီးခဲများကို ကြည့်နေသဖြင့် သူမ၏

www.burmeseclassic.com

www.burmeseclassic.com



နုနယ်ဖြူဖွေးသော မျက်နှာသည်လည်း နီမြန်းနေသည်။

မျက်ခုံးဖြူပေါင်စုသည် လိုယွမ်ဟို့ကို တစ်ချက်မျှ အကဲခတ်လိုက်ပြီး သူ့စကားကို ဆက်ပြန်သည်။

"အဲဒီ ကိုယ်ရံတော်ကြီးလေးဦးဟာ ကေရာဇ် လီရှူမ့်ဝှမ် နောက်ကို အမြဲတစေ ကပ်လိုက်နေကြတယ်၊ ကေရာဇ်ကြီးရဲ့ အရိပ်တွေဆိုရင် မှားမှာမဟုတ်ပါဘူး။ သူတို့ဟာ ကေရာဇ်လီရှူမ့်ဝှမ် ကြုံတွေ့ရတဲ့ အခက်အခဲပေါင်းစုံကို ကေရာဇ်ကြီးနဲ့အတူ ရင်ဆိုင်တယ်၊ ကေရာဇ်ကြီး ကြုံတွေ့ရတဲ့ ဘေးအန္တရာယ်တွေကို သူတို့ရဲ့အသက်ကို မငဲ့ကွက်ဘဲ အကာအကွယ်ပေးကြတယ်၊ ကေရာဇ်ကြီး မြားမှန်ခဲ့ရတာကတော့ ကံတရားပဲ၊ ကိုယ်ရံတော်ကြီးလေးယောက် သက်စွန့်ဆံဖျား ကာကွယ်နေတဲ့ကြားထဲက ဖြစ်သွားရတာမို့ ကိုယ်ရံတော်ကြီးလေးဦးကို အပြစ်တင်လို့မရပါဘူး။ ဒါကြောင့်မို့ ကြမ္မာငင်လာရင် ယူဇနာတစ်ရာက အစကို မြင်နိုင်တဲ့ လင်းတတစ်ကောင်ဟာ သူ့အနီး ကပ်နေတဲ့ ကျော့ကွင်းကို မမြင်ဖူးလို့ စကားပုံ ရှိခဲ့တာပဲ"

မျက်ခုံးဖြူပေါင်စုသည် စကားကို ရှည်လျားစွာ ပြောလာရသဖြင့် မောသွားဟန်တူသည်။

အနီးရှိ ကရားထဲမှ လက်ဖက်ရည်ကြမ်းကရားကို ငှဲ့သောက်လိုက်သည်။

"ကေရာဇ်ကြီးရဲ့ ကိုယ်ရံတော်ကြီးလေးယောက်ထဲမှာ



မျိုးဆက်နာမည် 'ဟူ' ရှိတဲ့လူဟာ သိုင်းပညာ အတော်ဆုံးပဲ၊ အဲဒီ ဟူမျိုးနိုးဟာ သိုင်းပညာမှာ တစ်ဘက်ကမ်းခတ်ခဲ့တယ်၊ သူဟာ သိုင်းပညာ ထက်မြက်ရုံတင်မကဘူး။ စိတ်ကူးဉာဏ်လဲ အင်မတန် ကောင်းတယ်၊ ဒါကြောင့်မို့ ကေရာဇ်လီရှူမ့်ဝှမ်ဟာ သူ့ကို နာမည်တစ်ခု ပေးခဲ့တယ်၊ ချီးကျူးဂုဏ်ပြုတဲ့အနေနဲ့ ပေးခဲ့တာပါ၊ 'ပေးထန်းဟူလီ'တဲ့၊ အဓိပ္ပာယ်ကတော့ 'မိုးပျံမြေခွေး' ဆိုပါတော့"

နားထောင်သူအားလုံး 'ဩော်' ဟူ၍ အာမေဋိတ်သံဖြင့် ရေရွတ်မိကြသည်။

မျက်ခုံးဖြူပေါင်စုကမူ သူ့စကားကိုသာ ဆက်ပြောသည်။

"ကေရာဇ်လီရှူမ့်ဝှမ်ဟာ ကျိုးကုန်းတောင်ထိပ်မှာ မန်ချူးတွေရဲ့ အဝိုင်းကို ခံခဲ့ရတယ်လို့ ကျုပ်ပြောခဲ့တယ်၊ သူဟာ မြားထိမိခဲ့ရပေမယ့် မသေပါဘူး။ ကေရာဇ်ကြီးဟာ တစ်ခြားနယ်မြေက စစ်ကူအင်အား ရဖို့ တမန်တွေ စေလွှတ်ခဲ့တယ်၊ ဒါပေမယ့် အဲဒီ တမန်တွေအားလုံးကို မန်ချူးတွေ ဖမ်းမိပြီး အကုန်သတ်ပစ်ခဲ့တယ်"

နားထောင်နေသူ သိုင်းသမားများသည် အားလုံး စုတ်သပ်ကုန်၏။

မျိုးချစ်တမန်များအတွက်လည်း ရင်ထုမနာ ဖြစ်ကြရသည်။

မျက်ခုံးဖြူပေါင်စု၏အသံက ဆက်၍ ပေါ်ထွက်လာသည်။

"ကေရာဇ်ကြီးဟာ ပထမ စေလွှတ်တဲ့တမန်တွေ အသတ်ခံ

www.burmeseclassic.com

www.burmeseclassic.com



သွားရတာ သိတော့ နောက်ပိုင်း ဘယ်သူ့ကိုမှ မလွှတ်တော့ဘူး။ သူ့နောက်လိုက်တွေ အချည်းအနှီး မသေစေချင်တဲ့ သဘောပါပဲ"

ချောင်ယွင်ချီက.....

"ဒါနဲ့ ကောရာဇ်ကြီးဟာ ကျိုကုန်းတောင်ပေါ်မှာပဲ နတ်ရွာစံသွားရောလား"

မျက်ခုံးဖြူက ခေါင်းခါ၏။

"သူ နတ်ရွာမစံခင်မှာ သူ့ရဲ့ ကိုယ်ရံတော်ကြီးသုံးယောက်ဖြစ်တဲ့ မြှောင်၊ ဖန့် နဲ့ ထန်တို့က မန်ချူးတွေကို ထိုးဖောက်ထွက်ခွင့်၊ တရုတ်ပြည်ရဲ့ တစ်ခြားမျိုးချစ်အင်အားတွေကို စုစည်းခွင့်တောင်းတယ်၊ ကောရာဇ်ကြီးဟာ သူ့ကိုယ်ရံတော်တွေကို မလွှတ်ချင်ပါဘူး။ ဒါပေမယ့် အတင်းအကျပ် တောင်းပန်လွန်းလို့ ခွင့်ပြုလိုက်ရရှာတယ်၊ ဒီကိုယ်ရံတော်ကြီးသုံးယောက်ဟာလဲ အံ့ဩစရာကောင်းလောက်အောင် မန်ချူးတွေကို ထိုးဖောက် ထွက်သွားနိုင်ကြတယ်၊ သူတို့ဟာ တကယ့်ကို သိုင်းပညာထက်မြက်တဲ့ပုဂ္ဂိုလ်ကြီးတွေပါပဲ"

မျက်ခုံးဖြူပေါင်စုသည် ထိုစကားဆုံးသောအခါ ဟင်းခနဲ သက်ပြင်းချလိုက်မိသည်။

"ကိုယ်ရံတော်ကြီးသုံးဦးဟာ ညပိုင်းမှာ မန်ချူးတွေကို ထိုးဖောက်ထွက်တယ်၊ မနက်ပိုင်းလဲကျရော ကောရာဇ်ရဲ့ သတင်းဆိုးကို ကြားရတာပဲ၊ ကောရာဇ်လီချွမ့်ဝှမ် လုပ်ကြံခံရပြီး နတ်ရွာစံသွားပြီတဲ့"

---



ခန်းမထဲရှိ လူအားလုံး 'ဟယ်'ခနဲ ဖြစ်သွားကြရလေ၏။

မျက်ခုံးဖြူပေါင်စုက ဆက်ပြောပြန်၏။

"မြှောင်၊ ဖန့် နဲ့ ထန်တို့ဆိုတဲ့ ကိုယ်ရံတော်ကြီးသုံးယောက်ဟာ အရင့်အမာ သိုင်းသမားကြီးတွေ ဖြစ်တယ်၊ တကယ့်တိုက်ပွဲဝင်သူရဲကောင်းကြီးတွေလဲ ဖြစ်တယ်၊ ဒါပေမယ့် ကောရာဇ်ကြီး လုပ်ကြံခံရပြီဆိုတဲ့ သတင်းကိုလဲကြားရော သုံးယောက်စလုံး ဖက်ငိုကြတော့တာပဲ"

သိုင်းသမားများသည် သူရဲကောင်း ကိုယ်ရံတော်ကြီး သုံးယောက် ဖက်ငိုကြသည်ကို သူတို့ အပြစ်မတင်ပါ၊

ယခု သူတို့ပင် ကြားရုံမျှဖြင့် မျက်ရည်ကျလုမတတ် ဝမ်းနည်းပြီကြရသည် မဟုတ်ပါလား။

"ဒီအထဲမှာ စိတ်ဓာတ်အပြင်းထန်ဆုံးဖြစ်တဲ့ မြှောင်ကိုယ်ရံတော်ကြီးဟာ သူ့လည်ပင်းသူ ဓားနဲ့လှီးသတ်ပြီး သတ်သေဖို့ ကြံစည်ခဲ့တယ်၊ ဒါပေမယ့် ဖန့်နဲ့ ထန်တို့က ရိုပ်မိပြီး တားဆီးနိုင်လိုက်လို့ မြှောင်ဟာ အသက်မသေခဲ့ပါဘူး"

နားထောင်နေသူများမှ 'ဟင်း'ခနဲ သက်ပြင်းချသံကို ပေါင်စု ကြားလိုက်ရသည်။

(စာစဉ်-၁) ပြီး၏။

(စာစဉ်-၂)ကို ဆက်လက်ဖတ်ရှုပါရန်

တက္ကသိုလ်နေလင်းအောင်

www.burmeseclassic.com